မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အတွဲ (၅၄) အမှတ် (၁၃၃)

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ အင်္ဂါနေ့။

ညီညွတ်ခြင်းမှသည် ငြိမ်းချမ်းခြင်းဆီသို့

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အကြို ဂုဏ်ပြုဆောင်းပါး စာမျက်နှာ-၆

နိုင်းယှဉ်ကြည့်စေချင်

သတင်းစာတွေကို ကျွန်တော်ပြောချင်တယ်။ သတင်းစာတွေဟာ ဒီအစိုးရလက်ထက်နဲ့ အရင်တုန်းက တခြားအစိုးရလက်ထက်နဲ့ သေသေချာချာ နိုင်းယှဉ်ကြည့်စေချင်တယ်။ ကျွန်တော်တို့ဟာ ဘယ်လိုအစိုးရဆိုတာလဲ ဘာမှ အထူးပြောနေစရာမလိုဘူး။ အဲဒီတော့ကာ ကျွန်တော်တို့ကို ထောက်ခံအားပေးနေတဲ့ သတင်းစာတွေလည်းအားပေးချင်ပေးကြ။ ဒီလိုမှမဟုတ်လို့ ကျွန်တော်တို့ကို ဝေဖန်ပြီးတော့ အတိုက်အခံလုပ်ချင်ကြတဲ့သတင်းစာတွေဆိုရင်လည်း သဘောအတိုင်းပဲ။ သို့ပေမယ့် အကြည်ညို တစ်ဦးနဲ့တစ်ဦးပျက်စေတဲ့စကားမျိုး၊ တိုင်းပြည်ဆူပူအောင် လှုပ်ရှားအောင် လှုံ့ဆော်တဲ့စကားမျိုး၊ ဖက်ဆစ်အစီအမံလို လုံးဝ တစ်ခါတည်း လိမ်လည်လှည့်ဖြားပြီးရေးသားတဲ့ အရေးအသားမျိုးဆိုရင် ကျွန်တော်တို့ သည်းခံမှာမဟုတ်ဘူးဆိုတာ တိတိလင်းလင်းပဲ သတိပေးပါရစေ။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ ပြောကြားခဲ့သော နှစ်သစ်ကူးမိန့်ခွန်းမှ ကောက်နုတ်ချက်)

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ဆန္ဒပြကျောင်းသား ကျောင်းသူများသိရှိနိုင်ရန် သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သတင်းထုတ်ပြန်ရေးအဖွဲ့

သတင်းထုတ်ပြန်ချက်(၄/၂၀၁၅)

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်

၁၃၇၆ ခု၊ တပို့တွဲလပြည့်ကျော် ၆ ရက်

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ဆန္ဒပြကျောင်းသား ကျောင်းသူများ သိရှိနိုင်ရန် သတင်းထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရသည် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး၊ ဆန္ဒပြကျောင်းသား ကျောင်းသူအစစ်အမှန်များ ဘေးအန္တရာယ်မဖြစ်စေရေးတို့အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ဆန္ဒပြကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှုမဆုံးရှုံးစေရန်အတွက် မိမိတို့ကျောင်းများသို့ပြန်၍ အေးချမ်းစွာ ပညာသင်ကြားကြရန်နှင့် ဆန္ဒပြရာတွင် လိုက်ပါသွားသည့် မိမိတို့သားငယ်သမီးငယ်များအား ပြန်လည်ခေါ်ယူကြပါရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် ၇-၂-၂၀၁၅ ရက်နေ့တွင် ကျောင်းသားမိဘများသို့ ပန်ကြားချက်ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

၃။ ကျောင်းသား ကျောင်းသူများ၏ စစ်မှန်သောလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ၎င်းတို့တောင်းဆိုသောအချက် (၁၁)ချက်ကို အခြေခံပြီးကျင်းပမည့် လေးပွင့်ဆိုင်ဆွေးနွေးမှုနှင့်စပ်လျဉ်း၍ အစိုးရ၊ လွှတ်တော်၊ ကျောင်းသားနှင့် NNER ကိုယ်စားလှယ်များ ပါဝင်သည့် ဒုတိယအကြိမ်အကြိုဆွေးနွေးပွဲကို ၉-၂-၂၀၁၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

၄။ လေးပွင့်ဆိုင်ဆွေးနွေးမှုမှရရှိသည့် သဘောတူညီချက်များအား ပညာရေးဝန်ကြီးဌာနမှ လွှတ်တော်သို့ ပြန်လည်တင်ပြမည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတွင် ထည့်သွင်းပေးသွားမည်ဖြစ်ပါသည်။

၅။ ကျောင်းသား ကျောင်းသူများအပိုင်းမှလည်း ၂၈-၁-၂၀၁၅ ရက်နေ့တွင် မိမိတို့လက်မှတ်ရေးထိုးပေးထားသည့် ကတိကဝတ်အတိုင်း ဆန္ဒပြမှုများအား ရပ်ဆိုင်းကြရန် ဖြစ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

မြန်မာနိုင်ငံကိုအခြေပြုပြီး သင်္ဘောများ ချိတ်ဆက်သွားလာသယ်ဆောင်နေ

ရန်ကုန် ဖေဖော်ဝါရီ ၉

China Shipping သင်္ဘောလိုင်းမှ ကွန်တိန်နာသင်္ဘော Asiatic Wave သည် တရုတ်နိုင်ငံမှ ကွန်တိန်နာများအပြည့်တင်ဆောင်လျက် ရောင်စုံအလံငယ်များ လွှင့်ပျံကာ ဆင်ယင်လျက် ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီခန့်တွင် ရန်ကုန်မြို့ စက်မှုဆိပ်ကမ်း (MIP) သို့ ဆိုက်ကပ်လာခဲ့သည်။

၎င်းသင်္ဘောမှာ တရုတ်-မြန်မာတိုက်ရိုက်ပြေးဆွဲသည့် ပထမဦးဆုံးသော ကွန်တိန်နာသင်္ဘောဖြစ်သည်။ တရုတ်နိုင်ငံ Ningbo နှင့် Shanghai မြို့များမှ စတင်ထွက်ခွာပြီးနောက် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းနှင့်စင်ကာပူတွင် ခရီးတစ်ထောက် ရပ်နား၍ ရန်ကုန်မြို့သို့ ၁၃ ရက်ဖြင့် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

ကျိုက္ခမီအနီး ပင်လယ်ဝ၌ လှိုင်းလေရေစီးနှုန်းတိုင်း စက်ကိရိယာထားမည်

သတင်း မောင်မောင်မြင့်ဆွေ

ရန်ကုန် ဖေဖော်ဝါရီ ၉

ကျိုက္ခမီအနီး ပင်လယ်ဝကား လှိုင်းလေထန်သည်။ တစ်ခါတစ်ရံ ငြိမ်သက်တတ်သည်။ လေပြင်းတိုက်ခတ်ပြီး လှိုင်းထန်ပါက ပင်လယ်ရေကြောင်း သွားလာနေကြသည့် ရေယာဉ်နှင့် သင်္ဘောများ အန္တရာယ်ရှိသည်။ ထိုအန္တရာယ်များမှ ကင်းဝေးရန်အတွက် ကျိုက္ခမီအနီး ပင်လယ်ဝ၌ Directional Waverider GPS တစ်လုံးထားရှိရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကျိုက္ခမီအနီးပင်လယ်ဝ၌ လှိုင်းအခြေအနေ၊ လှိုင်းအနိမ့်အမြင့်၊ လေတိုက်နှုန်း၊ ရေစီးနှုန်း စသည့်အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ မှတ်တမ်းတင်နိုင်ရေးအတွက် Directional Waverider GPS (Oceano Graphic Instruments) တစ်လုံးကို ထားရှိသွားရန် စီစဉ်နေခြင်းဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ❄

ချင်းပြည်နယ်နှင့်ထိစပ်ဒေသ၌ နယ်စပ်ကုန်သွယ်ရေးစခန်းသစ် တည်ထောင်ရန်လျာထား

သတင်းဆောင်းပါး- CL ထန်းငါ

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု တိုးမြှင့်ရန် အသုံးမပြုရသေးသည့်အလားအလာများစွာ ဖော်ထုတ်နိုင်ရေးကို ထည့်သွင်းစဉ်းစားလျက် ယင်းဒေသ၌နေထိုင်ကြသည့် ဒေသခံပြည်သူများအကြား ကုန်စည်ရောင်းဝယ်ဖောက်ကားမှုကိုပိုမိုလွယ်ကူ ချောမွေ့စေရေးအတွက် ချင်းပြည်နယ် မြောက်ဘက်ဒေသနှင့်ဆက်စပ်သည့်နေရာ နယ်စပ်ကုန်သွယ်ရေးစခန်းသစ် ဖွင့်လှစ်ထူထောင်နိုင်ရေး မဏိပူရ်ပြည်နယ်အစိုးရက ရည်မှန်းချက်ထားရှိကြောင်းသိရသည်။

ချင်းပြည်နယ် ကျီခါးမြို့နယ်(ခွဲ) ခင်မန်းကျေးရွာနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် အိန္ဒိယနိုင်ငံဘက် မဏိပူရ်ပြည်နယ် ချုရာချန်ဒရာပူရ်ခရိုင် ဘီဟိုင် (Behiang) ကျေးရွာနယ်စပ်ဒေသ၌ ဖွင့်လှစ်ရန် လျာထားစီစဉ်ထားခြင်းဖြစ်ရာ ယင်းအတွက် အဆိုပါဒေသမှမြေနေရာ ဟက်တာ ၂၅၀၀/ဧက ၁၀ အားရွေးချယ်သတ်မှတ်ခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❊

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြန်မာနိုင်ငံကလေးများနေ့

“ယနေ့လူငယ် နောင်ဝယ်လူကြီး”ဟူသောစကားရှိပါသည်။ လူငယ် လူရွယ်များသည် နောင်သောအခါ နိုင်ငံ့တာဝန်များကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့်သူများ ဖြစ်ကြပါသည်။ ခေါင်းဆောင်တာဝန် ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် လူငယ် လူရွယ်များသည် ဗလငါးတန်နှင့်ပြည့်စုံပြီး အရည်အချင်း၊ အရည်အသွေးနှင့် ပြည့်စုံသူများဖြစ်ရန် အလွန်ပင်အရေးကြီးပါသည်။ ထို့ကြောင့်လည်း ကမ္ဘာ့နိုင်ငံအသီးသီးတို့၌ လူငယ် လူရွယ်များ(ဝါ) ကလေးများပြုစုပျိုးထောင်ရေးကို အလေးအနက်ထားသောအားဖြင့် ကလေးများနေ့ကို ကျင်းပလေ့ရှိပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ကလေးများနေ့ကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ဖြစ်သည့် ဖေဖော်ဝါရီ ၁၃ ရက်နေ့ကို သတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံကလေးများနေ့သည်ကား ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့်နှင့် ထူးထူးခြားခြား တိုက်ဆိုင်လျက်ရှိပါသည်။ ဤသို့ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ကို ကလေးများနေ့အဖြစ် သတ်မှတ်ရခြင်းမှာလည်း အကြောင်းရှိပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည်ကား သာမန်လူထဲက လူတစ်ယောက်မျှသာဖြစ်ပါသည်။ သို့သော် ရိုးသားဖြူစင်မှု၊ ပွင့်လင်းမှု၊ ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံတတ်သော စိတ်ဓာတ်၊ ခေါင်းဆောင်ကောင်းတို့၏ အာဇာနည်စိတ်ဓာတ်၊ အမျိုးကိုချစ်တတ်သောစိတ်ဓာတ်၊ စည်းကမ်းကို တန်ဖိုးထားတတ်သော စိတ်ဓာတ်တို့မှာကား စံပြုထိုက်သောအာဂလူသားဖြစ်ပါသည်။ တစ်နည်းအားဖြင့် ယနေ့ လူငယ် လူရွယ်များအားကျအတုယူဖွယ် အကောင်းဆုံးပုဂ္ဂိုလ်ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အပြုအမူအပြောအဆို အလေ့အကျင့်များကလေးများ သတိမူလျက် လူတော်လူကောင်းလေး များပေါ်ထွက်လာစေရန် ရည်ရွယ်လျက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ကို ကလေးများနေ့အဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ဤကလေးများနေ့မတိုင်မီ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ အခြေခံပညာမူလတန်းကျောင်းများ၌ ကလေးများနေ့အထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲများကျင်းပခြင်း၊ ဗိုလ်ချုပ်အောင်ဆန်း အကြောင်းဟောပြောခြင်း၊ ဗိုလ်ချုပ်နှင့်ပတ်သက်သော ကဗျာများရွတ်ဆိုခြင်း၊ စာစီစာကုံးပြိုင်ပွဲများ ကျင်းပခြင်း၊ စကားရည်လုပွဲနှင့်အကပြိုင်ပွဲများကျင်းပခြင်း စသည်တို့ကို ပြုလုပ်လျက်ရှိပြီး ဆုရကလေးများအား မြန်မာနိုင်ငံကလေးများနေ့ (Myanmar Children's Day)တွင် ဆုများချီးမြှင့်သွားမည်ဖြစ်ပါသည်။

ကလေးများနေ့ကိုကျင်းပရာတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူကြပါ။ တရုတ်၊ စင်ကာပူ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ပေါ်တူဂီ၊ ပိုလန်နှင့် ရုရှားတို့က ဇွန်လ ၁ ရက်နေ့ကို ကျင်းပပြီး အိန္ဒိယနိုင်ငံက ပထမဆုံးဝန်ကြီးချုပ် ဂျဝါဟာလာနေရူး၏ မွေးနေ့ နိုဝင်ဘာ ၁၄ ရက်ကို ကျင်းပကြောင်း ဆိုပါသည်။ ထို့အတူ ကျွန်ုပ်တို့ မြန်မာနိုင်ငံကလည်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ကို ကျင်းပခြင်းဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ကို မြန်မာကလေးများနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြင့် အနာဂတ်တွင် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ လူတော်လူကောင်းများ နိုင်ငံအဝန်းတွင် ပေါ်ထွက်လာမည်ဟု ယုံကြည်မျှော်လင့်ပါသည်။ ။

ပြည်တွင်းသတင်း

၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားရေး ဦးတည်ချက်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲဦးထိပ်ထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းမှုရရှိအောင် တိုင်းရင်းသားအားလုံး ပါဝင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ထာဝစဉ်တည်တံ့ခိုင်မြဲအောင်တည်ဆောက်ရေး။

၄။ ပြည်ထောင်စုအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်အတူတကွပူးပေါင်းနေထိုင်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေး။

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုကဗျာ

ဒို့ပြည်ထောင်စုနေ့

❖ အမောင်မြန်မာ - မယ်မြန်မာတို့
မှန်စွာအပြီး - ထောင်နားတည်းလော့
ထင်းစည်းကိုချိုး - မကျိုးစကောင်း
ထင်းချောင်းကိုချိုး - သွင်သွင်ကျိုးဟု
ဆိုရိုးစကား - လက်ကိုင်ထားလျက်
ပြည်သားပြည်သူ - သွေးစည်းမှုဖြင့်
ရယူအောင်ဆု- ပြည်ထောင်စုသည်
ဆယ်စုခြောက်ခု - ကျော်ခဲ့ပြီ ။
❖ ပြည်ထောင်စုနေ့ - ဒို့မမေ့ဟု
ဓလေ့ဘာသာ - ကွဲြကော်ကာဖြင့်
ခါချဉ်ကောင်ဟန် - ခါးမသန်ဘဲ
အားမာန်နဲ့ချည့် - ဖွဲ့မပြည့်လျှင်
ရသည့်အမွေ - ဆုံးရှုံးပေလိမ့်
ဒို့တွေတာဝန် - လွန်ကျေပွန်မှ
အားမာန်သတ္တိ - စွမ်းရည်ပြည့်မှ
ကတိကဝတ် - ပေးယူတတ်မှ
လွတ်လပ်အမွေ - တည်ချေမည်။
❖ သမိုင်းအမှန် - တူးဆွလှန်သော်
သူ့ကျွန်ဘဝ - လွတ်မြောက်ကြဖို့
ပြည်မပြည်နယ် - သွေးနှယ်မခွဲ
ယှဉ်တွဲအတူ - ပင်လုံမှုကို
ပြိုင်တူဖော်ညွှန်း - ဗိုလ်အောင်ဆန်းနှင့်
မျှော်မှန်းစွန့်စား - သွေးချင်းများတို့
ရင်းပွားအမွေ --ထားခဲ့သည် ။
❖ အောင်ဆန်းစိတ်ဓာတ် -အမြတ်မဟာ
မြန်မာပြည်သူ - မွေးမြူတတ်စေ
သွေးအမွေကွဲ့ -
စေတနာအား - နှလုံးသားနှင့်
ဖိတ်ကြားဆွေးနွေး- နေရာပေးမှ
တစ်သွေးတည်းဖြစ် - အမြစ်ခိုင်ခိုင်
မဏ္ဍိုင်အားပြု ပြည်ထောင်စုသည်
သွန်းထုအမည် - တွင်ရစ်မည်။
❖ ခြောက်ဆယ့်ရှစ်နှစ် - ရောက်လှစ်ချိန်မှာ
မြန်မာပြည်သား - သွေးချင်းများတို့
စည်းစားချင့်တွေး - ငြိမ်းချမ်းရေးနှင့်
နွေးထွေးသိုက်မြို - ခေတ်ပြောင်းကြုံခိုက်
ကြည်ယုံလက်တွဲ - ပြည့်အောင်ပွဲကို
ရဲရဲလျှောက်လှမ်း - လက်စုံကမ်းသည်
တစ်လမ်းပဲ သွားမှ
နှစ်ခြမ်းမကွဲ တားကြ
တစ်ခွန်းတည်းစကားနှင့်ကြို
ဒို့ပြည်ထောင်စုနေ့ကို။ ။

မောက်တက်ခေါင်

အုတ်တွင်း အထက၌ စာစီစာကုံးပြိုင်

အုတ်တွင်း ဖေဖော်ဝါရီ ၉

ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်(၁၀၀) ပြည့်မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီခွဲက အုတ်တွင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ဇီဇဝါဆောင်၌ ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲတွင် မြန်မာနိုင်ငံကလေးများနေ့ ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး အထက်တန်းအဆင့် ၁၁ ဦး၊ အလယ်တန်းအဆင့် ၁၅ ဦး၊ မူလတန်းအဆင့် ၁၅ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ဖေဖော်ဝါရီ ၁၃ ရက်တွင် မြို့နယ်သီရိရတနာခန်းမ၌ ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်ရွှေဝင်း(ပြည်)

ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဖျာပုံ၌ စည်ကားစွာ ကျင်းပမည်

ဖျာပုံ ဖေဖော်ဝါရီ ၉

မြန်မာ့လွတ်လပ်ရေး ဗိသုကာ၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏နှစ် (၁၀၀) ပြည့်မွေးနေ့အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားများကို ဖေဖော်ဝါရီ ၁၃ ရက်နှင့် ၁၅ ရက်အထိ ဖျာပုံမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ ဂုဏ်ပြုအားကစားပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၂ ရက်မှစ၍ ဖျာပုံမြို့ ပြည်သူ့အားကစားကွင်းနှင့် မီးသတ်အားကစားကွင်းတို့တွင် မိနီမာရသွန်ပြိုင်ပွဲ၊ စက်ဘီးစီး၊ စားပွဲတင်တင်းနစ်၊ ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ကလေးငယ်များအတွက် အပြေး၊ အာလူးကောက်၊ ပူဖောင်းဖောက် စသည့်အားကစားနည်းများ ကျင်းပပေးမည်ဖြစ်သည်။

ဖျာပုံမြို့ ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီသည် ဖျာပုံမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုပြပွဲ၊ ပြိုင်ပွဲ၊ ဂီတဖျော်ဖြေပွဲ၊ စာပေဟောပြောပွဲ၊ ကုသိုလ်ပြုပွဲများအပြင် ဖျာပုံမြို့တွင် ဗိုလ်ချုပ်အောင်ဆန်း၏ အမှတ်တရ ကြေးရုပ်ထားရှိနိုင်ရေးအတွက်လည်း အထူးအလေးထားဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ဆက်သွယ်လိုပါက ဖျာပုံမြို့ ဒုတိယလမ်းရှိ ကော်မတီ၏ ယာယီရုံးခန်းနှင့် ဥက္ကဋ္ဌ ဦးအုန်းဟန် ဖုန်း-၀၉-၈၅၉၁၁၀၃၊ အတွင်းရေးမှူး ဦးဇေယျာမင်းသိန်း ဖုန်း-၀၉-၈၅၈၃၄၃၁၊ ဘဏ္ဍာရေးမှူး ဦးလှဝင်း ဖုန်း-၀၄၅-၄၀၁၇၁၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ တာဝန်ခံ ဦးမြင့်သိန်း ဖုန်း-၀၉-၈၅၉၀၂၁၂ နှင့် သတင်းနှင့် ပြန်ကြားရေးမှူး ဒေါ်သူဇာနွယ် ဖုန်း-၀၉-၄၂၂၄၈၈၉၀၉ တို့သို့ ဆက်သွယ်နိုင်ပါကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၉-၂-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၉၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၆၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၈၅၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၅
ဒီဇယ်	တစ်လီတာ	ကျပ် ၆၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၆၀၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၈၆၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၈၈၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၇၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၃၅၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၀၀၀-၈၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၂၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၄၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၅၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၂၄-၁၀၂၈
ဥရောပ	တစ်ယူရို	၁၁၈၀-၁၁၉၆
စင်ကာပူ	တစ်ဒေါ်လာ	၇၇၀-၇၇၂
ထိုင်း	တစ်ဘတ်	၂၉.၆-၃၀
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅
တရုတ်	တစ်ယွမ်	၁၆၃-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၂၅-၃၃၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နွေဆန်	တစ်အိတ်	၁၇၅၀၀-၁၈၀၀၀
မိုးဆန်သစ် (မနော်သုခ)	တစ်အိတ်	၁၆၀၀၀-၁၆၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၀၀၀-၂၈၅၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၆၀
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၁၆၀-၃၂၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၅၀၀-၂၅၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၄၇၅-၁၅၀၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၈၀-၆၃၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၅၀၀-၂၆၅၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၀၀၀-၅၅၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံစင်ပြသည်။

ပြည်တွင်းသတင်း

❖ ကျောဖုံးမှ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato' Dr. Ahmad Faisal Bin Muhamad တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(၁၁)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (11th ACDFIM) ကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၄ ခုနှစ် မတ် ၄ ရက်မှ ၆ ရက်အထိ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပြီး (12th ACDFIM) ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ထို့အတူ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဖေဖော်ဝါရီ ၇ ရက်မှ ၉ ရက်အထိ ကျင်းပပြုလုပ်လျက်ရှိသည့် (12th AMIIM) နှင့် (5th AMOIM) အစည်းအဝေးများသို့တက်ရောက်ရန် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက်က မလေးရှားနိုင်ငံသို့ ထွက်ခွာသွားခဲ့ကြောင်း သိရှိရသည်။ **(မြဝတီ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘော အစည်းအဝေးတက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာစဉ်။ (မြဝတီ)

အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းရေးဆွဲရေးနှင့်ပတ်သက်၍ CESR ပညာရှင်များ၊ နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၉

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းရေးဆွဲရေးနှင့်ပတ်သက်၍ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (CESR) ပညာရှင်များ၊ နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာခေါ်ခင်စန်းရီ တက်ရောက်ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူများ၊ ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CESR) ပညာရှင်ကြီးများ၊ အမျိုးသားပညာရေးဥပဒေရေးဆွဲရာတွင် ယနေ့အထိ ကူညီပံ့ပိုးပေးလျက်ရှိသော နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များဖြစ်ကြသည့် Australian Embassy၊ British Council၊ DANIDA၊ DFID၊ Diplomatic Mission of Finland၊ Embassy of Demark၊ Embassy of Israel၊ Embassy of the United States၊ EU၊ JICA၊ MEDG၊ Open foundation Society၊ Save the Children၊ Swiss Agency၊UNESCO၊UNF-PA၊ UNICEF၊ World Bank၊ World Education တို့ တက်ရောက်ခဲ့ကြပြီး ကျောင်းသားအဖွဲ့အစည်းများက တောင်းဆိုနေသည့် အမျိုးသားပညာရေးဥပဒေမှ အချက်(၁၁)ချက်ကိစ္စရပ်များအပေါ် သဘောထားအမြင်များ၊ ပြင်ဆင်ဖြည့်စွက်လိုသည့် အချက်များနှင့်စပ်လျဉ်း၍ ပညာရှင်ကြီးများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များက ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များကလည်း ဥပဒေပြင်ဆင်ရေးအပေါ် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းသားများနှင့် တွေ့ဆုံဆွေးနွေးမှုများအပေါ် ကြိုဆိုပါကြောင်း၊ စဉ်ဆက်မပြတ်ဆွေးနွေးမှုများမှ နားလည်မှုရရှိလာမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာခေါ်ခင်စန်းရီ အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းရေးဆွဲရေးနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းရေးဆွဲရေးနှင့်ပတ်သက်၍ နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့များမှ ပုဂ္ဂိုလ်များ ဆွေးနွေးစဉ်။ (သတင်းစဉ်)

မြို့အမျိုးသားဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၅/၂၀၁၅)
၁၃၇၆ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

မြို့အမျိုးသားဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

အိမ်အမှတ်(၁၄၄)၊ ဗုဒ္ဓဂါယာလမ်း၊ မြို့သစ်ရပ်၊ အောင်တပ်ရပ်ကွက်၊ မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မြို့အမျိုးသားဒီမိုကရေစီပါတီအား** ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

မြို့အမျိုးသားဒီမိုကရေစီပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၈၀) ဖြစ်ပါသည်။

အမိန့်အရ

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

လူကုန်ကူးမှု တားဆီးရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး

နိုင်ငံတကာသတင်း

ဂျာမန်ဝန်ကြီးချုပ် မာကယ်လ်ငြိမ်းချမ်းရေးအစီအစဉ်အား အမေရိကန်သမ္မတနှင့် ဆွေးနွေးရန်ရှိ

ဘာလင် ဖေဖော်ဝါရီ ၉

ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်သည် ယူကရိန်းအရေးနှင့် ပတ်သက်၍ တနင်္လာနေ့တွင် အမေရိကန်သမ္မတ အိုဘားမားနှင့် တွေ့ဆုံဆွေးနွေးရန်ရှိသည်။

မစ်မာကယ်လ်အနေဖြင့် သမ္မတအိုဘားမားအား ယူကရိန်းခေါင်းဆောင်များနှင့် ပြင်သစ်၊ ဂျာမနီတို့အကြား ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းရန်ကိစ္စကို ဆွေးနွေးဖွယ်ရှိသည်။

မစ်မာကယ်နှင့် ပြင်သစ်သမ္မတ ဖရန်ကော့စ်ဟော်လန်တို့အနေဖြင့် မင့်စ်ငြိမ်းချမ်းရေးအစီအစဉ် ပြန်လည်အသက်ဝင်လာစေရန် အားထုတ်လျက်ရှိသည်။

အဆိုပါ ငြိမ်းချမ်းရေးအစီအစဉ်တွင် ယခုလက်ရှိ ရှေ့တန်းစစ်မျက်နှာမှ ၅၀-၇၀ ကီလိုမီတာ(၃၁-၄၄) မိုင်အထိကို စစ်မဲ့ဇုန်အဖြစ်သတ်မှတ်မည်ဟု ယူဆရသည်။

မြူးနစ်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲတက်ရောက်နေသော အမေရိကန် ရစ်ပါပလီကန်အမတ်များက ဂျာမနီ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ပြင်းထန်စွာဝေဖန်နေကြသည်။

ဆီးနိတ်တာမက်ကိန်းက ပြောကြားရာတွင် "ယူကရိန်းလူမျိုးတွေ အသတ်ခံနေရတဲ့အတွက် ၎င်းတို့အတွက်လိုအပ်တဲ့ရိက္ခာကိုပေးနေရပေမယ့် ဒါဟာအလုပ်မဖြစ်ပါဘူးဟု" ၎င်းက ပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့ အီးယူခေါင်းဆောင်တွေနဲ့ သဘောထားကွဲလွဲတာ ဘာမှုမရှိပါဘူး။ ကျွန်တော်တို့ ပူးပေါင်းပြီး ညီညီညွတ်ညွတ်နဲ့အလုပ်လုပ်နေပါတယ်" ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောကြားသည်။ **(ဘီဘီစီ)**

ကမ္ဘာ့အကြီးဆုံး ရေနံတင်ရေပေါ်ဆိပ်ကမ်း အီရန်ဖွင့်

တီဟီရန် ဖေဖော်ဝါရီ ၉

အီရန်နိုင်ငံက ပါရှန်ပင်လယ်ကွေ့ရေပိုင်နက်အတွင်း ကမ္ဘာ့အကြီးဆုံး ရေနံတင်ဆိပ်ကမ်းကြီးတစ်ခု ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ရေနံစည်ပေါင်း ၂ ဒသမ ၂ သန်း သိုလှောင်ထားနိုင်သည့် အဆိုပါ ရေနံတင်ဆိပ်ကမ်းကြီးကို တနင်္ဂနွေနေ့က ဆိုရပ်ချ်ရေနံဒေသ၌ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ယင်းရေနံတင်ဆိပ်ကမ်းသည် ဆိုရပ်ချ်နှင့် နောင်းရုဇ်ကမ်းလွန်လုပ်ကွက်များမှ ထွက်ရှိသော ရေနံစိမ်းများကို တစ်ရက်လျှင် စည်ပေါင်း ၂၀၀၀၀၀ အထိ တင်ပို့နိုင်သည်ဟု ဆိုသည်။

အဆိုပါ ရေပေါ်ရေနံတင်ဆိပ်ကမ်းသည် အလျား ၃၃၇ မီတာ၊ အနံ မီတာ ၆၀ ရှိကာ အမြင့် ၃၃ မီတာရှိသည်။ ၎င်းရေပေါ်ရေနံတင်ဆိပ်ကမ်း ဖွင့်လှစ်နိုင်မှုကြောင့် အီရန်နိုင်ငံ၏ ရေနံစိမ်းသိုလှောင်မှုနှင့် တင်ပို့မှုမြင့်တက်လာမည်ဟု ဆိုသည်။

အီရန်နိုင်ငံသည် အရန်ရေနံသိုလှောင်မှု ခန့်မှန်းအားဖြင့် သန်းပေါင်း ၅၆၀ ဘီလီယံ ကျော်ရှိသည်ဟု ခန့်မှန်းထားသည်။ အီရန်နိုင်ငံက ယင်းကမ္ဘာ့အကြီးဆုံး ရေနံတင်ဆိပ်ကမ်း တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းဖြင့် အရှေ့အလယ်ပိုင်းဒေသ ပါရှန်ပင်လယ်ကွေ့မှ ရေနံတင်ပို့မှုမြင့်မားလာရန် မျှော်လင့်ထားသည်။ **(ပရက်စ်တီဗွီ)**

မာဖီးယားပုံစံ ရာဇဝတ်မှုကျူးလွန်သူကို တရုတ်တရားရုံးက သေဒဏ်ပေး

ပေကျင်း ဖေဖော်ဝါရီ ၉

တရုတ်အာဏာပိုင်များက စီချွမ်အခြေစိုက် မိုင်းတွင်းလုပ်ငန်းပိုင်ရှင် လျူဟန်ကို သေဒဏ်ပေးလိုက်ပြီဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာက ပြောကြားသည်။

ဟမ်လောင်းအုပ်စုဥက္ကဋ္ဌဟောင်း လျူဟန်အား မာဖီးယားပုံစံ ရာဇဝတ်ကျူးလွန်မှု၊ လူသတ်မှုများဖြင့် မေလတွင် သေဒဏ်ပေးရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ၎င်း၏ညီငယ်ဖြစ်သူ လျူဝေနှင့် လုပ်ဖော်ကိုင်ဖက်သုံးဦးကိုလည်း အဆိုပါအမှုများတွင် ပါဝင်ပတ်သက်ကြောင်း ထင်ရှားသဖြင့် တရုတ်ထိပ်တန်း တရားရုံးက သေဒဏ်ချမှတ်ခဲ့ကြောင်း ဆင်ဟွာက သတင်းဖော်ပြသည်။

ဟမ်လောင်းအုပ်စုသည် စီချွမ်အခြေစိုက်ပုဂ္ဂလိက ကုမ္ပဏီကြီးတစ်ခုဖြစ်ပြီး မိုင်းလုပ်ငန်း ဆက်သွယ်ရေးနှင့် ဓာတုဗေဒထုတ်လုပ်ရေးလုပ်ငန်းများ အပါအဝင်ဘက်စုံ စက်မှုလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ လျူဟန်သည် ချမ်းသာကြွယ်ဝမှုနှင့် ကုမ္ပဏီအပေါ် ဩဇာလွှမ်းမိုးမှုနှစ်ခုစလုံး ရရှိထားသူဖြစ်သည်။ **(ဘီဘီစီ)**

ဘဂ္ဂဒက်ဗုံးခွဲတိုက်ခိုက်မှု ၁၃ ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၉

တနင်္လာနေ့ နံနက်ပိုင်းက အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၌ ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုကြောင့် လူ ၁၃ ဦးထက်မနည်းသေဆုံးခဲ့ပြီး ၄၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲများက ပြောကြားခဲ့သည်။ အသေခံဗုံးခွဲသမားသည် ဘဂ္ဂဒက်မြောက်ပိုင်း ခဒ်မီယာဒေသ အဒမ်ရင်ပြင်ရှိ လူသူထူထပ်သောနေရာ၌ ပြင်းထန်စွာပေါက်ကွဲစေခဲ့ပြီး ၁၂ ဦး သေဆုံးကာ ၄၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

တခြားဗုံးပေါက်ကွဲမှုတစ်ခုသည် ဘဂ္ဂဒက်မြို့အရှေ့မြောက်ပိုင်း ဟူစိန်နီယာဒေသလမ်းဘေးတစ်နေရာတွင် ဖြစ်ပွားခဲ့ပြီး တစ်ဦးသေဆုံးကာ လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။ အီရတ်နိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် အကြမ်းဖက်မှုများနှင့် တိုက်ခိုက်မှုများကြောင့် လူ ၁၂,၂၈၂ ဦးထက်မနည်းသေဆုံးခဲ့ပြီး ၂၃,၁၂၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း မကြာသေးမီက ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂအစီရင်ခံစာအရ သိရသည်။ **(ဆင်ဟွာ)**

အီဂျစ်ဘောလုံးကွင်း ဆူပူမှုကြောင့် ၂၂ ဦးသေဆုံး၊ ဘောလုံးပွဲစဉ်များရပ်ဆိုင်း

ကိုင်ရို ဖေဖော်ဝါရီ ၉

ကိုင်ရိုမြို့ရှိ ဘောလုံးကွင်းတစ်ခုတွင် ဖြစ်ပွားခဲ့သော ပဋိပက္ခကြောင့် လူ ၂၂ ဦးထက်မနည်း သေဆုံးခဲ့ပြီးနောက် အီဂျစ်အာဏာပိုင်များက နိုင်ငံရှိ ကလပ်အသင်းဘောလုံးပွဲစဉ်များအား အကန့်အသတ်မရှိ ရပ်ဆိုင်းလိုက်သည်ဟု သိရသည်။

ပြိုင်ပွဲတွင် ပြိုင်ဘက် ENPPI အသင်းကို ဆန့်ကျင်၍ ခိုက်ရန်ဖြစ်ပွားမှုများပြုလုပ်ရန် ကြိုးပမ်းသည့် ဇမာလက်ခ်အသင်း၏ ပရိသတ်များအား ရဲများက မျက်ရည်ယိုဗုံးများ ဖြင့်ဖြိုခွင်းရာမှ လူနင်းခံရမှုများဖြစ်ခဲ့သည်။ ဂိတ်ဝင်ပေါက်တစ်ခုသာ ဖွင့်ထားခဲ့သည့်အတွက် ပရိသတ်က အာဏာပိုင်များအား အပြစ်ဆိုခဲ့သည်။

ဇမာလက်ခ်အသင်းကို အားပေးသည့်အဖွဲ့၏ ခေါင်းဆောင်သူများကို ဖမ်းဝရမ်းထုတ်ပြန်ထားသည်။ ၂၀၁၂ ခုနှစ်ကလည်း ပို့ဆက်တွင် အားကစားပြိုင်ပွဲမှတစ်ဆင့် ဆူပူမှုများဖြစ်ကာ ပရိသတ် ၇၄ ဦး သေဆုံးခဲ့သဖြင့် ပွဲစဉ်များအား ရပ်ဆိုင်းခဲ့ရဘူးသည်။

တနင်္ဂနွေနေ့က ကိုင်ရိုရှိ အားကစားကွင်းတွင် လူ ၂၀ မက ဒဏ်ရာရရှိခဲ့သည်ဟု မျက်မြင်သက်သေများက ပြောသည်။ **(ဘီဘီစီ)**

အမေရိကန်ဆယ်ကျော်သက်တစ်ဦး အတန်းဖော်ကိုသတ်ပြီး ကိုယ်တိုင်ရိုက်ပုံတင်

နယူးယောက် ဖေဖော်ဝါရီ ၉

အမေရိကန်နိုင်ငံ ပင်ဆီဗေးနီးယားပြည်နယ်မှ ဆယ်ကျော်သက်တစ်ဦးသည် အတန်းဖော်တစ်ဦး၏မျက်နှာကို ပစ်ခတ်ပြီးနောက် သေသူ၏ပုံ နှင့်အတူ မိမိ၏ပုံကိုပါ အွန်လိုင်းပေါ်တင်ခဲ့ကြောင်း သတင်းများက ဖော်ပြသည်။

Pittsburgh Tribune - Review သတင်းစာအဆိုအရ ၁၆ နှစ်အရွယ် မက်(စ်)ဝဲ(လ်)မာရီယွန်မော်တန်သည် တရားမဝင်လက်နက်ကိုင်ဆောင်ပြီး အာမခံမပေးနိုင်သော ပထမတန်းအဆင့် လူသတ်မှု ပြစ်မှုကြီးကျူးလွန်သဖြင့် ရဲများ၏ ထိန်းသိမ်းခြင်း ခံထားရကြောင်း သိရသည်။

မော်တန်သည် ၎င်းနှင့်ရွယ်တူအတန်းဖော် သေသူ ရိုင်ယန်မန်ဂန်၏ အလောင်းကိုဓာတ်ပုံရိုက်ပြီး snapchat တွင် တင်ခဲ့ရာ ထိုစနစ်မှာ အသုံးပြုသူများအနေဖြင့် ပုံများတင်ရန် ခွင့်ပြုထားပြီး လက်ခံသူများထံ ယင်းပုံများရောက်ရှိပြီးနောက် ၎င်းတို့၏ဖုန်းတွင် စက္ကန့်အနည်းငယ်အကြာတွင် အလိုအလျောက်ဖျက်သည့်စနစ်ကို ပြုလုပ်ထားကြောင်း စနေနေ့က သတင်းစာတွင် ဖော်ပြသည်။

မော်တန်ပို့ပေးခဲ့သောပုံကို သိမ်းဆည်းထားသော သူငယ်ချင်းတစ်ယောက်၏ မိခင်မှတစ်ဆင့် ရဲများက ထိုအမှုကိုသိရခြင်း ဖြစ်သည်ဟု ဖောက်(စ်)နယူး(စ်)သတင်းက ဆိုသည်။ မျက်နှာတွင် သေနတ်ဒဏ်ရာဖြင့် ကုလားထိုင်တွင်ထိုင်နေသော ရိုင်ယန်၏မိတ္တူပုံကို ရရှိကြောင်း ရဲအမှုတွဲများတွင် ဖော်ပြထားသည်။

'အားလုံးကို ရှင်းပစ်မယ်'၊ 'ရိုင်ယန်ဟာ နောက်ဆုံးတစ်ယောက်မဟုတ်ဘူး'ဟူသော မော်တန်ထံမှ မက်ဆေ့ချ်များကို သူငယ်ချင်းများ လက်ခံရရှိကြောင်းကိုလည်း ရဲများက ဆိုသည်။ အိမ်တွင်ဝှက်ထားသောသေနတ်ကို ရဲများရှာတွေ့ပြီးနောက် မော်တန်က လူသတ်မှုကို ဝန်ခံခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် နှစ်စဉ် သေနတ်ဖြင့် ပစ်သတ်ခံရသူ လူပေါင်း ၃၀၀၀၀ ထက်မနည်းရှိပြီး တစ်နေ့လျှင် သေနတ်ကြောင့် သေဆုံးသူ ပျမ်းမျှ ၈၇ ဦး၊ လက်နက်ဖြင့် အကြမ်းဖက်ခံရမှုကြောင့် ဒဏ်ရာရရှိသူ ပျမ်းမျှ ၁၈၃ ဦးရှိကြောင်း ချီကာဂိုတက္ကသိုလ် ရာဇဝတ်မှုသုတေသနနှင့် ဗဟိုရောဂါထိန်းချုပ်ရေးဌာနမှ သိရသည်။ **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

တက္ကသိုလ်များ(ရန်ကုန်)တပ်ဖွဲ့ဝင် ကျောင်းသား/ဆရာများအတွက် အခြေခံစစ်ပညာသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

ကာကွယ်ရေး စစ်ဦးစီးချုပ်(ကြည်း)ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးအမှတ်(၁) တက္ကသိုလ် လေ့ကျင့်ရေးတပ်၌ ဖွင့်လှစ်သော ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်များ(ရန်ကုန်) တပ်ဖွဲ့ဝင် ကျောင်းသား/ဆရာများအတွက် အခြေခံ စစ်ပညာသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက မိမိတို့နိုင်ငံတွင် ယခင်ကာလကတည်းက တက္ကသိုလ်အရန်တပ်ရင်းရှိခဲ့ကြောင်း၊ သင်တန်း၏ သမိုင်းကိုပြန်ကြည့်လျှင် ကျောင်းဆရာရော ကျောင်းသားပါ တက်ရောက်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ၂၀၁၄- ၂၀၁၅ ပညာသင်နှစ် ယခုသင်တန်းတွင် ကျောင်းသား သင်တန်းသားများရော၊ ဆရာ သင်တန်းသားများရော ပါဝင်သည်ကို သိရှိရပါကြောင်း၊ နောင်အနာဂတ်တွင် ခေါင်းဆောင်များ ဖြစ်လာမည့် မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ရာတွင် အမျိုးသားပညာရေး အခြေခံရည်မှန်းချက်တွင် ပါရှိပါကြောင်း၊ တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်ရန် အသိဉာဏ်ရှိသည့် ဗလငါးတန်နှင့်ပြည့်စုံသော ကျောင်းသားလူငယ်များဖြစ်ရန် ယခုလို သင်တန်းမျိုးနှင့် ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလပြီးဆုံးသည်အထိ စည်းကမ်းရှိရှိ သင်တန်းကို တက်ကြစေလိုကြောင်း၊ သင်တန်းမှ ရရှိမည့် ကိုယ်ကာယကြံ့ခိုင်မှု၊ အရေးကြုံလာလျှင် နိုင်ငံအတွက် အဆင်သင့်ဖြစ်နိုင်အောင် လေ့ကျင့်သင်ကြားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်က အခြေခံ စစ်ပညာသင်ကြားပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိစေရန် အနာဂတ်မှာ နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့်အခါ အထောက်အကူရရှိရန်၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်ရည်ရွယ်ပြီး သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါကြောင်း၊ အမှတ်(၁)တက္ကသိုလ်လေ့ကျင့်ရေးတပ်(ရန်ကုန်) အပါအဝင် အမှတ်(၂)တက္ကသိုလ် လေ့ကျင့်ရေးတပ်(မန္တလေး)နှင့် အမှတ်(၃) တက္ကသိုလ် လေ့ကျင့်ရေးတပ်တို့တွင်လည်း တစ်ပြိုင်နက်တည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ နောင်တစ်ချိန်တွင် နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းတာဝန်ယူကြရမည့် နိုင်ငံ့သားကောင်းများ၊ လူတော် လူကောင်းများအဖြစ် မွေးထုတ်ပေးရန် ဦးတည်ဖွင့်လှစ်ခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူက စစ်ကြိုခေတ်နှင့် စစ်ပြီးကာလများတွင် တက္ကသိုလ်အရန်တပ်ရင်း ဖွဲ့စည်းပုံနှင့် သင်တန်းအခြေအနေ ဆောင်ရွက်ပုံတို့ကိုလည်း ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အခြေခံ စစ်ပညာသင်တန်းတက်ရောက်ကြမည့် တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခြေခံ စစ်ပညာသင်တန်းသို့ ရန်ကုန်တက္ကသိုလ်မှ ၂၅ ဦး၊ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ၈၁ ဦး၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ၂၀ ဦး၊ ဒဂုံတက္ကသိုလ်မှ ၁၂၃ ဦး၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ နှစ်ဦး၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ၉၇ ဦး၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ ၇၄ ဦးနှင့် ဆေးစစ်ရန်ကျန်ရှိသော ကျောင်းသား ၇၄ ဦး အပါအဝင် ကျောင်းသား ၅၀၀ ခန့် တက်ရောက်ကြမည်ဖြစ်သည်။

အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ် (ကမာရွတ်မြို့နယ်)၌ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့မှ သင်တန်းသားများ၊ ဒဂုံတက္ကသိုလ်နယ်မြေ၌ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တို့မှ သင်တန်းသားများ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်နယ်မြေ၌ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ သင်တန်းသားများ၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုယ်နယ်မြေ၌ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ သင်တန်းသားများ အခြေခံစစ်ပညာသင်တန်းများကို တက်ရောက်ကြရမည်ဖြစ်သည်။ သင်တန်းကာလမှာ ပထမနှစ်ဝက်တွင် ဖေဖော်ဝါရီ ၉ ရက်မှ ၂၇ ရက်အထိ၊ ဒုတိယနှစ်ဝက်တွင် ဇွန် ၁၆ ရက်မှ ဩဂုတ် ၂၈ ရက်အထိ ဖြစ်ပြီး ရက်သတ္တတစ်ပတ်လျှင် သုံးရက် တက်ရောက်ရမည်ဖြစ်သည်။ ထို့အပြင် အောက်တိုဘာလတွင် ရက်သတ္တလေးပတ် စခန်းချမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံချစ်စိတ် မျိုးချစ်စိတ်များပိုမိုရင့်သန်လာစေမည့် တက္ကသိုလ်လေ့ကျင့်ရေးတပ် အခြေခံစစ်ပညာသင်တန်း

ရန်ကုန် ဖေဖော်ဝါရီ ၉

သတင်း-ခင်ချိုဝင်း၊ ဓာတ်ပုံ-ရဲထွဋ်

တက္ကသိုလ်ကျောင်းသားများအား အခြေခံစစ်ပညာသင်ကြားပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိစေရန်၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန် ရည်ရွယ်ချက်များဖြင့် တက္ကသိုလ်လေ့ကျင့်ရေးတပ် အခြေခံစစ်ပညာသင်တန်းများကို ရန်ကုန်၊ မန္တလေးနှင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ ယနေ့ (ဖေဖော်ဝါရီ ၉ ရက်)တွင် တစ်ပြိုင်တည်း ဖွင့်လှစ်သည်။

သင်တန်းနှင့်စပ်လျဉ်း၍ မြန်မာ့သတင်းစဉ်(သတင်း)အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သူများ၏ ပြောဆိုသံများကို ဖော်ပြလိုက်ပါသည်။

ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူ

ဟိုတုန်းက တက္ကသိုလ်အရန်တပ်ရင်း(UTC)ဟာ နိုင်ငံတော်အတွက် တက္ကသိုလ်ကျောင်းသားကျောင်းသူတွေ စစ်ပညာအခြေခံတတ်ကျွမ်းဖို့အတွက်နဲ့ နိုင်ငံတော်ရဲ့ အရန်အင်အားအနေနဲ့ စစ်ပညာတတ်ကျွမ်းတဲ့သူတွေကို တက္ကသိုလ်ပညာတတ်ဘွဲ့ရရုံတင် သာမကဘဲ ဒီစစ်ပညာတွေကိုပါ တတ်ကျွမ်းတဲ့သူဖြစ်စေဖို့ ရည်ရွယ်ချက်နဲ့ ရန်ကုန်တက္ကသိုလ် စတင်ဖွင့်လှစ်တဲ့အချိန်ကတည်းကိုက ရှိခဲ့တဲ့မျိုးစေ့ကို ပြန်လည်အကောင်အထည်ဖော်တဲ့သဘော ပါပဲ။ အခုကတော့ ရန်ကုန်မှာတင်မကဘဲ မန္တလေးတက္ကသိုလ်နဲ့ မော်လမြိုင်တက္ကသိုလ်မှာပါ ဖွင့်လှစ်နေပါပြီ။ ကျွန်တော်တို့ ကျောင်းသားဘဝတုန်းကလိုပဲ တက္ကသိုလ်အရန်တပ်ရင်း ဖွင့်တော့မယ်၊ စစ်ပညာကိုသင်ကြားချင်တဲ့သူရှိလို့ရှိရင် မိမိတို့ သဘောဆန္ဒအတိုင်း လျှောက်ထားနိုင်တယ်။ ဒါပေမယ့်လည်း သင်တန်းရွေးချယ်မှု ပုံစံကတော့ စစ်သင်တန်းဆိုတဲ့အတိုင်း ကျန်းမာရေးကောင်းတဲ့သူ၊ ကိုယ်လက်ကြံ့ခိုင်မှုရှိတဲ့သူဖြစ်ဖို့ ကျန်းမာရေးစံအတိုင်း စစ်ဆေးပါတယ်။ တပ်ရွေးချယ်မှုပုံစံအတိုင်း ဆန္ဒရှိတဲ့ ကျောင်းသားတွေကို ရွေးချယ်ခဲ့တာပါ။ သင်တန်းကတော့ ကျောင်းချိန်ပြင်ပအချိန်ဖြစ်ဖို့ကို အထူးဂရုပြု စီစဉ်ထားပါတယ်။ တက္ကသိုလ်ဆိုတာ ပညာရပ်သက်သက်တင်မဟုတ်ဘဲနဲ့ နယ်ပယ်အားလုံးကို ခြေဆန့်ဖို့လိုတယ်။ တက္ကသိုလ်ကပြီးရင် လူ့ဘဝကို ခြေဆန့်ရတော့မှာ။ မိမိရဲ့ဆန္ဒအလျောက်တက်ပြီး လေ့လာသွားလို့ရှိရင် ကိုယ် ခန္ဓာကြံ့ခိုင်မှု ရရှိမှာဖြစ်သလို စိတ်ပိုင်းဆိုင်ရာ ခိုင်မာမှုကိုလည်း ဒီသင်တန်းကပေးနိုင်မှာဖြစ်တဲ့အတွက် သင်တန်းသားတွေအတွက် ဂုဏ်ယူပါတယ်။

ဒေါက်တာကိုကိုအောင်
(ကထိက၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မြန်မာစာဌာန)

ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ တက္ကသိုလ်အရန်တပ်ရင်းလို့ ခေါ်တာပေ့ါ။ အခုတော့ တက္ကသိုလ်လေ့ကျင့်ရေးတပ်ပေ့ါ။ ကျွန်တော်ငယ်ငယ်တုန်းက ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်ကို ရန်ကုန်မှာတက်ခဲ့ပေမယ့် အဲဒီအချိန်တုန်းက ကြက်ခြေနီလုပ်ငန်းတွေကို ဝင်လုပ်နေတဲ့အတွက် ဒီ UTC ကို မတက်နိုင်ခဲ့ဘူး။ သူငယ်ချင်းတွေကတော့ UTC တက်ကြတယ်။ အခုဆိုရင် သူတို့က နေရာဒေသအသီးသီးမှာ အရာရှိတွေဖြစ်နေကြပြီ။ အခုတော့ ကိုယ်ကိုယ်တိုင်ဆရာဖြစ်လာတဲ့အခါကျတော့ ကိုယ့်ကျောင်းသားတွေကို စည်းရုံးရင်းနဲ့ ကိုယ်တိုင်တက်ဖြစ်တာပါ။

ထက်လင်းထွန်း

စစ်ပိုင်ဇော်

ထက်လင်းထွန်း(ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ တတိယနှစ် ပထဝီ)

အရမ်းလည်း ဝါသနာပါပါတယ်။ ကျွန်တော် စစ်ပညာကို တကယ်လိုလိုလားလားနဲ့တက်ချင်တာ၊ ကျွန်တော်တို့ ယောကျ်ားလေးတွေ ဒီပညာကို တတ်သင့်တယ်လို့ ထင်တယ်။ နိုင်ငံတကာမှာလည်းရှိပါတယ်။တစ်ချိန်ကျလို့ရှိရင် လိုအပ်ရင် အဆင်သင့်ဖြစ်နေအောင် ဒီသင်တန်းကို တက်တာပါ။

စစ်ပိုင်ဇော်(ဒဂုံတက္ကသိုလ်၊ တတိယနှစ် ဘူမိဗေဒ)

UTC မခေါ်တာလည်း နှစ်(၂၀)နီးပါးလောက်ရှိပါပြီ။ အဖေကလည်း စစ်သားဆိုတော့ ဒီ UTC ကို ကျွန်တော်တက်တာပါ။ ဒီသင်တန်းက စာသင်တဲ့အချိန်ပြီးမှ ဖြစ်တဲ့အတွက် ကျွန်တော်တို့အတွက်လည်း အပန်းမကြီးပါဘူး။ ကျွန်တော်တို့က ယောကျ်ားလေးတွေဖြစ်တဲ့အတွက် ၁၀ တန်းအောင်တုန်းက ဗိုလ်သင်တန်းလျှောက်ခဲ့ကြတယ်။ မရဘူး၊ အခုလိုမျိုး ကျောင်းသားလည်းဖြစ်တယ်၊ စစ်သားလည်းဖြစ်တယ်ဆိုတော့ ဂုဏ်ယူပါတယ်။

တက္ကသိုလ်လေ့ကျင့်ရေးအရန်တပ်ရင်းကို ရန်ကုန်တက္ကသိုလ် စတင်ပေါ်ပေါက်ပြီး နှစ်နှစ်ခန့်အကြာ ၁၉၂၂ ခုနှစ် ဇွန်လက စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၅၂ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် အမှတ်(၁) တက္ကသိုလ် အရန်တပ်ရင်းအမည်ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်ဟု ထပ်မံအမည်ပြောင်းလဲခဲ့သည်။

တပ်ဖွဲ့ဝင်ကျောင်းသားများ စခန်းချသင်တန်းကို ၁၉၅၄ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ စခန်းချ အကြိမ်ပေါင်း ၃၃ ကြိမ်၊ တပ်ဖွဲ့ဝင်ကျောင်းသားစုစုပေါင်း ၁၇၅၆၁ ဦးကို လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်သည်။

ယခုဖွင့်လှစ်သည့် စစ်ပညာသင်တန်းတွင် အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းဟူ၍ နှစ်မျိုးသတ်မှတ်ပြီး လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထူးခြားသည့် ညအပူချိန်များ

ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့၊ လွိုင်လင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

သွေးသည်အသက်

ပျောက်ဆုံး ကျွန်မ ဒေါ်စိုးနွယ်ဦး ကိုင်ဆောင်သော ပတ်စ်ပို့အမှတ် M-886276သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမြန်ဆုံးအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၁၀၅၃၄၅၂**

"Customer Relationship Management" ဟောပြောပွဲ
@ WISE College

ဟောပြောမည့်ခေါင်းစဉ် - "Knowing Your Customers and Keeping Them with Microsoft Dynamics CRM
ဟောပြောမည့်ပုဂ္ဂိုလ် - U Ye Myint Win (Senior Software Engineer, Development Consultant)
ကျင်းပမည့်ရက်/အချိန် - ၁၄.၂.၂၀၁၅ (စနေနေ့) နံနက်(၁၀)နာရီ မှ (၁၂)နာရီ အထိ
ကျင်းပမည့်နေရာ - Grand Theatre, WISE College 1009 (A/B) Ph: 01-556183 / 09-255723388/ 09-421154862

(၆ ၈) နှ စ် မြေ ာ က် ပြ ည် ထော င် စု နေ့ အ ကြို ဂု ဏ် ပြု ဆော င် း ပါ း

ညီညွတ်ခြင်းမှသည် ငြိမ်းချမ်းခြင်းဆီသို့ . . .

မိမိုးအေး
(ဘားအံတက္ကသိုလ်)

သမဂ္ဂါနံ တပေါသုခေါတိ= ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာ၏။

မြတ်စွာဘုရားရှင်သည် ဤဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ဟောကြားခဲ့ခြင်း ဖြစ်ပါသည်။ ဇေတဝန်ကျောင်းတော်ရှိ ရဟန်းတို့သည် အမွန်မြတ်ဆုံးသောချမ်းသာနှင့်ပတ်သက်၍ ဆွေးနွေးကြရာ အချို့က မင်းစည်းစိမ်သည်ချမ်းသာ၏။ အချို့က ကာမဂုဏ်တို့၌ ပျော်မွေ့ခြင်းသည် ချမ်းသာ၏။ အချို့ကမူ ဆန်ကောင်းကို အသားဖြင့်ရော၍ ချက်စားရခြင်းသည် ချမ်းသာ၏ဟု ပြောဆိုကြ ၏။

ဘုရားရှင်သည် ထိုအကြောင်းကို ကြားရ၍ ရဟန်းတို့အား ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာ၏ဟု ဟောတော်မူပါသည်။ ညီညွတ်ခြင်းကြောင့်ချမ်းသာရ၏။ ညီညွတ်ခြင်းကြောင့်ငြိမ်းချမ်းရ၏ ဟု ဗုဒ္ဓက ညွှန်ပြခဲ့ပါသည်။

မှန်ပါသည်။ ညီညွတ်မှု၊ စည်းလုံးမှုသည် ချမ်းသာခြင်းကိုဖြစ်စေပါသည်။ ထိုညီညွတ်မှုကြောင့်ပင် ငြိမ်းချမ်းခြင်းကိုရယူနိုင်ပါသည်။ ညီညွတ်မှုကြောင့် အောင်မြင်မှု ရရှိခဲ့ပြီး မညီညွတ်မှုကြောင့် ပျက်စီးဆုံးရှုံးရပုံကို လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ ကျော်ခန့်ကပင် ဗုဒ္ဓက ဟောကြားတော်မူခဲ့ပါသည်။ ကပိလတိုင်းနှင့် ကောလိယတိုင်းမှ လယ်သမားများသည် ရောဟိဏီမြစ်ရေရယူလိုမှုဖြင့် ငြင်းခုန်ကြရာမှ နှစ်ဖက်စစ်တပ်ကြီးများ တိုက်ခိုက်ရန် ရောဟိဏီမြစ်သို့ ရောက်ရှိလာကြပါသည်။

ဘုရားရှင်သိတော်မူပြီး နှစ်ဖက်ဆွေမျိုးများရှိရာသို့ ရောက်ရှိပြီး ဆွေမျိုးအချင်းချင်းခိုက်ရန်ဖြစ်ပွားခြင်းသည်မသင့်လျော်ကြောင်း မိန့်တော်မူပြီးနှစ်ပြည်ထောင်စစ်တပ်တို့အား ငြိမ်းချမ်းရေးတရားဖြစ်သော မဟာသမယသုတ်ကို ဇာတ်တော်ခြောက်ခုဖြင့် ဟောကြားတော်မူပါသည်။

ထိုဇာတ်တော်များထဲမှ တိရစ္ဆာန်များပင်ညီညွတ်ပါက ရန်သူကို အောင်မြင်နိုင်၍ ခိုက်ရန်ဖြစ်ပွားသောအခါ ဆုံးရှုံးမှုနှင့် ရင်ဆိုင်ရပြီး ပျက်စီးရကြောင်း ဖော်ပြထားသော သမ္မောဒမာနဇာတ်တော်ကို ဖော်ပြလိုပါသည်။

ဇာတ်တော်အကျဉ်းမှာ ဘုရားလောင်းငုံးမင်းသည် တောအုပ်၌ ငုံးငှက်ထောင်ပေါင်းများစွာနှင့် အတူနေထိုင်၏။ ထိုတောအုပ်သို့ ငှက်မုဆိုးတစ်ဦးရောက်ရှိလာပြီး ငုံးငှက်များကိုပိုက်ကွန်ဖြင့် ဖမ်းဆီး၍ ရောင်းချအသက်မွေး၏။ ဘုရားလောင်းသည် ငုံးငှက်များ လျော့နည်းလာသည်ကို သိရှိပြီး မုဆိုးရန်မှလွတ်မြောက်ရန် နည်းလမ်းကို ငှက်တို့အား ပြောကြား၏။ ငုံးမင်းပေးသည့် နည်းလမ်းအတိုင်း စည်းလုံးညီညွတ်စွာဖြင့် ပိုက်ကွန်ကို ချီမ၍ ဆူးချုံပေါ်သို့ပစ်ချပြီး ထွက်ပြေးလွတ်မြောက်ကြ၏။ သို့သော် နောင်အခါ၌ အချင်းချင်းခိုက်ရန်ဖြစ်ပွားပြီး ညီညွတ်မှုပြိုကွဲကာ ငှက်မုဆိုး၏ဖမ်းဆီးခြင်းကိုခံရပြီး ပျက်စီးခဲ့ရပါသည်။

ဗုဒ္ဓဟောတော်မူခဲ့သော ဖော်ပြပါဇာတ်တော်သည် ညီညွတ်ခြင်း၏ စွမ်းအားကို အဓိကဖော်ပြထားပါသည်။ ထို့အပြင် ညီညွတ်မှုမရှိလျှင် ရင်ဆိုင်ရမည့်ဆိုးကျိုးများကိုလည်း သတိပြုမိစေပါသည်။ နွားကွဲကျားကိုက်ဟူသောစကားအရ မညီညွတ်ပါက စည်းလုံးမှုပြိုကွဲပြီး အလွယ်တကူပျက်စီးနိုင်ပါသည်။ အချင်းချင်း စိတ်ဝမ်းကွဲပြားမှုကြောင့် သူတစ်ပါး၏ ဖိနှိပ်စိုးမိုးမှုခံရကြောင်း ကို ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းတို့၌ အထင်အရှား တွေ့နိုင်ပါသည်။

ဇန်နဝါရီ ၁၂ ရက်က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ၄ရွှေဝါခန်းမ၌ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခဲ့ကြစဉ်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်များသည် ပင်လုံညီလာခံသို့ တက်ရောက်ကြပြီး လွတ်လပ်ရေးအတွက် အရေးပါသော ပြည်မနှင့် တောင်တန်းဒေသပူးပေါင်းရေး၊ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုအား လက်မခံရေးတို့ကို ဆွေးနွေးကြပါသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဗိုလ်ချုပ်နှင့် တောင်တန်းဒေသကိုယ်စားလှယ် ၂၁ ဦးတို့သည် တောင်တန်းဒေသများက ပြည်မကြီးနှင့် ပူးပေါင်းရန် သဘောတူညီသော ပင်လုံစာချုပ်ကို အောင်မြင်စွာလက်မှတ်ရေးထိုး ချုပ်ဆိုနိုင်ခဲ့ပါသည်။ ထိုစာချုပ်ကြောင့်ပင် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ၏လွတ်လပ်ရေးကိုရရှိခဲ့ပါသည်။

သို့သော် လွတ်လပ်ရေးရရှိပြီး နောက်ပိုင်း မကြာမီ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲခဲ့သဖြင့် လက်နက်ကိုင် တိုက်ခိုက်ကြသည့်အခြေအနေသို့ ရောက်ရှိခဲ့ရသည်မှာ ယနေ့အထိနှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီ ဖြစ်ပါသည်။ ယခုအခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသောတိုင်းရင်းသားညီအစ်ကို မောင်နှမများသည် ငြိမ်းချမ်းရေးကို လိုလားတောင့်တနေကြပြီ ဖြစ်ပါသည်။ ညီညွတ်မှုရှိမှလည်း ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ အတိတ်က မငြိမ်းချမ်းခဲ့မှုကြောင့် ဆုံးရှုံးမှုပေါင်းများစွာ ကြုံတွေ့ခံစားခဲ့ရပြီဖြစ်သည်။ စစ်ပွဲများကြောင့် မိဘတို့ကို ဆုံးရှုံးကြရသည်။ သားသမီးတို့ကို ဆုံးရှုံးကြရသည်။ ဇနီးခင်ပွန်းတို့ကို ဆုံးရှုံးကြရသည်။ အတိတ်ကာလကဖြစ်ရပ်များကို သင်ခန်းစာယူ၍ ယခုအခါတွင် ငြိမ်းချမ်းရေးရရှိရန် အမျိုးသားအဆင့် ကြိုးပမ်းနေကြပြီဖြစ်သည်။ တစ်ဦးနှင့် တစ်ဦး သံသယများ၊ အမုန်းတရားများ ပယ်ဖျက်ပြီး အချင်းချင်း ပေါင်းစည်း၍ ထာဝရငြိမ်းချမ်းရေးရရှိအောင် ပူးပေါင်းဆောင်ရွက်နေကြပြီဖြစ်ပါသည်။

ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်သည် ရှုထောင့်၊ အမြင်၊ တိုင်းတာသည့် စံနှုန်းအမျိုးမျိုးရှိနိုင်သော်လည်း တိုးတက်ဖြစ်ထွန်းမှုများရှိနေ၊ တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို မကြာခင် အချိန်အနည်းငယ်အတွင်းတွင် လက်မှတ်ရေးထိုးနိုင်ရန် အားလုံးက ဝိုင်းဝန်းကြိုးပမ်းလျက်ရှိ။

တစ်နိုင်ငံလုံး ငြိမ်းချမ်းသာယာစေရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဗဟိုကော်မတီကို ၂၀၁၂ ခုနှစ်မေလ ၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ယင်း ဗဟိုကော်မတီတွင် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဒုတိယသမ္မတနှစ်ဦး အပါအဝင်အဖွဲ့ဝင် ၁၀ ဦးဖြင့်ဖွဲ့စည်းထားပြီး အကောင်အထည်ဖော်ဆောင်ရွက်နေကြပါသည်။ လုပ်ငန်းကိစ္စများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီကိုလည်း ဒုတိယသမ္မတ(၁)ကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့မှ တိုင်းရင်းသားကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားကာ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၂ရက်နှင့် ၂၃ ရက်နေ့များတွင် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်မူကြမ်းအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းမှုအဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင်လည်း နိုင်ငံတော်သမ္မတကြီးနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခေါင်းဆောင်များသည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ ထိုဆွေးနွေးပွဲ၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်ကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးနှင့် အစိုးရတို့ နှစ်ဖက်သဘောတူညီပြီး လက်မှတ်ရေးထိုးရန်ဆွေးနွေးခဲ့ကြပါသည်။ ပြည်ထောင်စုနေ့သည် နိုင်ငံ၏ သမိုင်းဝင်နေ့ရက်ဖြစ်၍ (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့၌ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ရန် နှစ်ဖက်ပုဂ္ဂိုလ်များ ဆန္ဒရှိကြပါသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၂ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ၄ရွှေဝါခန်းမ၌ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ ထိုဆွေးနွေးပွဲတွင် သမ္မတကြီးက ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်သည် ရှုထောင့်၊ အမြင်၊ တိုင်းတာသည့် စံနှုန်းအမျိုးမျိုး ရှိနိုင်သော်လည်း တိုးတက်ဖြစ်ထွန်းမှုများ ရှိနေကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို မကြာခင် အချိန်အနည်းငယ်အတွင်းတွင် လက်မှတ်ရေးထိုးနိုင်ရန် အားလုံးက ဝိုင်းဝန်းကြိုးပမ်းလျက်ရှိပါကြောင်း၊ NCA ကိုသဘောတူလက်မှတ်ရေးထိုးနိုင်ရေးသည် အဓိကကျသည့် နိုင်ငံရေးဆွေးနွေးပွဲများအဆင့်ကို တက်လှမ်းနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက် ရခြင်းဖြစ်ပါကြောင်း၊ ထိုနိုင်ငံရေးဆွေးနွေးပွဲများသည် မိမိတို့၏ ဘုံရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီထွန်းကားသည့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးကို တည်ဆောက်ရေးအတွက်ပင်ဖြစ်ပါကြောင်း၊ ထိုကိစ္စသည် လက်နက်ကိုင် နိုင်ငံရေးအင်အားစုများအနေဖြင့် အနာဂတ်ကာလတွင် ထိုနိုင်ငံရေးဖြစ်စဉ်အတွင်း တိုက်ရိုက်ပါဝင်ပတ်သက်လာရန် အခြေအနေကောင်းဖန်တီးလာခြင်းဟုလည်း ဆိုရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်(၆၈) နှစ်မြောက်ပြည်ထောင်စုနေ့ကို အမျိုးသားရေး ဦးတည်ချက် (၅)ရပ်ဖြင့်ကျင်းပကြတော့မည်ဖြစ်ပါသည်။ ဒုတိယဦးတည်ချက်ဖြစ်သော ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းမှုရရှိအောင် တိုင်းရင်းသားအားလုံး ပါဝင်ကြိုးပမ်း ဆောင်ရွက်ရေးဟူသောအချက်သည် ဗုဒ္ဓ၏ညီညွတ်သူတို့၏ အကျင့်သည်ချမ်းသာ၏ ဟူသောမိန့်မှာချက်နှင့် ကိုက်ညီနေပေသည်။

ထူးမြတ်လှသည့် သမိုင်းဝင်နေ့ဖြစ်သော ပြည်ထောင်စုနေ့အခါသမယတွင် မြတ်ဗုဒ္ဓ၏ "န ဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီဓ ကုဒါစနံ။ အဝေရေန စ သမ္မန္တိ၊ ဧသဓမ္မော သနန္တနောတိ" **ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ရန်တို့သည် အဘယ်ခါမှ မငြိမ်းအေးနိုင်ကြကုန်၊ ရန်တုံ့မမူခြင်းဖြင့်သာလျှင်ရန်ငြိမ်းအေးကုန်၏**ဟူသော လမ်းညွှန်မှုနှင့်အညီ တစ်ဦးနှင့်တစ်ဦး သံသယကင်းကင်းဖြင့် အမုန်းတရားကိုဖယ်ရှားပြီး မေတ္တာတရားဖြင့်တစ်ဖက်နှင့်တစ်ဖက်ညှိနှိုင်းဆွေးနွေးနိုင်ကြပါစေ။ ငြိမ်းချမ်းရေးတည်ဆောက်နိုင်မှသာ ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်၍ မြန်မာနိုင်ငံအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ်ကို မူလရည်မှန်းထားသည့်အတိုင်း အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ကြပါစေ။ မြန်မာနိုင်ငံသားများ အပါအဝင် လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာပါစေကြောင်း ဆုတောင်း မေတ္တာပို့သပါ၏။ ။

ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀) ပြည့် အထိမ်းအမှတ်ပြပွဲများ ကျင်းပ

တောင်ငူ ဖေဖော်ဝါရီ ၉ (၆၈)နှစ်မြောက်ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ် အောင်ဆန်းမွေးနေ့နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင် ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ငူခရိုင်ရုံး၌ ဖေဖော်ဝါရီ ၁ ရက်မှ စတင်ပြသလျက်ရှိရာကျောင်းသား ကျောင်းသူများနှင့် လေ့လာကြည့်ရှုသူများအား လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ပြပွဲတွင်ဗိုလ်ချုပ်အောင်ဆန်း၏အတ္ထုပတ္တိမှတ်တမ်းဓာတ်ပုံများ၊ ပြည်ထောင်စုနေ့ နှင့်ပတ်သက်သည့် အကြောင်းအရာများ၊ မြန်မာနိုင်ငံကလေးများနေ့ ကျောင်းတွင်း လှုပ်ရှားမှုမှတ်တမ်းတင်ဓာတ်ပုံများအား ခင်းကျင်းပြသခဲ့ပြီး သုတ၊ ရသ၊ ကလေးသူငယ် အင်္ဂလိပ်မြန်မာစာအုပ်စာစောင်မျိုးစုံ ၅၀၀ ခင်းကျင်းပြသခဲ့ရာ လာရောက်ကြည့်ရှုသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုကြသည်။ **မောင်ရွှေဝင်း(ပြည်)**

လွှတ်တော်ရေးရာ

ပြည်သူ့လွှတ်တော်အစည်းအဝေး

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအား အဆင့်တိုးမြှင့်ပေးလျက်ရှိပြီး ဆရာ ဆရာမများ၏ ထောက်ပံ့ငွေအချိုးကျတိုးမြှင့်ပေးမည်

နေပြည်တော် ဖေဖော်ဝါရီ ၉

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် သာသနာရေး၊ တစ်နိုင်ငံလုံး Call Center များ ဆောင်ရွက်ပေးနိုင်ရေး၊ ကျေးလက်လမ်းပြုပြင်ပေးနိုင်ရေးနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ အဆင့်မြှင့်တင်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်းသည့် မေးခွန်းများ မေးမြန်းဖြေကြားခဲ့ကြသည်။

ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၏ **“Call Center များအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် စိုက်ပျိုးရေး မျိုး၊ နည်းပညာနှင့်အရင်းအနှီး ရရှိရန်လိုအပ်ပါကြောင်း၊ IT ခေတ်တွင် ခေတ်မီဆက်သွယ်ရေးစနစ်ဖြစ်သည့် မိုဘိုင်းတယ်လီဖုန်းများကို ဝန်ထမ်းများနှင့် တောင်သူများပါ သုံးစွဲလာနိုင်သောကြောင့် တောင်သူများအနေဖြင့် မျိုးစေ့လိုအပ်ချက်များ၊ ပိုးမွှားပြဿနာများ၊ ဈေးကွက်သတင်းများ၊ ရေရရှိရေးနှင့် မြေပြုပြင်ရေးတို့အတွက် ထွန်စက်လိုအပ်ချက်ကို ဝန်ထမ်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် ဖုန်းနံပါတ်များကို ဗွီနိုင်းဖြင့် စိုက်ထူထားပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါလိုအပ်ချက်များအတွက် မိုဘိုင်းဖုန်းဖြင့် ဆက်သွယ်နိုင်ရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထူထောင်ဆောင်ရွက်

ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်ဌေး ဖြေကြားစဉ်။ (သတင်းစဉ်)

လျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်၍ ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်က **“နိုင်ငံတော်တစ်ဝန်း အနယ်နယ်အရပ်ရပ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအား အဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ထောက်ပံ့မှုပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း”** အဆိုကိုတင်သွင်းရာ လွှတ်တော်က အတည်ပြုခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်ဌေးက ဘုန်းတော်ကြီးသင်ပညာရေးကျောင်း မူလတန်းကျောင်း၊ မူလတန်းလွန်အဆင့် တိုးမြှင့်ခြင်းကို သတ်မှတ်ချက်များနှင့် ပြည့်စုံပါက မူလတန်းလွန်ကျောင်းအဆင့်သို့ ဝန်ကြီးဌာန စီမံခန့်ခွဲရေးဆိုင်ရာ ကော်မတီအစည်းအဝေးဆုံး

ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

ဖြတ်ချက်ဖြင့် ဖွင့်လှစ်ခွင့်ပြုခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မူလတန်းလွန်၊ အလယ်တန်း၊ အထက်တန်း အဆင့်သို့ အဆင့်ဆင့်တိုးမြှင့်လျှောက်ထားခြင်းတို့ကို သတ်မှတ်ချက်နှင့် ပြည့်စုံညီညွတ်ပါက အမြန်တိုးမြှင့်ဆောင်ရွက်ပေးရန် သက်ဆိုင်ရာများသို့လျှောက်ထားခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကြီးကြပ်ရေးအဖွဲ့ဆရာတော်များက အတည်ပြုပေးပို့လာသော ကျောင်းသားစာရင်းများအရ ဆရာ ဆရာမများ၏ ထောက်ပံ့ငွေကို အချိုးကျတိုးမြှင့် ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

ပြုစုပျိုးထောင်နိုင်မည့် မူးယစ်ပညာပေး လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ပေးနိုင်မည့် စီမံကိန်းမျိုးဆောင်ရွက်ပေးရန် ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၉

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၁၅)ရက်မြောက်နေ့ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၅) မှ ဦးနိုင်ထွန်းအုံ၏ **ဝန်ထမ်းများ ခရီးသွားလာရာတွင် ခရီးသွားလာစရိတ်ကို သင့်တော်သောနှုန်းထား အသစ်တစ်မျိုးဖြင့် ပြောင်းလဲသတ်မှတ်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က နိုင်ငံ့ဝန်ထမ်းများတာဝန်ဖြင့် ခရီးသွားလာရာတွင် ပြောင်းလဲလျက်ရှိသည့် လူနေမှုစရိတ်၊ လစာနှုန်းတို့နှင့် လိုက်လျောညီထွေဖြစ်စေမည့်ခရီးစရိတ်နှုန်းထားဖြစ်စေရေးဆောင်ရွက်နိုင်ရန် ဌာနအဖွဲ့အစည်းများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် စက်တင်ဘာလအထိ ကျခံသုံးစွဲခဲ့သည့် အသုံးစရိတ်များကို တောင်းခံ၍ ပြန်လည်စိစစ်ခြင်း၊ ဝန်ကြီးဌာနများ၏ သဘောထားများ တောင်းခံထားခြင်းတို့အပြင် ကျွမ်းကျင်ပညာရှင်များ၏ သဘောထားအကြံများကို ပါရယူ၍ ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် တည်းခိုနေထိုင်စရိတ်အပါအဝင် ခရီးသွားနေ့တွက်စရိတ်နှုန်းအား ဝန်ထမ်းများ နစ်နာမှုမရှိစေရေးအတွက် သင့်တော်သည့်နှုန်းထားအသစ်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြောင်းလဲသတ်မှတ်နိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင်က ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုသည့်အတိုင်း ဆက်လက်ထားရှိရန်နှင့် ပုဒ်မအချို့

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဂျေယောဂူ ဆွေးနွေးစဉ်။ (သတင်းစဉ်)

အား ပြင်ဆင်လိုပါကြောင်းဖြင့် ဆွေးနွေးရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဥပဒေဘာသာပြန် ဥပဒေကြမ်းကို ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်သည်။

အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း၏ **မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး၏ ကျေးကျွန်အဖြစ်သို့ ရောက်ရှိနေကြသော လူငယ်လူရွယ်များကို လူထုဗဟိုပြုအဖွဲ့အစည်းများနှင့် တာဝန်ရှိအစိုးရဌာနဆိုင်ရာများ၊ INGO ၊ NGO အဖွဲ့အစည်းများ ပူးပေါင်း၍ မြို့နယ်တိုင်းတွင် လူငယ်များ လမ်းမှားပေါ်မရောက်ရှိစေရန် အတွက် ပြုစုပျိုးထောင်ပေးမည့် မူးယစ်ပညာပေး လေ့ကျင့်ရေးစခန်းများဖွင့်လှစ်ပေးနိုင်မည့် စီမံကိန်းမျိုး အမြန်ဆုံးဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဂျေယောဝူက မြန်မာနိုင်ငံတွင် မူးယစ်ကျေးကျွန်ဘဝအဖြစ်သို့ ရောက်ရှိနေကြသည့် လူငယ်လူရွယ်များကို လူထုဗဟိုပြုအဖွဲ့အစည်းများနှင့် INGO ၊ NGO အဖွဲ့အစည်းများ ပူးပေါင်း၍ မြို့နယ်တိုင်း၌ လူငယ်များလမ်းမှားပေါ် မရောက်ရှိစေရေး အတွက် ပြုစုပျိုးထောင်နိုင်မည့် မူးယစ်ပညာပေး လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ပေးနိုင်မည့် စီမံကိန်းမျိုး အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် ထောက်ခံဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစောထွန်းမြအောင်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကိုအရှိန်အဟုန်ဖြင့် ရပ်ကွက်၊ကျေးရွာ ဆရာ ၊ ဆရာမ၊ မြို့မိ မြို့ဖ ပါဝင်သည့် အသင်းအဖွဲ့များဖွဲ့စည်းပြီး သုံးစွဲသူများကို ဖော်ထုတ်ကုသခြင်း၊ ရောင်းဝယ်သူ ဖြန့်ဖြူးသူများကို ထိရောက်စွာ ဖော်ထုတ်အရေးယူခြင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ လိုအပ်သော မြို့ကြီးများတွင် မူးယစ်ဆေးသုံးစွဲသူ ဖော်ထုတ်ရေးအဖွဲ့၊ ကုသရေးအဖွဲ့များ၊ ပညာပေးရေးအဖွဲ့များပိုမိုထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခက်ထိန်နန်က အိမ်နီးချင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို အမီလိုက်နိုင်ရန် လူငယ်များ မူးယစ်ဆေးဝါးကင်းစင်ပြီး ကိုယ်ရည်ကိုယ်သွေးကောင်းမွန်မှုသည် အဓိက အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးစခန်းများ ဆောင်ရွက်လျက်ရှိသော်လည်း ဆက်လက်တိုးချဲ့ဖွင့်လှစ်ရန်နှင့် ကျစ်ကျစ်လျစ်လျစ်ထိထိရောက်ရောက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူးဖော့က မြို့နယ်တိုင်းတွင် မူးယစ်ပညာပေးအစီအစဉ်များ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ကျောင်းသားလူငယ်များနှင့် လူငယ်များ လမ်းကြောင်းမှန်ပေါ်သို့ လျှောက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးသယ်ဆောင်သူများ၊ လက်လီ လက်ကား ဖြန့်ဖြူးသူများနှင့် ရောင်းဝယ်သူများကို မျက်နှာမလိုက် ဘက်မလိုက်ဘဲ မည်သည့်အဆင့် ပုဂ္ဂိုလ်မျိုးကိုမဆို ဥပဒေအရ ထိထိရောက်ရောက်ဖော်ထုတ်အရေးယူခြင်းဖြင့် တိုင်းပြည်အတွက် ရလဒ်ကောင်းများ ဖြစ်လာနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက မြန်မာနိုင်ငံသည် ၁၉၆၁ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ ၁၉၈၈ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများတရားမဝင် သယ်ဆောင်ရောင်းဝယ်မှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို အဆင့်ဆင့်ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုကွပ်ကဲမှုအောက်တွင် မူးယစ်ဆေးစွဲသူများကို ဆေးဝါးကုသပေးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရွှေပြည်အေး၊ တီးမ၊ ရွှေပြည်သစ် စသည့် လူငယ်ပြုစုပျိုးထောင်ရေးစခန်းများ ဖွင့်လှစ်ထားရှိပါကြောင်း၊ ကိုယ်တိုင် လာရောက်ဆေးဖြတ်သူများနှင့် မိဘများလာရောက်ပို့အပ်ဆေးဖြတ်သူများကို အရေးယူခြင်းမပြုဘဲ ဆေးဖြတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါး သုံးစွဲသူများကို မူးယစ်ဆေးစွဲလမ်းနေသော ဝေဒနာရှင်များအဖြစ် ရှုမြင်လာသည့် နိုင်ငံတကာ အမြင်သဘောထားများအရ ပြစ်မှုကြောင်းဖြင့် အရေးယူခြင်းမပြုဘဲ ကျန်းမာရေးဆိုင်ရာ ပြဿနာတစ်ခုအဖြစ်ရှုမြင်၍ ဆေးကုသပေးခြင်း၊ ပြန်လည်ထူထောင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါး သုံးစွဲမှုလျှော့ချရေးအတွက် မူးယစ်ဆေးစွဲရောဂါကုသရေးလုပ်ငန်းများကို စီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်များအားလုံး၌ ကျောင်းသားလူငယ်များနှင့် ကျောင်းပြင်ပရောက်လူငယ်များကို မူးယစ်ဆေးဝါးသုံးစွဲမှုမှ ကြိုတင်ကာကွယ်နိုင်ရန် မူးယစ်ဆေးဝါးဆိုးကျိုးအကြောင်း၊ ဥပဒေပြစ်ဒဏ်များအကြောင်း နားလည်သဘောပေါက်စေရန် ဟောပြောပွဲများ၊ ပညာပေးကဏ္ဍအစီအစဉ်များဖြင့် အသိပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများကို နှိမ်နင်းနိုင်ရန် မူးယစ်တပ်ဖွဲ့စု (၅၀)ကို တိုးချဲ့ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးစွဲသူလူငယ်များ စနစ်တကျဆေးကုသမှုခံယူနိုင်ရန်၊ စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာ မြင့်မားတိုးတက်လာစေရန်နှင့် အသက်မွေးဝမ်းကျောင်းပညာများတတ်မြောက်သည့် လူငယ်များအဖြစ် ပြောင်းလဲတိုးတက်လာစေရန် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များက ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းလေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဖေသောင်း တင်သွင်းသည့်အဆိုအား လွှတ်တော်က အတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

❄ *ရှေ့ဖုံးမှ*

ပင်လယ်ဝတွင် ရာသီဥတုအခြေအနေများနှင့် ပင်လယ်ပြင်အနေအထားကို အချက်အလက်တိကျစွာ သိရှိရပါက ဘေးအန္တရာယ်ကင်းစွာ ရေယာဉ်နှင့် သင်္ဘောများ ခုတ်မောင်းသွားလာနိုင်ကြမည်ဖြစ်သည်။ ယင်းအချက်အလက်များကို ရေယာဉ်နှင့် သင်္ဘောများအား အချိန်မီထုတ်ပြန်ပေးသွားခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းစေရန် အထောက်အကူပြုမည်ဖြစ်သည်။

ပင်လယ်ဝ ရေပြင်အကျယ်မှာ ကျိုက္ခမိမှ ဘီလူးကျွန်း၊ ဇီးကုန်းကမ်းခြေအထိ ရှိနေရာ မော်လမြိုင်အထိ ဝင်ရောက်မည့် ရေလမ်းကြောင်းအတွက် ရေယာဉ်များအနေဖြင့် ပင်လယ်ဝတွင် လှိုင်းအခြေအနေ၊ ရာသီဥတုအခြေအနေနှင့် ရေစီးနှုန်းအနေအထားများကို ကြိုတင်သိရှိထားရန် လိုအပ်လေသည်။

ကျိုက္ခမိအနီးပင်လယ်ဝမှ မော်လမြိုင်အထိ ရေလမ်းခရီး ၂၈ မိုင်ရှိရာ ပုံမှန်ဝင်ရောက်နေသော ရေယာဉ်နှင့် သင်္ဘောများအပြင် ကျောက်တင်ရေယာဉ်များ၊ ဘိလပ်မြေရေယာဉ်များ ဝင်ရောက်လျက်ရှိသည်။ တစ်ဖန် ကျိုက်မရော(ပျားကောင်)တွင် ဆောက်လုပ်မည့် ဘိလပ်မြေစက်ရုံအတွက် အထောက်အကူပြုရေယာဉ်များ ဝင်ရောက်လျက်ရှိသည်။

တစ်ဖန် ကျိုက္ခမိအနီးပင်လယ်ဝတွင် ပိတ်ဆို့နေသောသောင်ခုံများရှိနေရာ ရေလမ်းကြောင်းပြောင်းလဲခြင်းများလည်း ရှိနေပြီဖြစ်သည်။

ထို့အပြင် မိုးရာသီတွင် ပင်လယ်ဝ၌ လှိုင်းလေပြင်းထန်သဖြင့် ရေယာဉ်ကြီးများ ဝင်ထွက်ဆိုက်ကပ်ရာတွင် အခက်အခဲ အဟန့်အတားများရှိနေရာ Directional Waverider GPS ထားရှိခြင်းဖြင့် ရေယာဉ်နှင့် သင်္ဘောများအတွက် အခက်အခဲများကို ကြိုတင်သိရှိရှောင်ရှားနိုင်မည်ဖြစ်သည်။

ယခုအခါ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်လက်အောက် မော်လမြိုင်ဆိပ်ကမ်းနှင့် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုတို့က ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးစားနေပြီဖြစ်ရာ မကြာမီအကောင်အထည်ပေါ်လာတော့မည်ဖြစ်သည်။ တန်ဖိုးကြီးမားသည့် Directional Waverider GPS လုံခြုံရေးအတွက်လည်း ဂရုစိုက်ရမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဆီယံနိုင်ငံများမှ ကာကွယ်ရေးဦးစီးချုပ်များနှင့် နိုင်ငံအလိုက် သီးခြားစီတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၉

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပပြုလုပ်မည့်(၁၂)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၊ အလွတ်သဘောအစည်းအဝေး (12th ACD-FIM) သို့တက်ရောက်မည့် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် Shangri-La Hotel၊ Bilateral Meeting Room ၌ နှစ်နိုင်ငံသီးခြားစီ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဘရူနိုင်းနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Major Geneal Dato Paduka Seri Mohd Tawih Bin Abdullah၊ ဖိလစ်ပိုင်နိုင်ငံ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် Lieutenant Geneal John Sarmiento Bonafos AFP၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Worapong Sangan-etra၊ စင်ကာပူနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lieutenant Genaral Ng Chee Meng၊ ကမ္ဘောဒီးယားနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Pol Saroeun၊ အင်ဒိုနီးရှားနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Dr. Moeldoko၊ လာအိုပြည်သူ့တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် Brigadier General Khamlieng Outhakasone၊ မလေးရှားနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri(Dr.) Haji Zukifeli Bin Mohd Zin**(ဝဲပုံ)**တို့နှင့်နိုင်ငံအလိုက် သီးခြားစီ တွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲများအပြီးတွင် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြပြီး စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

မုံရွာတက္ကသိုလ်၌ ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် မွေးနေ့ စကားရည်လုပွဲကျင်းပ

မုံရွာ ဖေဖော်ဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာတက္ကသိုလ်၌ ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀) ပြည့်မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် စကားရည်လုပွဲကို ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီက နှစ်ထပ်ဆောင်(B)၌ ကျင်းပရာ မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာကျော်ထွန်း၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဘာသာရပ်ပေါင်းစုံမှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်က အမှာစကားပြောကြားပြီး လူငယ်သည် ဥစ္စာထက်ပညာကို မြတ်နိုးသင့်သည် ခေါင်းစဉ်ဖြင့် ဘာသာရပ်ပေါင်းစုံမှ အဆိုရှင်နှစ်ဖွဲ့နှင့် အချေရှင် နှစ်ဖွဲ့တို့က စကားရည်လုကြသည်။ ဆက်လက်ပြီး စကားရည်လုပွဲတွင် ဆုရရှိသောအဖွဲ့များအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ညှော်ခံသည့် ဂုဏ်ပြုညစာစားပွဲတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၉

(၁၂)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (12th ACDFIM) သို့ တက်ရောက်ရန်အတွက် မလေးရှားနိုင်ငံသို့ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် ည ၈ နာရီခွဲတွင် Shangri-La Hotel ရှိ Sarawak Room ၌ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato'Sri(Dr.)Zulkifeli Bin Mohd Zin နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။ **(ယာပုံ)**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ မြန်မာ့တပ်မတော်ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato'Sri(Dr.)Zulkifeli Bin Mohd Zin က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ညစာစားပွဲသို့ တက်ရောက်လာသော အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့်အတူ ညစာအတူတကွသုံးဆောင်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မလေးရှားတပ်မတော်တေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ညစာ သုံးဆောင်အပြီး တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် ဇနီးများတို့နှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

❑ ***ရှေ့ဖုံးမှ***

China Shipping အနေဖြင့် မြန်မာနိုင်ငံသို့ ကုန်သေတ္တာဖြင့် ကုန်သွယ်မှုကို ဝန်ဆောင်မှုပေးသောဈေးကွက်ကို ဆက်လက်ဦးဆောင်နိုင်ရန်အတွက် တရုတ်-မြန်မာ တိုက်ရိုက်ကုန်သွယ်မှုအတွက် ကုန်သေတ္တာသင်္ဘောလေးစင်းဖြင့် ပြေးဆွဲသွားမည်ဖြစ်သည်။ ဝန်ဆောင်မှုအသစ်များဖြစ်သော အရှေ့တောင်အာရှနိုင်ငံများဖြင့် ကုန်သွယ်မှု၊ တရုတ်-မြန်မာ တိုက်ရိုက်ကုန်သွယ်မှုတို့ကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ ယခုကဲ့သို့ တရုတ်နိုင်ငံအရှေ့ပိုင်းကမ်းခြေမှရန်ကုန်သို့ တိုက်ရိုက်ဝန်ဆောင်မှု ပြုလုပ်ခြင်းဖြင့် လမ်းခရီးကြာမြင့်ချိန် မူလ ၁၈ ရက်မှ ၂၅ ရက်အထိ ကြာမြင့်ခဲ့ရာမှ ယခုလိုင်းသစ်ဖြင့် ၁၃ ရက်အထိ လျှော့ချနိုင်ခဲ့သည်။

ထိုသို့ကောင်းမွန်သော ဝန်ဆောင်မှုများကို မြန်မာနိုင်ငံမှ လုပ်ငန်းရှင်ကြီးများအတွက် ပေးစွမ်းနိုင်ခြင်းဖြင့် ယခင်က အခက်အခဲတစ်ခုဖြစ်ခဲ့သော ကြားခံဆိပ်ကမ်း၌ အချိန်ကြာမြင့်နေခြင်း (Transhipment Delay) နှင့် ပင်လယ်ခရီးကြာမြင့်ချိန် (Unstable cargo transit time) ခန့်မှန်းရခက်ခဲခြင်းတို့ကို ကျော်လွှားနိုင်၊ ဖြေရှင်းပေးနိုင်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံလုပ်ငန်းရှင်များအနေဖြင့် တရုတ်နိုင်ငံနှင့်ကုန်သွယ်မှုအပြင် အခြား အရှေ့တောင်အာရှစီးပွားဖက်နိုင်ငံများဖြစ်ကြသော စင်ကာပူ၊ မလေးရှား၊ ထိုင်း စသည့်နိုင်ငံများနှင့်ကုန်သွယ်ရာတွင်လည်း ကုန်ထုတ်လုပ်သူ၊ ကုန်သွယ်သူများအနေဖြင့် ဤသို့တိုက်ရိုက်လိုင်းများပြေးဆွဲခြင်းဖြင့် များစွာအကျိုးရှိစေမည်ဖြစ်သည်။ ယခုဝန်ဆောင်မှုအသစ်တွင် သင်္ဘောလေးစင်းဖြင့် တိုးချဲ့ပြေးဆွဲမည်ဖြစ်သည်။

ယခုအခါ စုစုပေါင်းသင်္ဘောခုနစ်စင်းဖြင့် ရန်ကုန်သို့အပတ်စဉ် ကုန်သေတ္တာ အလုံး ၁၈၀၀ ခန့်သယ်ယူပေးနိုင်ခြင်းဖြင့် China Shipping အနေဖြင့် ဈေးကွက်၏ ၂၀ ရာခိုင်နှုန်းကို ရရှိထားသည်။ ယခုအချိန်အထိ China Shipping သည် ကုန်သေတ္တာဖြင့် တိုက်ရိုက်ကုန်သွယ်မှု ဝန်ဆောင်မှုပေးခြင်းကို တရုတ်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်တို့နှင့် အပြန်အလှန်သယ်ယူပို့ဆောင်ပေးနိုင်ပြီဖြစ်ရာ မြန်မာနိုင်ငံကို အခြေပြုပြီး သင်္ဘောများ ချိတ်ဆက်သွားလာသယ်ဆောင်နေနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်ပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးက ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်ပြိုင်ပွဲကို ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်ရှိ ရင်သွေးရတနာ မူကြိုကျောင်း၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ပြိုင်ပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ရင်သွေးရတနာ၊ တော်ဝင်ရတနာ၊ နန်းထိုက်ရတနာ မူကြိုကျောင်းအပြင် ကိုယ့်အားကိုယ်ကိုးမူကြိုနှင့် ပုဂ္ဂလိက မူကြိုစုစုပေါင်း ၂၅ ကျောင်းတို့မှ ရင်သွေးငယ်ကလေး ၅၀၀ ခန့်တို့က ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀) ပြည့်မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် ကဗျာ၊ ပုံပြင်၊ ကာယစွမ်းရည်ပြိုင်ပွဲ၊ စုပေါင်းသီချင်းဆိုပြိုင်ပွဲနှင့် အက ပြိုင်ပွဲတို့ဖြင့် ယှဉ်ပြိုင်ကျင်းပသည်။

အဆိုပါ အထိမ်းအမှတ်ပြိုင်ပွဲများကို တော်ဝင်ရတနာတွင် ဖေဖော်ဝါရီ ၁၀ ရက်နှင့် နန်းထိုက်ရတနာတွင် ဖေဖော်ဝါရီ ၁၁ ရက်တို့တွင် ဆက်လက်ယှဉ်ပြိုင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

နိုင်ငံကြီးသားပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၂)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေးတက်ရောက်ရန် မလေးရှားသို့ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပပြုလုပ်မည့် (၁၂)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး 12th ASEAN Military Chief of Defense Force Informal Meeting (12th ACDFIM)သို့ တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြပြီး ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်သို့ ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မလေးရှားနိုင်ငံတပ်မတော်မှ Maj-General Dato' Hanafiah Jaafar (Assistant Chief Of Staff, Defence Logistic)၊ Maj-General Dato' Dr. Jaacob Koming (Director-General of Armed Forces Health Services)၊ Brig-Gen Dato' Mohd Azmi Borhan (Armed Forces Provost Marshall)၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် စစ်သံမှူးတို့က လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(မြဝတီ)

နားလည်မှု ပိုမိုရရှိပါမှ ရည်မှန်းချက်အောင်မြင်မည်

သတင်းအဖွဲ့

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးအတွက် ကျောင်းသားများ ဆန္ဒပြတောင်းဆိုနေသည်ကို တွေ့ရှိရသည်။ ယင်းပညာရေးဥပဒေနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက တစ်ဖက်သတ်ရေးဆွဲထားသောဥပဒေဖြစ်ကြောင်း ဝေဖန်ပြောဆိုမှုများကိုလည်း ကြားသိရသည်။ သို့ဖြစ်၍ အမျိုးသားပညာရေးဥပဒေပြဋ္ဌာန်းဖြစ်ခဲ့ပုံနှင့်စပ်လျဉ်း၍ တာဝန်ရှိသူအချို့အား တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

“အမျိုးသားပညာရေးဥပဒေဟာ ပညာရေး ဝန်ကြီးဌာနက သူ့ဘာသာသူ ရေးဆွဲခဲ့တာ မဟုတ်ပါဘူး။”

ဦးတင်နိုင်သိန်း
ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန

မေး။ အမျိုးသားပညာရေးဥပဒေကို ဘယ်လိုစတင်ရေးဆွဲခဲ့သလဲဆိုတာ သိပါရစေ။

ဖြေ။ အစိုးရစတင်တာဝန်ယူတဲ့အချိန်ကစပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်တွေ များစွာလိုတဲ့အတွက် နိုင်ငံတော်သမ္မတအနေနဲ့ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍကို အထူးအလေးထားအာရုံစိုက်အားပေးလာခဲ့ပါတယ်။

လက်တွေ့ကျတဲ့ ပညာရေးပြုပြင်ပြောင်းလဲမှု ဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့မှာ နေပြည်တော် MICC ခန်းမမှာ လွှတ်တော်ကိုယ်စားလှယ်တွေ၊ တိုင်းဒေသကြီး/ပြည်နယ်ကိုယ်စားလှယ်တွေ၊ ပညာရေးဌာနကိုယ်စားလှယ်တွေ၊ လူမှုအဖွဲ့အစည်းကိုယ်စားလှယ်တွေ၊ ပညာရှင်တွေနဲ့ ကျင်းပခဲ့ပါတယ်။ ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတကာစံမီ ပညာရေးဖြစ်ဖို့နဲ့ အနာဂတ်နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်ပေါ် ထွန်းလာဖို့၊ အနာဂတ်ဒီမိုကရေစီ မြန်မာ့လူ့အဖွဲ့အစည်းနဲ့ အံဝင်ခွင်ကျဖြစ်ပြီး ဗလငါးတန်ပြည့်ဝသူတွေ တီထွင်ဖန်တီးနိုင်စွမ်းရှိသူတွေ လေ့ကျင့်ပြုစုပျိုးထောင်ဖို့၊ အမျိုးသားပညာရေးဟာ တိုင်းရင်းသားအားလုံးရဲ့ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာတွေ မြန်မာ့တန်ဖိုးတွေ မပျောက်ပျက်စေဘဲ မူဟန်မယွင်း ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်နိုင်တဲ့ ပညာရေးဖြစ်ဖို့ ဦးတည်ပြီး ပညာရေးကဏ္ဍမှာ ကောင်းမွန်တဲ့အချက်တွေ ရှိသလိုပဲ အားနည်းချက် ချို့ယွင်းချက်တွေလည်းရှိတဲ့အတွက် လက်တွေ့ကျကျ ပြုပြင်ပြောင်းလဲနိုင်အောင် ရည်ရွယ်ကျင်းပတာဖြစ်ပါတယ်။

အဲ့ဒီအချိန်မှာ ယခင်ပညာရေးဝန်ကြီး နာမကျန်းဖြစ်နေတဲ့အတွက် လုပ်ငန်းတွေ အရှိန်အဟုန်မပျက် အကောင်အထည်ဖော်နိုင်ဖို့ ကျွန်တော့်ကို စတင်တာဝန်ပေးအပ်ခဲ့ပါတယ်။ အဲ့ဒီအချိန်က နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်း(၉)ဖွဲ့နဲ့ ပြည်တွင်းပြည်ပ ပညာရှင်တွေက ဘက်စုံလွှမ်းခြုံနိုင်တဲ့ ပညာရေးကဏ္ဍ လေ့လာသုံးသပ်မှု (Comprehensive Education Sector Review) အဆင့်(၁) ပြုလုပ်ပြီးချိန်ဖြစ်ပါတယ်။ အဆင့်(၁) အကဲဖြတ်ရရှိချက်အပေါ်မှာ ထောက်ခံအကြံပြုချက်တွေထဲမှာ အမျိုးသားပညာရေးမူဝါဒနဲ့ ဥပဒေရေးဆွဲဖို့ အကြံပြုချက်နဲ့ ကဏ္ဍအလိုက် အကြံပြုချက်တွေပါရှိတဲ့အတွက် အဲ့ဒီအကြံပြုချက်တွေပေါ်မှာ မူတည်ပြီး ပညာရှင်အကြံပေးအဖွဲ့၊ ဘက်စုံလွှမ်းခြုံသောပညာရေးကဏ္ဍ လေ့လာသုံးသပ်မှု (CESR) အဖွဲ့နဲ့ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ (Working Groups) (၁၈)ဖွဲ့တို့က တိုင်းဒေသကြီး/ပြည်နယ်အသီးသီးက တိုင်းရင်းသားလူမျိုးစုတွေအပါအဝင် နိုင်ငံရေးပါတီ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေ စတဲ့ Stakeholders စုံစုံလင်လင်နဲ့ အချိန်ကာလ ငါးလခန့် အချိန်ယူပြီး ဆွေးနွေးညှိနှိုင်းပြီးမှ အမျိုးသားပညာရေးဥပဒေကို ရေးဆွဲခဲ့တာဖြစ်ပါတယ်။ ဆွေးနွေးညှိနှိုင်းတဲ့ကာလတွေမှာလည်း ဒေါက်တာ သိန်းလွင်ဦးဆောင်တဲ့ နိုင်ငံလုံးဆိုင်ရာ ပညာရေးပြုပြင်ပြောင်းလဲမှုကွန်ရက်(NNER)နဲ့ ဆရာအဖွဲ့အစည်း၊ ကျောင်းသားအဖွဲ့အစည်းတွေ ပါဝင်ခဲ့ပါတယ်။

အထက်ကနေ အောက်ကိုသွားတဲ့ပုံစံမျိုးမဟုတ်ဘဲ Stakeholders အားလုံးနဲ့ ကျယ်ကျယ်ပြန့်ပြန့် စတင်ဆွေးနွေးပြီးတော့မှ ဒီဆွေးနွေးချက်ရလဒ်တွေအပေါ် အခြေပြုတဲ့ မူဝါဒတွေ၊ လုပ်ငန်းတွေ ချမှတ်တဲ့လုပ်ငန်းကို ၂၀၁၁ ခုနှစ်ကတည်းက စတင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်ကစပြီး အစိုးရဟာ ဘာပဲလုပ်လုပ် ပြည်သူတွေနဲ့ ပညာရှင်တွေ အကုန်လုံးပါဝင်တဲ့ Stakeholders အားလုံးနဲ့ ဆွေးနွေးပြီးတော့မှ ဆောင်ရွက်တဲ့ စီမံခန့်ခွဲမှုပုံစံ၊ ပြည်သူတွေပူးပေါင်းပါဝင်တဲ့ အုပ်ချုပ်မှုစနစ်ကို တဖြည်းဖြည်း ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

အမျိုးသားပညာရေးဥပဒေကြမ်းရေးဆွဲရာမှာလည်း တိုင်းဒေသကြီး/ပြည်နယ် ဆွေးနွေးပွဲ၊ အမျိုးသားအဆင့်ဆွေးနွေးပွဲတွေကို ငါးလလောက် လုပ်ပါတယ်။ Stakeholders အားလုံးနဲ့ အချိန်ယူပြီး လုပ်ပါတယ်။ အစိုးရရဲ့ စီမံခန့်ခွဲမှုပုံစံ ပညာရေးဝန်ကြီးဌာနသက်သက်ကပဲ ရေးဆွဲတဲ့ပုံစံမဟုတ်ပါဘူး။

အမျိုးသားပညာရေးဥပဒေဟာ ပညာရေးဝန်ကြီးဌာနက သူ့ဘာသာသူရေးဆွဲခဲ့တာ မဟုတ်ပါဘူး။ CESR ခေါ်တဲ့ ဘက်စုံလွှမ်းခြုံတဲ့ ပညာရေးလေ့လာသုံးသပ်မှု ပြည်တွင်းပြည်ပ ပညာရှင်တွေကနေပြီးတော့မှ၊ အားလုံး Frame တည်ပြီးတော့မှ၊ မူဘောင်တည်ပြီးတော့မှ အဲ့ဒီကနေ အကြံပြုထောက်ခံချက်တွေအပေါ်မှာ မူတည်ပြီးတော့မှ မူဘောင်ရေးဆွဲခဲ့တာဖြစ်ပါတယ်။ အဲဒီမူဘောင်ကို တိုင်းဒေသကြီး/ပြည်နယ်တွေမှာ ကျယ်ကျယ်ပြန့်ပြန့်ချပြပြီးတော့မှ အားလုံးစကားလုံးအသုံးအနှုန်းတွေကအစ ကျွန်တော်တို့ အချိန်ယူညှိနှိုင်းပြီး NNER အပါအဝင် အကုန်လုံး ၉၀ ရာခိုင်နှုန်းလောက် သဘောတူပြီးတော့မှ အစိုးရအဖွဲ့ကနေတစ်ဆင့် လွှတ်တော်တင်သွင်းခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ပညာရေးဝန်ကြီးဌာနက အမျိုးသားပညာရေး ဥပဒေကို ရေးဆွဲတင်ပြတာမျိုးမဟုတ်ပါဘူး။ ပြည်တွင်းပြည်ပပညာရှင်တွေရဲ့ လေ့လာသုံးသပ်ညှိနှိုင်းမှုက ပေါ်ထွက်လာတဲ့ ဘက်စုံလွှမ်းခြုံတဲ့ ပညာရေးလေ့လာသုံးသပ်မှု မူဘောင်အတွင်းက ပါဝင်သင့်ပါဝင်ထိုက်တဲ့အဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်တွေနဲ့ အချိန်ယူဆွေးနွေးညှိနှိုင်းပြီး ရေးဆွဲတင်ပြခဲ့တာဖြစ်ပါတယ်။

မေး။ အမျိုးသားပညာရေးဥပဒေပြင်ဆင်ပေးဖို့ ကျောင်းသားတွေရဲ့ အဓိက တောင်းဆိုချက်တွေနဲ့ အစိုးရဘက်က ဆက်လက်ဆောင်ရွက်ပေးမယ့်အစီအစဉ်တွေကို သိပါရစေ။

ဖြေ။ အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးနဲ့စပ်လျဉ်းပြီး ကျောင်းသားတွေ အဓိကတောင်းဆိုတဲ့ အချက်(၁၁)ချက်ရှိပါတယ်။ ဒီတောင်းဆိုချက် (၁၁)ချက်ထဲမှာ အချို့အချက်တွေကို ပညာရေးဝန်ကြီးဌာနက လိုက်လျောပြင်ဆင်ပေးနိုင်ပါတယ်။ အချို့အချက်တွေကတော့ ပညာရေးဝန်ကြီးဌာနနဲ့ အစိုးရပိုင်းက ဆုံးဖြတ်ဆောင်ရွက်ပိုင်ခွင့်ရှိတဲ့ အတိုင်းအတာထက်ကျော်လွန်နေတဲ့အတွက် လွှတ်တော်ပိုင်းမှာ ဆက်လက်ဆွေးနွေးပြီး အဆုံးအဖြတ်ပြုရမယ့်ကိစ္စဖြစ်ပါတယ်။ ဒီအခြေအနေကိုလည်း ဖေဖော်ဝါရီလ ၁ ရက်နေ့က စိန်ရတုခန်းမမှာ လွှတ်တော်ကိုယ်စားလှယ်တွေ၊ NNER ကိုယ်စားလှယ်တွေနဲ့ ကျောင်းသားကိုယ်စားလှယ်တွေကို ကျွန်တော်ကိုယ်တိုင် ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဥပမာအားဖြင့် ပညာရေးအသုံးစရိတ်ကို တစ်နိုင်ငံလုံးအသုံးစရိတ်ရဲ့ ၂၀ ရာခိုင်နှုန်း သတ်မှတ်ရေးကိစ္စနဲ့စပ်လျဉ်းပြီး အစိုးရပိုင်းက ဥပဒေထဲမှာ ထည့်သွင်းရေးဆွဲညှိနှိုင်း အဆုံးအဖြတ်ပေးဖို့အခက်အခဲရှိပါတယ်။ အစိုးရကတော့ တစ်နှစ်ထက်တစ်နှစ် ပညာရေးအသုံးစရိတ်ကို တိုးတက်သုံးစွဲသွားဖို့ အစီအစဉ်ရှိပြီး ဖြစ်ပါတယ်။ တခြားနိုင်ငံတွေရဲ့ ပညာရေးဥပဒေတွေမှာလည်း ထည့်သွင်းရေးဆွဲလေ့မရှိဘူးလို့ ပညာရှင်တွေရဲ့ လေ့လာချက်အရသိရှိရပါတယ်။

အလားတူ တိုင်းရင်းသားလူမျိုးစုတွေရဲ့ စာပေ၊ ဘာသာစကားနဲ့ပတ်သက်ရင်လည်း ပြဋ္ဌာန်းပြီးတဲ့ ဥပဒေပုဒ်မ ၄၂၊ ၄၃၊ ၄၄ တို့မှာ ပြဋ္ဌာန်းပါရှိပြီးဖြစ်ပေမယ့် မိခင်ဘာသာစကားအခြေပြုဘာသာစကားစုံပညာရေးစနစ် ထည့်သွင်းပြင်ဆင်ရေးကိုတော့ ဥပဒေပြုအဖွဲ့အစည်းဖြစ်တဲ့၊ တိုင်းရင်းသားအဖွဲ့အစည်း ကိုယ်စားလှယ်တွေပါတဲ့ လွှတ်တော်မှာ ထပ်မံဆွေးနွေးညှိနှိုင်းပြီးမှ ဆုံးဖြတ်သင့်တဲ့ ကိစ္စဖြစ်ပါတယ်။

ဒါကြောင့် ကျောင်းသားတွေရဲ့တောင်းဆိုချက် (၁၁)ချက်အားလုံးကို ခြုံပြောရရင် ပြင်မပေးဘူးဆိုတဲ့ အနေအထားမရှိပါဘူး။ ဆွေးနွေးပြီးတော့မှ ပြင်ဆင်သင့်တာတွေကို အကုန်လုံး ပြင်ဆင်ပေးမယ်။ တချို့စကားလုံးအသုံးအနှုန်းတွေကိုကျတော့ ပြန်လည်ပြီးမှ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးစုတွေနဲ့ ပညာရှင်တွေနဲ့ ဆွေးနွေးရမယ့်အချက်တွေ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အခုရက်ပိုင်းမှာ ထပ်မံပြီးတော့မှ ဆွေးနွေးပွဲတွေ ပြန်လည်စတင်ဖို့ ညှိနှိုင်းနေပြီဖြစ်ပါတယ်။ မကြာခင်လည်း ဆွေးနွေးကြမှာဖြစ်ပါတယ်။ ဆွေးနွေးရင်း တစ်ဖက်နဲ့တစ်ဖက် အမြင်နဲ့ နားလည်မှုတွေ ပိုပြီးတော့ရရှိလာပြီးတော့မှ ကျောင်းသားတွေရဲ့ ရည်မှန်းချက်ဖြစ်တဲ့ အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးရာ အောင်မြင်သွားမှာဖြစ်တယ်လို့ ယုံကြည်ပါတယ်။

နိုင်ငံတော်သမ္မတကလည်း ကျောင်းသားတွေတောင်းဆိုတဲ့ အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးကိစ္စမှာ ပြင်နိုင်တာတွေပြင်ပေးဖို့ မူအားဖြင့် သဘောတူပြီး လွှတ်တော်ကို သဝဏ်လွှာပေးပို့ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိအစိုးရ၊ လွှတ်တော်၊ NNER နဲ့ ဒီမိုကရေစီပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီတို့ ဆက်လက်ဆွေးနွေးမယ့် အစီအစဉ်မှာ တစ်ဖက်နဲ့တစ်ဖက် အမြင်နဲ့နားလည်မှုတွေ ပိုမိုရရှိလာမယ်လို့ ယုံကြည်ပါတယ်။

မေး။ ကျောင်းသားတွေ ဆန္ဒပြတောင်းဆိုမှုနဲ့ပတ်သက်ပြီး ဝန်ကြီးအနေနဲ့ ဘာများပြောကြားလိုပါသလဲ။

ဖြေ။ နိုင်ငံတော်သမ္မတအနေနဲ့ကလည်း အမျိုးသားပညာရေးဥပဒေကို ပြန်လည်ပြင်ဆင်ပေးဖို့ လွှတ်တော်ကို သဝဏ်လွှာပို့ပြီး ဖြစ်ပါတယ်။ လွှတ်တော်ကလည်း ပြင်ပေးမယ်ဆိုပြီး ပြင်ဆင်တဲ့ဥပဒေကြမ်းအမြန်တင်ဖို့ ပြန်ကြားပြီးဖြစ်ပါတယ်။ ဇန်နဝါရီ ၂၈ ရက်က တွေ့ဆုံပွဲမှာ ကျောင်းသားကိုယ်စားလှယ်တစ်ဦးက ကျောင်းစာမေးပွဲရှိတဲ့အတွက် ဆွေးနွေးပွဲ မြန်မြန်ပြီးလိုတဲ့အကြောင်း ပြောခဲ့တာရှိပါတယ်။ ဒါကြောင့် ဆက်လက်ဆွေးနွေးလိုတဲ့အချက်ကို မြန်မြန်ဆွေးနွေးပြီး ပြင်ဆင်တဲ့ဥပဒေကြမ်းကို မြန်မြန်ပြင်နိုင်အောင် လွှတ်တော်ကိုပို့ပြီး လွှတ်တော်မှာ ဆက်လက်ဆွေးနွေးစရာရှိတာ ဆက်လက်ဆွေးနွေးခွင့်ရဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဦးအောင်မင်းနဲ့ ကျောင်းသားတွေ မူလက သဘောတူထားတဲ့ သပိတ်စစ်ကြောင်းတွေ ရပ်တန့်ပြီး အေးချမ်းစွာ ပညာသင်ကြားရေးနဲ့ စာမေးပွဲတွေ ဖြေဆိုနိုင်ဖို့အတွက် မိဘပြည်သူတွေနဲ့ ဆရာတွေ၊ ကျောင်းသားတွေက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြဖို့ မေတ္တာရပ်ခံပြောကြားလိုပါတယ်။

ဒေါက်တာဇော်မင်းအောင်
ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန

မေး။ ပညာရေးဝန်ကြီးဌာနက Stakeholder အားလုံးနဲ့ဆွေးနွေးညှိနှိုင်းပြီး ရေးဆွဲတင်ပြလိုက်တဲ့ အမျိုးသားပညာရေးဥပဒေကို လွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးကာမှ ကျောင်းသားတွေက ပြင်ဆင်ပေးရေးတောင်းဆိုတာ ဘာကြောင့်လဲဆိုတာ သိပါရစေ။

ဖြေ။ ပညာရေးဝန်ကြီးဌာနက ရေးဆွဲတဲ့ အမျိုးသားပညာရေးဥပဒေကြမ်းကို လွှတ်တော်ကို တင်သွင်းစဉ်အခါက ခုနက ပြည်ထောင်စုဝန်ကြီး ပြောသလိုပဲ Stakeholder တွေအားလုံးနဲ့ ဆွေးနွေးရေးဆွဲထားတာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးရာမှာ သဘောတူညီမှုရရှိထားတာက ၉၀ ရာခိုင်နှုန်းရှိပြီးတော့ မူဘောင်ကျော်လွန်တဲ့ ၁၀ ရာခိုင်နှုန်းကတော့ လွှတ်တော်မှာ ဆက်လက်ဆွေးနွေးဖို့လျာထားပြီး ဥပဒေကြမ်းတင်ခဲ့တာဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနကတင်သွင်းတဲ့ မူကြမ်းနဲ့ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီကရေးဆွဲတဲ့မူကြမ်းနှစ်ခုကို ပေါင်းစပ်ညှိနှိုင်းပြီးတဲ့နောက် ပြည်သူ့လွှတ်တော် နဝမအကြိမ် ပုံမှန်အစည်းအဝေးမှာ ပြင်ဆင်ချက်တွေနဲ့ အတည်ပြုပြီး အမျိုးသားလွှတ်တော်ကို ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ NNER မှတာဝန်ရှိသူတွေနဲ့ ၂၀၁၄ ခုနှစ် မေလ တတိယပတ်အတွင်းမှာ တွေ့ဆုံဆွေးနွေးပြီးနောက် အမျိုးသားလွှတ်တော် အစည်းအဝေးမှာ ပြင်ဆင်ချက်တွေနဲ့ အတည်ပြုခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်ကို ပြန်လည်ပေးပို့ခဲ့ပါတယ်။

အဲဒီနေရာမှာ လွှတ်တော်နှစ်ရပ်ကြား သဘောထားကွဲလွဲချက်တွေကို ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ဆွေးနွေးခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာလည်း လွှတ်တော်က သက်ဆိုင်ရာကော်မတီတွေနဲ့ တာဝန်ရှိသူတွေဟာ အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြပြီးမှ သဘောထားကွဲလွဲချက်တွေကို ပြည်ထောင်စုလွှတ်တော်မှာဆွေးနွေးဆုံးဖြတ်အတည်ပြုခဲ့ကြပါတယ်။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားတဲ့ အမျိုးသားပညာရေးဥပဒေကြမ်းကို ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ဖို့ နိုင်ငံတော်သမ္မတထံကို ပေးပို့ခဲ့ပြီး နိုင်ငံတော်သမ္မတကလည်း ပြင်ဆင်ချက် ၂၅ ချက်နဲ့အတူ ပြည်ထောင်စုလွှတ်တော်ကို ပြန်လည်ပေးပို့ခဲ့ပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ပြည်တွင်းသတင်း

စာမျက်နှာ ၉ မှ

နိုင်ငံတော်သမ္မတရဲ့ သဘောထားမှတ်ချက်တွေကို ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးကြတဲ့အခါ ၁၉ ချက်ကိုသာ နိုင်ငံတော်သမ္မတရဲ့မှတ်ချက်အတိုင်း ပြင်ဆင်ဖို့သဘောတူပြီး ၆ ချက်ကိုတော့ ပြည်ထောင်စုလွှတ်တော်အတည်ပြုချက်အတိုင်းသာ ထားရှိခဲ့ပါတယ်။ ဥပဒေအဖြစ် နောက်ဆုံးအတည်ပြုပြဋ္ဌာန်းလိုက်တဲ့ အမျိုးသားပညာရေးဥပဒေကို ဆန်းစစ်ကြည့်မယ်ဆိုရင် ပညာရေးဝန်ကြီးဌာနက ကနဦးတင်ပြခဲ့တဲ့ ဥပဒေကြမ်း ၅၄ ရာခိုင်နှုန်းသာပါဝင်ပြီးတော့ ကျန် ၄၆ ရာခိုင်နှုန်းဟာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် အသီးသီးရဲ့ ပြင်ဆင်ပြဋ္ဌာန်းချက်တွေဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနက မူလတင်သွင်းတဲ့ ဥပဒေကြမ်းမှာ Stakeholder တွေရဲ့ ၉၀ ရာခိုင်နှုန်းသဘောတူညီချက်တွေပါဝင်ပေမယ့် နောက်ဆုံးအတည်ပြုလိုက်ချိန်မှာတော့ မူလတင်တာရဲ့ ၅၀ ရာခိုင်နှုန်းကျော်သာရှိတော့တဲ့အတွက် ပညာရေးဝန်ကြီးဌာနနဲ့ Stakeholder တွေ သဘောတူညီထားတဲ့ အချက်အချို့ ကျန်ခဲ့နိုင်တယ်လို့ ယူဆပါတယ်။ ဒါကြောင့် သူတို့ပြောတဲ့ အချက်တွေ အကုန်ပါမလာဘူးဆိုတဲ့ Issue ဖြစ်လာတယ်လို့ သုံးသပ်ရပါတယ်။

မေး။ ပြီးခဲ့တဲ့ နိုဝင်ဘာလက ကျောင်းသားတွေက အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ရေးကိစ္စ ရက်ပေါင်း ၆၀ အတွင်း ဆောင်ရွက်ပေးဖို့ တောင်းဆိုမှုအပေါ် ပညာရေးဝန်ကြီးဌာနနဲ့အစိုးရဘက်က ဆောင်ရွက်ပေးမှုအခြေအနေ သိပါ ရစေ။

ဖြေ။ ပြီးခဲ့တဲ့နှစ် ကျောင်းသားတွေ စတင်ဆန္ဒပြတဲ့အချိန်မှာ နိုဝင်ဘာလ ၁၆ ရက်နေ့ကတည်းက ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်နဲ့အဖွဲ့ကို ရန်ကုန်မြို့ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြေးသွန်းဘုရားကြီးတန်ဆောင်းမှာ ကျောင်းသားတွေနဲ့တွေ့ဆုံဖို့ စေလွှတ်ခဲ့ပါတယ်။ ဝန်ကြီးဌာနမှာဆိုရင် ညွှန်ကြားရေးမှူးချုပ်တွေဟာ လုပ်ငန်းတွေကို အဓိကတာဝန်ယူအကောင်အထည်ဖော်ရတဲ့ အဆင့်မြင့်အရာရှိကြီးတွေဖြစ်ပါတယ်။ တွေ့ဆုံဖို့စေလွှတ်ရတဲ့ အဓိကအကြောင်းရင်းကတော့ ကျောင်းသားတွေကဆောင်ရွက်ပေးစေလိုတဲ့ အချက်တွေကို သိရှိနိုင်ဖို့နဲ့ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပေးနိုင်တဲ့လုပ်ငန်းတွေကို အလျင်အမြန်ဆောင်ရွက်ပေးနိုင်ဖို့ ဖြစ်ပါတယ်။

အမျိုးသားပညာရေးဥပဒေအပေါ်မှာ နိုင်ငံလုံးဆိုင်ရာကျောင်းသားထုအရေးပေါ် အစည်းအဝေးက ထုတ်ပြန်ကြေညာလိုက်တဲ့ သဘောထား ၆ ချက်နဲ့ ပတ်သက်ပြီး ညွှန်ကြားရေးမှူးချုပ်နဲ့ အဖွဲ့ကရှင်းပြခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျောင်းသားတွေက အချက် ၄ ချက် ထပ်မံဆွေးနွေးခဲ့ပါတယ်၊ အဲဒီဆွေးနွေးတဲ့ အချက်တွေအပေါ်မှာလည်း ပြန်လည်ဆွေးနွေးခဲ့ပြီး ဥပဒေတွေရေးဆွဲရာမှာ အရင်ကလည်း ဖိတ်ခေါ်ခဲ့သလို အခုလည်း ဖိတ်ခေါ်ဆွေးနွေးခဲ့ပါတယ်။

ဒီလိုဆွေးနွေးနေချိန်မှာ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီဝင်ဆိုသူတွေက သူတို့အဖွဲ့ဟာ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ပေးဖို့နဲ့ အဲဒီအချက်ကို အာမခံနိုင်မှသာဆွေးနွေးမှာဖြစ်ကြောင်း၊ ပြင်ဆင်ဖို့အတွက် လွှတ်တော်ကိုတင်ဖို့ သူတို့ဆီမှာလမ်းကြောင်းရှိကြောင်းနဲ့ ကြားခံပွဲစားမလိုကြောင်း၊ ဆွေးနွေးမယ်ဆိုရင် အစိုးရအဖွဲ့၊ လွှတ်တော်၊ NNER နဲ့သူတို့အဖွဲ့တွေ့ဆုံဆွေးနွေးဖို့သာလိုပြီး အခုလာရောက်သူတွေနဲ့ ဆွေးနွေးလို့ အဖြေထွက်မှာမဟုတ်တဲ့အတွက် ဆွေးနွေးပွဲကို ရုပ်သိမ်းကြောင်းပြောပြီးတော့ ဆန္ဒပြသပိတ်မှောက်တာကို နိုဝင်ဘာလ ၁၈ ရက်နေ့အထိ ဆက်လက်ပြုလုပ်ခဲ့ကြပါတယ်။

အဲဒီနောက် ရက်ပေါင်း ၆၀ အတွင်း အစိုးရအနေနဲ့ တုံ့ပြန်မှုတစ်စုံတစ်ရာမရှိရင် တစ်နိုင်ငံလုံးမှာ ကျောင်းသားသပိတ်တွေ ဆင်နွှဲသွားမယ်လို့ ကြေညာချက် ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။

ဒီနေရာမှာတင်ပြလိုတာက ဥပဒေပြုရေးအပိုင်းနဲ့ ပတ်သက်ပြီး ပြဋ္ဌာန်းတာ၊ ပြင်ဆင်တာ စတဲ့ဥပဒေပြုအာဏာဟာ လွှတ်တော်မှာသာရှိပါတယ်၊ ဒါကြောင့်မို့လို့ အမျိုးသားပညာရေးဥပဒေနဲ့ပတ်သက်ပြီး တောင်းဆိုထားတဲ့ အချက်တွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ ပြည်ထောင်စုဝန်ကြီးများကိုယ်တိုင် နိုင်ငံတော်သမ္မတထံ ရှင်းလင်းတင်ပြခဲ့ပါတယ်။ နိုင်ငံတော်သမ္မတအနေနဲ့လည်း ကျောင်းသားတွေ အေးချမ်းစွာပညာသင်ကြားနိုင်ရေးနဲ့ ပညာရေးတိုးတက်မှုကို ရှေးရှုပြီး ပြည်ထောင်စုလွှတ်တော်အစည်းအဝေးစတင်ကျင်းပတဲ့ ၁၉-၁-၂၀၁၅ ရက်နေ့မှာပဲ အမျိုးသားပညာရေးဥပဒေပြင်ဆင်နိုင်ဖို့ကိစ္စနဲ့ပတ်သက်ပြီး သဝဏ်လွှာပေးပို့ခဲ့ပါတယ်။

ရက်ပေါင်း ၆၀ က ၁၈-၁-၂၀၁၅ ရက်နေ့မှာ ပြည့်တာဖြစ်ပေမယ့် ဥပဒေပြုတာ၊ ပြင်ဆင်တဲ့ကိစ္စတွေနဲ့ပတ်သက်ရင် ဥပဒေပြုအာဏာရှိတဲ့ လွှတ်တော်ကသာ ဆောင်ရွက်နိုင်တာဖြစ်တဲ့အတွက် လွှတ်တော်အစည်းအဝေးတွေ စတင်ကျင်းပတာနဲ့ တစ်ပြိုင်နက် နိုင်ငံတော်သမ္မတက သဝဏ်လွှာပေးပို့ခဲ့တာဖြစ်ပါတယ်။

ဒေါက်တာဇော်မင်းအောင်
ဒုတိယဝန်ကြီး
ပညာရေးဝန်ကြီးဌာန

ဒေါက်တာမြင့်သိန်း
အမျိုးသားအကြံပေး
ပညာရှင် (CESR)

မေး။ ဖေဖော်ဝါရီ ၃ ရက်နေ့က ဆွေးနွေးပွဲရွှေ့ဆိုင်းလိုက်ရတဲ့အကြောင်းရင်းနဲ့ ရွှေ့ဆိုင်းထားတဲ့ဆွေးနွေးပွဲ ပြန်လည်စတင်ရေးဆောင်ရွက်မယ့် အခြေအနေတွေကိုလည်း သိရှိလိုပါတယ်။

ဖြေ။ ကျွန်တော်တို့ ဖေဖော်ဝါရီ ၃ ရက်နေ့က ဆွေးနွေးပွဲကိုတစ်ဖက်သတ်ရပ်ဆိုင်းတယ်လို့လည်း ပြောဆိုနေကြတာတွေ ရှိတာပေါ့လေ။ အဲဒီဖေဖော်ဝါရီ ၃ ရက်နေ့က ကျွန်တော်တို့ ဒီပညာရေးဝန်ကြီးဌာနမှာ ပြီးတော့ ပညာရေးဝန်ကြီးဌာနရယ်၊ လွှတ်တော်ဘက်ကရယ်၊ NNER ရယ်၊ နောက်တစ်ခါ ကျောင်းသားတွေရယ် တွေ့ဆုံဖို့ မနက် ၉ နာရီမှာစတင်ဖို့ ရည်ရွယ်ထားခဲ့တာ ဖြစ်ပါတယ်။ ၉ နာရီထိုးတော့ ကျွန်တော်တို့အားလုံး ဒီပညာရေးဝန်ကြီးဌာနက လူတွေရယ်၊ လွှတ်တော်ကိုယ်စားလှယ်တွေရယ်ရောက်ရှိပြီး အဲ့ဒီအချိန်မှာတော့ ကျွန်တော်တို့ ဒီကျန်တဲ့အဖွဲ့တွေကတော့ ရောက်မလာခဲ့သေးပါဘူး။

နောက်မှသိရတာက ရောက်လာတဲ့အခါမှာလည်း ပထမတော့ ၁၅ ဦးစီတွေ့ကြမယ်ဆိုတဲ့အတိုင်း သဘောတူခဲ့တာဖြစ်ပါတယ်။ ၁ ရက်နေ့က သဘောတူခဲ့တဲ့အတိုင်း ၁၅ ဦးစီတက်မယ်ဆိုပြီးတော့ ညှိနှိုင်းသဘောတူခဲ့ပြီးတော့ ရောက်လာတဲ့အခါမှာတော့ သူတို့က ၁၅ ဦးထက်များတဲ့အဖွဲ့တွေနဲ့ ရောက်ရှိလာတာဖြစ်ပါတယ်။ အဲဒီမှာလည်း ကျွန်တော်တို့ ညှိနှိုင်းပြီးဆွေးနွေးပြီးတော့ အစည်းအဝေးခန်းရဲ့နေရာ အဲ့ဒါနဲ့ကိုက်ပြီးတော့ နောက်ထပ်ငါးဦးစီသူတို့ကို ကျွန်တော်တို့ထပ်မံပြီးတော့ ဒါဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ အဲ့ဒီလိုနဲ့ ညှိနှိုင်းဆွေးနွေးနေရင်း ၁၁ နာရီ ၄၅ မိနစ်လောက်အထိရောက်သွားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ၉ နာရီလောက်ကစခဲ့တာက ၁၁ နာရီ ၄၅ မိနစ်လောက်ရောက်တဲ့အခါမှာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းကနေ အားလုံးကို ခေါ်ပါတယ်။ ကျွန်တော်တို့ရော၊ NNER အဖွဲ့ဝင်တွေရော၊ နောက်တစ်ခါ ကျောင်းသားကိုယ်စားလှယ်တွေရောခေါ်ပြီးတော့မှ အသေးစိတ်လည်း ရှင်းပြပါတယ်။ အဲ့အခါမှာ ဘာလဲဆိုတော့ NNER မှာဘယ်သူက ကိုယ်စားပြုလဲဆိုတာ လေးရှိသလို ကျောင်းသားတွေမှာလည်း အားလုံးကိုကိုယ်စားပြုတဲ့ လူတွေရှိတယ်။ ကြိုတင်ပြင်ဆင်မှုတွေလည်း အများကြီးရှိသေးတဲ့အတွက် ဝန်ကြီးဦးအောင်မင်းကိုယ်တိုင် ဒါတွေကို အသေးစိတ် ဆွေးနွေးပြီးတော့မှ ဆက်လက်ကျင်းပသွားမှာဖြစ်တယ်။

ဒါကြောင့်မို့ အချက်အလက်တွေရအောင် ဆက်လက်ဆွေးနွေးကြမယ်။ အဲ့ဒီတော့ တစ်ဖက်သတ်ရပ်ဆိုင်းတယ်ဆိုတာမဟုတ်ပါဘူး။ ဒါက သက်သက်ပါ။ ကျွန်တော်တို့ ၃ ရက်နေ့ကရွှေ့ဆိုင်းလိုက်ရတာကို ရှင်းပြတာဖြစ်ပါတယ်။ အဲ့နောက်ပိုင်းမှာတော့ ကျွန်တော်တို့ ရွှေ့ဆိုင်းထားတဲ့ ဆွေးနွေးပွဲတွေ ပြန်လည်စတင်ရေး ဆောင်ရွက်မယ့်အခြေအနေနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် ရန်ကုန်မြို့မှာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန့်ရှင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်က ပါမောက္ခချုပ် ဒေါက်တာ အောင်ထွန်းတို့က NNER က ဒေါက်တာသိန်းလွင်၊ ဒေါ်သူသူမာတို့နဲ့ ဖေဖော်ဝါရီ ၆ ရက်နေ့မှာ တွေ့ဆုံပြီးတော့ လိုအပ်တဲ့အချက်တွေကို အကြိုညှိနှိုင်းဆွေးနွေးခဲ့သလို ဒီကနေ့ ၉ ရက်နေ့ မွန်းလွဲ ၂ နာရီမှာလည်း ထပ်မံဆွေးနွေးပြီးတော့ ဆွေးနွေးပွဲ အမြန်ဆုံးပြန်လည်ကျင်းပနိုင်ရေးကို ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။

ဒေါက်တာမြင့်သိန်း
အမျိုးသားအကြံပေးပညာရှင် (CESR)

မေး။ ဝန်ကြီးရှင်းပြသလိုဆိုရင် အစိုးရအပိုင်းအနေနဲ့ အမျိုးသားပညာရေးဥပဒေကို ပညာရေးဝန်ကြီးဌာန သက်သက်က ရေးဆွဲလိုက်တာ မဟုတ်ဘဲ ပြည်တွင်း ပြည်ပ ပညာရှင်တွေ၊ အဖွဲ့အစည်းတွေနဲ့ လေ့လာသုံးသပ်တင်ပြပြီးမှ နိုင်ငံတကာစံမီပညာရေးဖြစ်အောင် စနစ်တကျဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။ ဒါပေမယ့် အချို့ဂျာနယ်တွေမှာ ကျောင်းသားတွေက ဆန္ဒပြတောင်းဆိုနေတာကို ကြည့်ခြင်းအားဖြင့် လွှတ်တော်ကအတည်ပြုပြဋ္ဌာန်းလိုက်တဲ့ အမျိုးသားပညာရေးဥပဒေဟာ တစ်စုံတစ်ရာအမှားအယွင်းနဲ့ အားနည်းမှုရှိနေသလားဆိုပြီး ဝေဖန်ပြောဆိုရေးသားတာတွေ ရှိနေပါတယ်။ ဒီအချက်နဲ့ပတ်သက်ပြီး အမြင်ကိုသိပါရစေ။

ဖြေ။ သင်ရိုးညွှန်းတမ်းအကြံပေးပညာရှင်အနေနဲ့ ၂၀၁၃ ခုနှစ်ကတည်းက ဆောင်ရွက်တာ အခုထိပါပဲ။ အစိုးရဝန်ထမ်းမဟုတ်ပါဘူး၊ အငြိမ်းစားယူပြီးပါပြီ၊ ဒါပေမယ့် ကျွန်တော် မြန်မာနိုင်ငံရဲ့ပညာရေးကို ၂၇ နှစ်အထိ အမှုထမ်းခဲ့ပါတယ်။ အဲ့ဒီအတွေ့အကြုံတွေကို မူတည်ပြီးတော့ ကျွန်တော်တို့ အကြံပေးနေတာပါ၊ ကျွန်တော်တို့ အခုပညာရေးစနစ်ပြောင်းဖို့လုပ်တဲ့အချိန်မှာ ၂၀၁၂ တည်းက စပြီးတော့ CESR ပေါ့။ ဘက်စုံလွှမ်းခြုံနိုင်တဲ့ ပညာရေးကဏ္ဍ လေ့လာရေးလုပ်ငန်းဆိုပြီးတော့ ကျွန်တော်တို့ ပညာရေးကဏ္ဍမှာ လေ့လာရေးတွေလုပ်ပါတယ်၊ အဲ့ဒီလေ့လာရေးတွေကို ၂၀၁၃ နှစ်ဆန်းပိုင်းမှာ Report တွေ ထွက်ပါတယ်၊ အဲ့ဒီသုံးသပ်လိုက်တဲ့အချိန်မှာ ရှိနေတဲ့အခြေအနေတွေကို နိုင်ငံခြားပညာရှင်တွေလည်းပါတယ်၊ ပြည်တွင်းပညာရှင်တွေလည်း ပါပါတယ်၊ ကျွန်တော်တို့က နိုင်ငံခြားပညာရှင်ချည်းပဲ။ ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေကို မသိဘဲနဲ့ သုံးသပ်တာမျိုးလည်း ကျွန်တော်တို့ လက်မခံပါဘူး၊ နိုင်ငံခြားပညာရှင်တွေ အမြင်လည်းပါတယ်၊ အဲ့ဒီအမြင်တွေအပေါ် မူတည်ပြီးတော့ Report တွေ ထွက်လာပါတယ်၊ အဲ့ဒီ Report တွေကိုလည်း ဒီအတိုင်းမထားပါဘူး၊ ကျွန်တော်တို့ ရန်ကုန်တို့ မန္တလေးတို့မှာ ပြည်သူတွေကိုချပြပါတယ်၊ ချပြပြီး သူတို့ရဲ့ အကြံပေးချက်တွေအပေါ် မူတည်ပြီးတော့လည်း အဲ့ဒီ Report တွေကို မှတ်တမ်းတင်ပါတယ်၊ ရန်ကုန်၊ မန္တလေးအပြင် နေပြည်တော်၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာကလူတွေကိုလည်း ချပြခဲ့ပါတယ်၊ သူတို့ရဲ့အမြင်တွေလည်း အကုန်ပြန်ယူပါတယ်၊ ယူပြီးတော့ လုပ်တဲ့ဟာ တစ်နိုင်ငံပေါ့။

အခုကျွန်တော်တို့က Plan ဆွဲတဲ့အဆင့်ရောက်ပါပြီ၊ NESP ခေါ်တာပေါ့၊ National Education Sector Plan ပေါ့၊ အခု ကျွန်တော်တို့ အဲ့ဒီ Plan တွေ ဆွဲနေတာက အဲ့ဒီ Plan စာအုပ်ကြီးမှာ Chapter ၁၄ ခုပါမယ်လို့ ကျွန်တော်တို့ မှန်းထားပါတယ်၊ အဲ့မှာ သူ့ကဏ္ဍအလိုက် ပါပါမယ်၊ အာဆီယံ Standard တွေကို အကုန်ပြန်ကြည့်ပြီးတော့မှ NESP ထဲမှာ အကုန်လုံး ထည့်ရေးထားတယ်၊ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးကို အဲ့ဒီ Plan ကြီးနဲ့ ကမ္ဘာ့စံချိန်မီအောင်၊ အာဆီယံစံချိန်မီအောင် ကျွန်တော်တို့သွားဖို့ ကြိုးစားနေတာ၊ အဲ့ဒီလိုလုပ်နေတဲ့အချိန်မှာ အခုလို ဒီနေ့လို ပါလာတဲ့ဟာကို ဖတ်လိုက်ရတော့ ကျွန်တော့်စိတ်ထဲမှာ မြန်မာနိုင်ငံပညာရေးစနစ်ဟာ တစ်စုံတစ်ရာ မှားယွင်းနေပြီဆိုတာ သုံးသပ်မိတယ်ဆိုတာကတော့၊ သူ့အမြင်သူ ပြောလို့ရ တာပေါ့လေ၊ ကျွန်တော့်အမြင်ပြောရရင်တော့ ကျွန်တော်တို့ ပညာရေးစနစ် တစ်စုံတစ်ရာမှားယွင်းနေတယ်၊ မနေတယ်ဆိုတဲ့ သူ့အမြင်ကို ကျွန်တော် ဘာမှ မဝေဖန်လိုဘူး၊ ကျွန်တော်တို့ လုပ်နေတာသည် အခုမှလုပ်တာ မဟုတ်ဘူး၊ လွန်ခဲ့တဲ့ သုံးလေးနှစ်ကတည်းက ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးစနစ်ကို ပြန်လည်သုံးသပ်ပြီးတော့ ကျွန်တော်တို့လုပ်နေတာ၊ ဥပဒေတွေဆွဲနေတာ၊ ကျွန်တော်တို့နိုင်ငံ ပညာရေးအဆင့်ကိုသူများပြောလို့ လုပ်တာမဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုပဲ တို့တွေလိုအပ်နေပြီ၊ တို့ပညာရေးစနစ်တော့ မြှင့်တင်ဖို့လိုတယ်ဆိုပြီးတော့ သုံးသပ်ချက်နဲ့ လုပ်နေကြတာပါ။

ကျွန်တော် ပညာရှင်တစ်ယောက်အနေနဲ့ ပြောရရင် ဂယနဏ မသိဘဲနဲ့ သုံးသပ်ချက်မျိုးကို ကျွန်တော်က ဘာမှမဝေဖန်ပါဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ ဘာလုပ်နေတယ် ဆိုတာကိုပဲ ကျွန်တော်တင်ပြတာပါ၊ အချုပ်ပြောရရင်တော့ ကျွန်တော်တို့ အခုမှလုပ်တာမဟုတ်ဘူး၊ လွန်ခဲ့တဲ့ သုံးလေးနှစ်ကတည်းက လုပ်နေတယ်၊ ၂၀၁၃ အောက်တိုဘာကတည်းက နိုင်ငံတော်သမ္မတရဲ့ လမ်းညွှန်ချက်နဲ့ ပညာရေးလက်တွေ့ကျတဲ့ဟာတွေ လုပ်ဖို့လိုပြီဆိုကတည်းက ကျွန်တော်တို့ စိန်ရတုမှာ ဆက်တိုက်လုပ်ခဲ့တယ်၊ မူဝါဒတွေဆွဲခဲ့တယ်၊ ဥပဒေတွေ ဆွဲခဲ့တယ်၊ အဲ့ဒီဥပဒေတွေဟာလည်းပဲ ဘယ်ဥပဒေပဲဖြစ်ဖြစ် အမြဲတမ်းတော့ ဘာလုပ်လုပ်ပေါ့။ Perfecting ဆိုတာတော့ ရချင်မှရမယ်၊ ဒါပေမယ့် ကျွန်တော်အာမခံနိုင်တာက ကျွန်တော်တို့ စေတနာနဲ့လုပ်တယ်၊ ကျွန်တော်တို့နိုင်ငံအတွက် အကောင်းဆုံးဖြစ်မယ့်ဟာတွေ လုပ်တယ်၊ အဲ့ဒီအချိန်မှာ အလို၊ အပိုရှိရင်လည်း ညှိနှိုင်းပြီးတော့ အဖြေရှာဖို့ပဲရှိတယ်။ ကျွန်တော်ပြောချင်တာက ကျွန်တော်တို့နိုင်ငံဖွံ့ဖြိုးဖို့ကို အားသွန်ခွန်စိုက်လုပ်နေတဲ့အချိန်မှာ အငြင်းပွားမနေကြပါနဲ့။ ကျွန်တော်တို့ ဝိုင်းလုပ်ကြပါလို့ပဲ ကျွန်တော့်အနေနဲ့ တင်ပြချင်ပါတယ်။

● *ကျောဖုံးမှ*

ထိုကဲ့သို့ ညှိနှိုင်းရာတွင် အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ရေးအတွက် အစိုးရ၊ လွှတ်တော်၊ NNER နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကိုယ်စားလှယ်များ လေးပွင့်ဆိုင်ဆွေးနွေးကြရေးအတွက် တက်ရောက်လာကြသူများက အစည်းအဝေးအစီအစဉ်များအပေါ် အသေးစိတ်ထပ်မံဆွေးနွေးကြသည်။

ယနေ့ ညှိနှိုင်းသည့်အချက်များတွင် ကိုးချက်သဘောတူညီမှုရရှိခဲ့သည်။ အဆိုပါ ညှိနှိုင်းသဘောတူညီချက်များမှာ (၁)လေးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးမည့်ရက်အဖြစ် ဖေဖော်ဝါရီလ ၁၁ ရက်အား သတ်မှတ်သည်။ (၂) ကျင်းပမည့်နေရာအား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဝင်းခန်းမအား သတ်မှတ်သည်။ (၃) ကျင်းပမည့်အချိန် နံနက် ၉ နာရီခွဲ သတ်မှတ်သည်။ (၄) ဆွေးနွေးပွဲတက်ရောက်ရန် တစ်ဖွဲ့လျှင် ၂၀ စီ သတ်မှတ်သည်။ (၅) Moderator များအဖြစ် အစိုးရနှင့် လွှတ်တော်မှ တစ်ဦး၊ NNER နှင့် ကျောင်းသား ကိုယ်စားလှယ်တို့မှ တစ်ဦး သတ်မှတ်သည်။ (၆) ကျောင်းသားကိုယ်စားလှယ်များတွင် လက်ရှိလှုပ်ရှားနေသော ကျောင်းသား စစ်ကြောင်းများအားလုံးကို ကိုယ်စားပြုသောကိုယ်စားလှယ်များပါဝင်ရန် သတ်မှတ်သည်။ (၇) တက်ရောက်မည့်ကိုယ်စားလှယ် ၂၀ စီ၏ အမည်စာရင်းအား ကြိုတင်ပေးပို့ပြီး ပေးပို့ထားသည့် ပုဂ္ဂိုလ်များသာ တက်ရောက်ရန် သတ်မှတ်သည်။ (၈) ဆွေးနွေးပွဲကျင်းပချိန်တွင် မှတ်တမ်းယူရန် အချိုးကျ ဝင်ခွင့်ပြုရန်သတ်မှတ်သည်။ (၉) ဆွေးနွေးပွဲရက်များတွင် ညှိနှိုင်းရရှိချက်များကို အဖွဲ့တစ်ဖွဲ့စီ၏ ကိုယ်စားပြု ပြောရေးဆိုခွင့်ရှိသူ (၁)ဦးစီးမှ သတင်းစာရှင်းလင်း၍ သတင်းထုတ်ပြန်သွားရန် သတ်မှတ်ဆွေးနွေးခဲ့ကြသည်။

ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးကြီးတင်ဝင်းနှင့် ဒေါက်တာမြင့်သိန်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်မင်း၊ NNER မှ ဒေါက်တာသိန်းလွင်နှင့် ဦးစိုးထွန်း၊ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကိုအောင်မှူးဆန်း၊ ကိုရဲဇာနည်ထွန်းနှင့် ကိုချစ်ဝင်းမောင်တို့ တက်ရောက်ကြကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ကလေးများနေ့အကြို အားကစားပြိုင်ပွဲကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၉

ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံကလေးများနေ့ကိုကြိုဆို ဂုဏ်ပြုသောအားဖြင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာထားချထားရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီး၍ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းမှ ကလေးငယ်များနှင့် ကိုယ့်အားကိုယ်ကိုးမူကြို၊ ပုဂ္ဂလိကမူကြို ကျောင်းပေါင်း ၃၀ ရှိ ၃၁၂ ဦးနှင့် ဖေဖော်ဝါရီ ၉ ရက်နံနက် ၉ နာရီက တောင်ကြီးမြို့၊ ရှမ်းပြည်နယ် ပြည်နယ်အားကစားကွင်း၌ မူကြိုကျောင်းကလေးငယ်များ အားကစားပြိုင်ပွဲကျင်းပကြောင်း သိရသည်။

ဆက်လက်၍ အားကစားပြိုင်ပွဲတွင် ပရဟိတဂေဟာမှ အားကစားနည်းခြောက်မျိုးနှင့် ကျောင်းခုနစ်ကျောင်း၊ စုစုပေါင်း ၉၀ ယှဉ်ပြိုင်ကြပြီး၊ မူကြိုကျောင်းအဆင့်တွင် ကလေးများ ဉာဏ်ရည်ထက်မြက် သွက်လက်စေရန် အားကစားနည်းခုနစ်မျိုးဖြစ်သည့် နို့ဆီဘူးစီ၊ အားလူးကောက်၊ မုန့်စားပြိုင်ပွဲ၊ ပင်ပေါင်လုံးရောင်စုံကောက်ပြိုင်ပွဲ၊ ရေသန့်ဘူး ရေထည့်ပြိုင်ပွဲ၊ လက်ဆင့်ကမ်းပြိုင်ပွဲ၊ ထိုင်ခုံနေရာလုပြိုင်ပွဲ များဖြင့် မူကြိုကလေးများ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသည့်ကလေးများကို ရှမ်းပြည်နယ် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် ရှမ်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန တာဝန်ရှိသူတို့က ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို ဆုများချီးမြှင့်ပေးခဲ့သည်။

မောင်မောင်သန်း(တောင်ကြီး)



ပြည်တွင်းသတင်း

ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြုပြင်ပြီးစီးသွားသည့် ဓာတ်အားပေးစက်သုံးလုံးလွှဲပြောင်းပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဘီလူးချောင်းအမှတ် (၂) ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံ၊ အလုံးစုံပြုပြင် မွမ်းမံရေးစီမံကိန်းက ပြုပြင်ပြီးစီးသွားပြီဖြစ်သော ဓာတ်အားပေးစက်သုံးလုံး လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ယနေ့ ကျင်းပသည်။

ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ အလုံးစုံပြုပြင်မွမ်းမံရေး စီမံကိန်းအရ တာဘိုင်၊ ဂျင်နရေတာ၊ ဖိအားမြှင့်သံမဏိပိုက်လိုင်းနှင့် ဆက်စပ်ပစ္စည်းအမျိုးပေါင်း ၄၈ မျိုး ယမန်နှစ်မိုးရာသီမှ စတင်လဲလှယ်ပြုပြင်ခဲ့ရာ ယခုစက်သုံးလုံး ပြုပြင်ပြီးစီးသွားခြင်းဖြစ်သည်။ ကျန်စက်သုံးလုံးကို ယခုနှစ်လာမည့်မိုးရာသီတွင် ဆက်လက် ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ရာ ဓာတ်အားပေးစက် ခြောက်လုံးစလုံး ပြီးစီးသွားပါက ဘီလူးချောင်းအမှတ် (၂)ဓာတ်အားပေးစက်ရုံ၏ စက်အားလုံးကြံ့ခိုင်မှု ရရှိလာပြီး လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်သည်ဟု သိရသည်။

ဂျပန်နိုင်ငံအစိုးရ၏ အကူအညီဖြင့် ဓာတ်အားပေးစက်များ အလုံးစုံပြုပြင်ခဲ့ခြင်းကြောင့် စက်ရုံသက်တမ်း ၅၅ နှစ်ရှိပြီဖြစ်သော ဘီလူးချောင်းအမှတ် (၂) ဓာတ်အားပေးစက်ရုံကြီးကို နောက်ထပ် နှစ် ၅၀ တိုင် လုံခြုံစိတ်ချစွာ ဆက်လက်မောင်းနှင်နိုင်မည်ဖြစ်သည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက အဖွင့်မိန့်ခွန်းပြောကြားရာတွင် မိမိတို့ အစိုးရသစ်တာဝန် စတင်ယူစဉ်က လူတစ်ဦးချင်းစီ၏ တစ်နှစ်လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှုမှာ ကီလိုဝပ်နာရီ ၁၀၄ သာရှိခဲ့ရာမှ ယခုဆိုလျှင် ကီလိုဝပ်နာရီ ၁၉၀ အထိ တိုးမြှင့်သုံးစွဲနိုင်ကြပြီ ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး၏ ၃၃ ရာခိုင်နှုန်းသော အိမ်ထောင်စုသာ လျှပ်စစ်ဓာတ်အားအသုံးပြုနေကြရသဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၅၀ ရာခိုင်နှုန်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် ပြည်သူများရာနှုန်းပြည့် လျှပ်စစ်ဓာတ်အားရရှိစေရေးအတွက် JICA အကူအညီဖြင့် စီမံကိန်းများ ရေးဆွဲဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံသည် လူဦးရေ ၅၁ သန်းကျော်ရှိသည့် နိုင်ငံဖြစ်၍ အိမ်ထောင်စု ၉ ဒသမ ၂ သန်းကျော်ရှိပြီး၊ အိမ်ထောင်စု ၇ ဒသမ ၂ သန်းကျော်မှာ ယနေ့အချိန်ထိ လျှပ်စစ်မီးမရရှိသေးပါကြောင်း၊ အိမ်ထောင်စု ၇ ဒသမ ၂ သန်း လျှပ်စစ်မီးရရှိရန်အတွက် နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် အရှေ့တောင်အာရှတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည့် သဘာဝအရင်းအမြစ်များ ပေါများကြွယ်ဝဆုံး နိုင်ငံဖြစ်သော်လည်း လျှပ်စစ်မီးသုံးစွဲနိုင်မှုမှာ အဆင်းရဲဆုံးနိုင်ငံ ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံလုံး၏ ပြည်သူ ၅၁ သန်း လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေး နည်းမျိုးစုံဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေး၊ ကယားပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ Japan International Cooperation Agency (JICA) မှ President Dr. Akihiko TANAKA၊ JICA (Myanmar) Chief Representative မှ Mr. Masahiko TANAKA, Japan-Myanmar Association မှ Chairman Mr. Hideo WATANABE, Nippon Koei Co.,Ltd. , Hitachi Mitsubishi Hydro Corporation, Marubeni Corporation များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

(မြန်မာ့အလင်း)

*** ရှေ့ဖုံးမှ**

"ပြည်နယ်အနေနဲ့ ဘီဟိုင်ကုန်သွယ်မှုအလားအလာ အသုံးချဖို့ လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီအတွက် ဘီဟိုင်ဒေသ မြှင့်တင်ရေးကို ၂၀၀၆ ခုနှစ်ကတည်းကဗဟိုအစိုးရနဲ့ ဆောင်ရွက်ခဲ့ပြီးဖြစ်တယ်၊ အကောက်ခွန်ရုံး တည်ဆောက်ဖို့လည်း ဆက်လက်စီစဉ်သွားမယ်"ဟုမဏိပူရ်ပြည်နယ် စီးပွားရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး မစ္စတာGovindas က ပြောသည်။

မကြာမီကာလအတွင်း စီမံကိန်းလုပ်ငန်းဆိုင်ရာအခြေအနေ အသေးစိတ် လေ့လာတွေ့ရှိမှုကို သက်ဆိုင်ရာဗဟိုအစိုးရအဖွဲ့သို့ တင်ပြသွားမည်ဟု ဆိုသည်။

ယခုနယ်စပ်ကုန်သွယ်ရေးစခန်းတည်ထောင်ရေးအစီအစဉ်သည် ၂၀၁၂ခုနှစ်က နှစ်နိုင်ငံအစိုးရတို့အကြား လက်မှတ်ရေးထိုးခဲ့သော နယ်စပ်ဈေးဖွင့်လှစ်ရေးအစီအစဉ်၏ ဒုတိယအဆင့်လုပ်ငန်းဖြစ်ပြီး အဆိုပါစခန်းဖွင့်လှစ်မည့်နေရာသည် နှစ်နိုင်ငံနယ်စပ်ဈေး ပူးတွဲကော်မတီက နယ်စပ်ဈေးဖွင့်လှစ်ရန် သဘောတူညီသည့် နေရာတစ်ခုလည်းဖြစ်သည်။

ယင်းကိစ္စနှင့် ပတ်သက်၍မြန်မာမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက "ဈေးတွေက နှစ်ရက်တစ်ခါဖွင့်တဲ့ဈေးပါ။ နယ်စပ်မျဉ်းရဲ့ ဟိုဘက်ဒီဘက် ၁၀ ကီလိုမီတာအကွာမှာ ဖွင့်မှာပါ။ အာဆီယံစီးပွားရေးအသိုက်အဝန်းအတွက် ကုန်သွယ်မှုမြှင့်တင်ဖို့ ပထမအဆင့်အနေနဲ့ နယ်စပ်ဈေး၊ နောက်တစ်ဆင့်က နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်မှာပါ"ဟုပြောသည်။

ချင်းပြည်နယ်သည် မီဇိုရမ်နှင့် မဏိပူရ်ပြည်နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီးလက်ရှိတွင် ရိဒ်-ဇိုခေါထာရ် နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ထားပြီး ဖြစ်သော်လည်း ဘီဟိုင်-ခင်မန်းနယ်စပ်ပေါက်အား တရားဝင် ဖွင့်လှစ်ထားခြင်း မရှိသေးကြောင်းသိရသည်။

ယခု မဏိပူရ်ပြည်နယ်မှ နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်မည့် နေရာလျာထားခြင်းအပေါ် ချင်းပြည်နယ်ဝန်ကြီးချုပ်ဦးဟုန်းငိုင်းက အဆိုပြုနေရာဒေသသည် ချင်းပြည်နယ်အနေဖြင့် နယ်စပ်ထွက်ပေါက်အတွက် အသင့်တော်ဆုံးနေရာလည်း ဖြစ်ကြောင်း ပြောသည်။

ထိုမှတစ်ဆင့် နှစ်နိုင်ငံဆက်သွယ်သွားလာရာတွင် အနည်းဆုံးမိုင် ၆၀-၇၀ ဖြင့် လမ်းကြောင်းခရီးစဉ်တို သွားနိုင်မည်ဟု ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်းက မဏိပူရ်ပြည်နယ် အင်ဖာမြို့သို့ ဒေသခံလွှတ်တော် ကိုယ်စားလှယ်VungzagiValteဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံစဉ်ပြောကြားခြင်းဖြစ်သည်။ယင်းကဲ့သို့ ဘီဟိုင်စခန်း ဒေသမှ အိန္ဒိယဘက် အရှေ့-အနောက် စီးပွားရေးတံခါးပေါက်ဒေသတို့ ချိတ်ဆက်ခြင်းအားဖြင့် လက်ရှိအခါက အသုံးပြုသည့် မိုရေး-အင်ဖာ-Silcha ဆက်သွယ်သည့်အဝေးပြေးလမ်းကြောင်းထက် ကီလိုမီတာ ၂၀၀ ခန့်ခရီးစဉ်တိုသွားနိုင်မည်ဟု ဒေသခံလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ခန့်မှန်းပြောကြားခဲ့သည်။

ယခု မဏိပူရ်ပြည်နယ်အစိုးရက အသစ်ဖွင့်လှစ်မည့် ဘီဟိုင်နယ်စပ်ကုန်သွယ်ရေးစခန်းအား အိန္ဒိယဗဟိုအစိုးရက အကုန်ကျခံတည်ဆောက်သွားမည်ဖြစ်ပြီး ဆက်သွယ်ရေးလမ်းကြောင်း တိုးချဲ့ဖောက်လုပ်ရေးလုပ်ငန်းကို မဏိပူရ်ပြည်နယ်က တာဝန်ယူ ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပြုနေရာဒေသသည် နှစ်နိုင်ငံနယ်နိမိတ် မှတ်တိုင်အမှတ်(၄၃) နှင့် (၄၂)အကြားတွင် တည်ရှိပြီးချင်းပြည်နယ် ခင်မန်းကျေးရွာနှင့် သုံးမိုင်ခန့် ရှည်လျားသောကားလမ်းဖြင့် ချိတ်ဆက်ထားကြောင်း မြန်မာနိုင်ငံမြေတိုင်းဦးစီးဌာန၏ မြေပုံအရသိရသည်။

မြန်မာနိုင်ငံဘက် ခင်မန်းကျေးရွာမှ ကျီခါးမြို့ကိုခုနစ်မိုင်ခန့် ရှည်လျားသည့် မြေသားကားလမ်းဖြင့်လည်းကောင်း၊ ကျီခါးမြို့မှ စိန်းဂဲလ်-တီခိန်ယန်သို့ထိုမှတစ်ဆင့် တွန်းဇန်မြို့နယ်မှာလ်ကွေး-နတ်ဇန်-တီးတိန်မြို့နယ် သိုင်းငင်းစသည့်ဒေသတို့အား ရာသီမရွေး မိုင် ၈၀ ရှည်လျားသော ကားလမ်းဖြင့်လည်းကောင်း ဆက်သွယ်ထားသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ခမ်းပါတ်မြို့နယ်(ခွဲ) နှင့် ကျီခါးဒေသတို့အကြား တိုက်ရိုက်ဆက်သွယ်သွားလာနိုင်မည့် ၂၆ မိုင် ရှည်လျားသော မြေသားလမ်းရှိကြောင်း သိရသည်။

ဘီဟိုင်နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်နိုင်သည့်အခါ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်းထွက်ရှိသောစိုက်ပျိုးမွေးမြူရေးထွက်ကုန်များသည် ကျီခါးမြို့နယ်(ခွဲ) ခင်မန်းမှတစ်ဆင့် အိန္ဒိယနိုင်ငံနှင့် အခြားဈေးကွက်များကို တင်ပို့ဆောင်ရွက်နိုင်မည့် အလားအလာများစွာရှိသည်။

ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့်ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးနိုင်ရေးလုပ်ငန်းစဉ်နှင့် တရားမဝင်ကုန်ပစ္စည်း သယ်ယူရောင်းဝယ်မှုများ တားဆီးထိန်းချုပ်ရေးအတွက်လည်း များစွာအထောက်အကူပြုနိုင်မည်ဟု ဒေသခံတစ်ဦးက ပြောသည်။

သို့သော်လည်း ဘီဟိုင်-ခင်မန်း နယ်စပ်ဒေသတစ်လျှောက်တွင် တစ်ဖက်နိုင်ငံ အာသံလုံခြုံရေးတပ်ဖွဲ့နှင့် တောတွင်း လက်နက်ကိုင်အဖွဲ့တို့အကြား ပြဿနာဖြစ်ပွားမှုနှင့် မကြာခဏ ဒေသမတည်ငြိမ်မှုများရှိနေကြောင်း၊ ယင်းဒေသ၏ လုံခြုံရေးကိစ္စများအား အထူးစဉ်းစားရမည့်ကိစ္စဖြစ်ကြောင်း လေ့လာသိရှိရသည်။

ယခုမဏိပူရ်ပြည်နယ် အစိုးရက ဘီဟိုင် နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ပြီး နှစ်နိုင်ငံကုန်သွယ်ရေးလမ်းကြောင်းသစ် ထူထောင်ရန် စီစဉ်ရခြင်းသည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံရေးတို့ကို တိုးမြှင့်နိုင်မည့်အပြင် ကုန်းတွင်းပိတ်ဒေသဖြစ်သည့် အိန္ဒိယအရှေ့မြောက်ဒေသရှိ ပြည်သူများ၏ဘဝဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်ထားခြင်းဖြစ်သည်။

ချင်းပြည်နယ်နှင့် မဏိပူရ်ပြည်နယ် တိုက်ရိုက်ကုန်သွယ်နိုင်မည့် ဘီဟိုင်-ခင်မန်း နယ်စပ်ဝင်/ထွက်ပေါက်ကို နှစ်နိုင်ငံ၏ စီးပွားရေးတံခါးပေါက်သစ်အဖြစ် သတ်မှတ်သွားရန်လည်းမျှော်မှန်းထားကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် နှစ်နိုင်ငံ ကုန်သွယ်မှု ပမာဏကို အမေရိကန်ဒေါ်လာ ၃ ဘီလီယံအထိရောက်ရှိရန်နှင့် အာဆီယံ-အိန္ဒိယ ကုန်သွယ်မှုအနေဖြင့် ဒေါ်လာ ၁၀၀ ဘီလီယံရောက်ရှိရန် အိန္ဒိယနိုင်ငံမှ ရည်မှန်းချက်ထားရှိကြောင်း (၁၂) ကြိမ်မြောက် အာဆီယံ- အိန္ဒိယထိပ်သီးအစည်းအဝေး၏ထုတ်ပြန်ချက်အရ သိရသည်။

ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ ကမ္ဘောဒီးယားနိုင်ငံ စီရမ်ရိမြို့တွင် ကျင်းပသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၉

UNWTO နှင့် UNESCO တို့က ကြီးမှူးကျင်းပသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၄ ရက်မှ ၆ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ စီရမ်ရိမြို့တွင် ကျင်းပခဲ့ရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ တက်ရောက်ခဲ့သည်။ ဖေဖော်ဝါရီ ၄ ရက်ကကျင်းပသည့် ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၌ ယဉ်ကျေးမှု အမွေအနှစ်များ ပေါကြွယ်ဝပြီး ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းအဖြစ် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၃ ခုနှစ် ဇွန်လတွင် ယူနက်စကိုမှ အသိအမှတ်ပြုခဲ့သော ပျူခေတ်နိုင်ငံသုံးခု၏ အမွေအနှစ် သုံးနေရာသို့ နိုင်ငံခြားဧည့်သည်များ လာရောက်လေ့လာလျက်ရှိပါကြောင်း၊ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်မှ ကမ္ဘာ့အမွေအနှစ်ဆိုင်ရာများ ဖြစ်ပေါ်စေရေးအတွက် မိမိတို့ယဉ်ကျေးမှု ဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြဆွေးနွေးသည်။

ဒုတိယဝန်ကြီးသည် ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ဧည့်သည်များနှင့်တွေ့ဆုံရာ၌ ပုဂံ၏ သာယာလှပမှုများကို တော်တော်များများ စိတ်ဝင်စားမှုရှိနေကြသည်ကို ကြားသိရ၍ လာရောက်လည်ပတ်နိုင်ရန် ဖိတ်ခေါ်ခဲ့ပြီး ဝန်ကြီးဌာနမှ စီစဉ်ထုတ်ဝေသည့် ပုဂံအလှ၊ အင်းလေးအလှ၊ ဧရာဝတီ၊ ချောင်းသာ ၊ ငွေဆောင်အလှ၊ ရခိုင်ပြည်နယ် သံတွဲ၊ ငပလီ၊ မြောက်ဦးဒေသရှိ ပုံများကို ဖြန့်ဝေပေးခဲ့သည်။

ဖေဖော် ဝါရီ ၇ ရက် မွန်းတည့် ၁၂ နာရီတွင် ဧည့်လမ်းညွှန် အခြေခံ သင်တန်းအမှတ်စဉ် (၄၇) ဆင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် Asia Plaza ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေက သင်တန်းဆင်း မောင်မယ်များအား အမှာစကားပြောကြားရာတွင် ယခုသင်တန်းသည် လူ့စွမ်းအားအရင်းအမြစ်ကို ဖော်ထုတ်ခြင်းနှင့် ဘွဲ့ရ မောင်မယ်တို့အနေဖြင့် အလုပ်အကိုင်ရရှိရေးကို ကူညီဆောင်ရွက်ပေးသည့် သင်တန်းဖြစ်ကြောင်း၊ အဆိုပါသင်တန်းမှ ၈၄၇၇ ဦးကို မွေးထုတ်ပေးခဲ့ပြီး ၃၇၄၉ ဦးသည် ဧည့်လမ်းညွှန် လိုင်စင်ရယူပြီး လုပ်ငန်းခွင်များသို့ ဝင်ရောက်လုပ်ကိုင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသို့ ဝင်ရောက်သော ခရီးသည် အရေအတွက်သည် ၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၀၄ သန်းရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၀၈၁ သန်းခန့် ရှိခဲ့သဖြင့် ဧည့်လမ်းညွှန်အရေအတွက်သည် လုံလောက်မှုမရှိသေးသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ဧည့်လမ်းညွှန် (အခြေခံ) သင်တန်းနှင့် ဒေသဆိုင်ရာ ဧည့်လမ်းညွှန် (အခြေခံ)သင်တန်းများကို ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ ယခုဖွင့်လှစ်သည့် သင်တန်းသို့သင်တန်းသား ၁၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကလေးများနေ့ အားကစားပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၉

ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အဖြစ် အခြေခံပညာ ကျောင်းပေါင်းစုံကလေးများပျော်ပွဲရွှင်ပွဲနှင့်အားကစားပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကကြီးမှူး၍ ယနေ့နံနက်က အထက (၅) အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာ ထက်/လယ်/မူ ကျောင်းသား ကျောင်းသူများပါဝင်ဆင်နွှဲကြသည်။

ဝင်းမြင့်ထွန်း(တောင်ဥက္ကလာ)

ပြည်တွင်းသတင်း

နယ်မြေရှင်းလင်းသည့် တပ်မတော်စစ်ကြောင်းများနှင့် ကိုးကန့်တိမ်းရှောင်အဖွဲ့ ထိတွေ့တိုက်ပွဲဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၉

နယ်မြေခံပြည်သူလူထု၏ သတင်းပေးချက်အရ တပ်မတော်စစ်ကြောင်းများက လောက်ကိုင်ဒေသအတွင်း နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် လောက်ကိုင်မြို့ အနောက်မြောက်ဘက် ညံ့ခွမ်းကျေးရွာ အရှေ့မြောက်ဘက်၌ နှစ်ကြိမ်၊ လောက်ကိုင်မြို့အနောက်တောင်ဘက် တောက်ရွှေကျေးရွာအနီးတစ်ဝိုက်၌ တစ်ကြိမ် ကိုးကန့်တိမ်းရှောင်အဖွဲ့မှ အင်အားစုများနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့သည်။

ထို့အတူ မော်ထိုက်မြို့အနီး နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စခန်းကို ကိုးကန့်တိမ်းရှောင်အဖွဲ့မှ အင်အားစုအချို့က လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်သဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရသည်။ တပ်မတော်အနေဖြင့် ယင်းဒေသအတွင်း သောင်းကျန်းသူလက်နက်ကိုင်အဖွဲ့များ အခြေချနေထိုင်ခြင်းမပြုစေရေးအတွက် နယ်မြေရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အားသွန်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ကိုးကန့်တိမ်းရှောင်အဖွဲ့၏ ရည်ရွယ်ချက်ရှိရှိဖြင့် တပ်မတော်စစ်ကြောင်းများအပေါ် နေရာအနှံ့အပြားမှ နှောင့်ယှက်ပစ်ခတ်ခြင်း၊ ချောင်းမြောင်းတိုက်ခိုက်ခြင်းများကြောင့် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာမည်ကို ဒေသခံများအနေဖြင့် စိုးရိမ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနအသစ်များ စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၉

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြတ်စိုးအောင်နှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက်တွင် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှစ၍ စာစစ်ဌာနအသစ်ဖွင့်လှစ်မည့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မြင်ကွန်းအခြေခံပညာအထက်တန်းကျောင်း၊ ကန်ပြားအခြေခံပညာ အထက်တန်းကျောင်း၊ ရေနံချောင်းမြို့နယ် အလယ်ကုန်း အခြေခံပညာအထက်တန်းကျောင်းများသို့ လည်းကောင်း၊ ဖေဖော်ဝါရီ ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဇရပ်ကြီး အခြေခံပညာအထက်တန်းကျောင်း၊ ဆီမီးကန် အခြေခံပညာ အထက်တန်းကျောင်းများသို့ လည်းကောင်း သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းအကျိုးတော်ဆောင်များ ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး စာစစ်ဌာနများ၌ ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ မသမာမှုကင်းရှင်းရေး၊ မေးခွန်းနှင့်အဖြေလွှာများထားရှိမည့်မီးခံတိုက်များ၊ စာဖြေခုံများ ဖြည့်တင်းထားရှိမှု အခြေအနေများကို စစ်ဆေး၍ ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် စာမေးပွဲဖြေဆိုနိုင်ရေး၊ စာမေးပွဲ ချောမောအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့် မွေးနေ့ နတ်မောက်မြို့၌စည်ကားလျက်ရှိ

နတ်မောက် ဖေဖော်ဝါရီ ၉

လွတ်လပ်ရေးဗိသုကာအမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့နှစ်(၁၀၀)ပြည့်ပွဲကို နိုင်ငံတစ်ဝန်း၌ ကျင်းပလျက်ရှိရာ ဗိုလ်ချုပ်၏ မွေးရပ်မြေဖြစ်သော မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ရှေ့ရင်ပြင်၌ ကျင်းပလျက်ရှိရာ လာရောက်ကြည့်ရှုသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ အထိမ်းအမှတ်ပွဲတွင် ဗိုလ်ချုပ်အမှတ်တရ ပြခန်းများ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ စာပေဟောပြောပွဲများ၊ ကဗျာရွတ်ဆိုပွဲ၊ ပန်းချီဓာတ်ပုံပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ စသည်များ ခင်းကျင်းပြသထားရာ အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာ လည်ပတ်

သူများဖြင့် စည်ကားလျက်ရှိသည်။ ဗိုလ်ချုပ်မွေးနေ့ အထိမ်းအမှတ်ပွဲကို ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့နှစ်(၁၀၀)ပြည့်နေ့ဖြစ်သော ဖေဖော်ဝါရီ ၁၃ ရက်တွင် ဗိုလ်ချုပ်နေအိမ်ဝင်းအတွင်း စိုက်ထူမည့်မော်ကွန်းကျောက်စာတိုင်ဖွင့်ပွဲ သံဃာအပါး ၁၀၀ ကို ဆွမ်းသက်န်းများ လှူဒါန်းပွဲပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

သတင်း-မောင်ကျော်ကြီး
ဓာတ်ပုံ-ကိုကိုနေ

တိုင်းဒေသကြီးနှင့်ပြည်နယ်မှ ယဉ်ကျေးမှုကိုယ်စားလှယ်များ နေပြည်တော်ကောင်စီနယ်မြေအတွင်း လှည့်လည်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၉

၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲအပြီးတွင် တိုင်းရင်းသားရိုးရာ အကပဒေသာများဖြင့် တင်ဆက်ကပြဖျော်ဖြေရန် နေပြည်တော်သို့ရောက်ရှိနေသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ယဉ်ကျေးမှုကိုယ်စားလှယ်များသည် ယနေ့နံနက် ၇ နာရီတွင် အဖွဲ့နှစ်ဖွဲ့ ခွဲ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း လေ့လာရေးသွားရောက်ကြသည်။ (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်သည် လေ့လာရေးခရီးမစတင်မီ အမှတ်(၇) တည်းခိုရေးစခန်း(ရွာတော်)သို့ရောက်ရှိပြီး ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများ၊ ယဉ်ကျေးမှုကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံ၍ လေ့လာရေးခရီးစဉ် အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

လေ့လာရေးယာဉ်တန်းသည် အမှတ်(၇)တည်းခိုရေးစခန်း(ရွာတော်)မှ စတင်ထွက်ခွာရာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ယဉ်ကျေးမှုကိုယ်စားလှယ်များသည် နေပြည်တော်တိရစ္ဆာန်ဉယျာဉ်၊ ဆာဖာရီဉယျာဉ်၊ နက္ခတ်တာရာပြခန်း၊ သတ္တသတ္တာဟစေတီတော်၊ ဉပ္ပါတသန္တိစေတီတော်နှင့် ရေပန်းဉယျာဉ်တို့သို့ သွားရောက်လေ့လာကြသည်။

အလားတူ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ယဉ်ကျေးမှုကိုယ်စားလှယ်များသည် အမျိုးသားအထိမ်းအမှတ်ဉယျာဉ်၊ စစ်သမိုင်းပြတိုက်၊ လွှတ်တော်အဆောက်အအုံ၊ မြန်မာကွန်ဗင်းရှင်းစင်တာ(၁)နှင့် မြို့မဈေးတို့သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံဘက်စုံတည်ဆောက်ဖို့ မှန်မှန်ကန်ကန်အခွန်ပေးစို့

ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၊ အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)တွင်ရှိသော ချည်(၅)မျိုးအား မျက်မြင်အခြေအနေအတိုင်းရောင်းချမည်ဖြစ်ပါသည်။
၂။ **ရောင်းချမည့်ပစ္စည်း** - ၁/၄၀ ဘီးဖြီးချည် ၁/၄၀ချည် ၁/၂၀ချည် ၁/၂၁ ချည် ၁/၁၆ချည်
၃။ **ဈေးပြိုင်ရောင်းချမည့်ရက်** - ၂၀-၂-၂၀၁၅ရက်
၄။ **ဈေးပြိုင်ရောင်းချမည့်အချိန်** - နံနက် ၉:၀၀နာရီ
၅။ **ဈေးပြိုင်ရောင်းချမည့်နေရာ** - အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)ပျော်ဘွယ်မြို့
၆။ အသေးစိတ်အချက်အလက်များအား ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၃၆၉၊ ၀၆၇- ၄၀၈၂၁၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အထည်အလိပ်လုပ်ငန်း

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သာဝတ္တိစက်ရုံစုရပ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇၄၀၊ မိဘုရားကုန်းကွင်း၊ မြေကွက် ဦးပိုင်အမှတ်၂၄၊ ၂၆၊ ဧရိယာ ၀ ဒသမ ၇၁ ဧကရှိ ဒေါ်သန်း(ပါ)၂ အမည်ပေါက် အငှားဂရန်မြေကွက်အား ဒေါ်ခိုင်မြင့်မြင့် ၉/လဝန(နိုင်)၀၇၄၆၉၄(ဘ) ဦးမောင်ကိုက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အငှားဂရန်မြေကွက် အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း
SEAFARERS IDENTITY DOCUMENT

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံများအတွက် လိုအပ်သောလက်သုံးကိရိယာများ၊ အလုပ်ရုံနှင့် ဓာတ်ခွဲခန်းသုံး လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။
၂။ Open Tender ပုံစံများကို ၁၀-၂-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂၁)တွင် တစ်စုံလျှင် ကျပ် ၁၀၀၀၀နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၇-၂-၂၀၁၅ရက် နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။
၃။ အဆိုပါ လက်သုံးကိရိယာများ၊ အလုပ်ရုံနှင့် ဓာတ်ခွဲခန်းသုံးလုပ်ငန်းသုံးပစ္စည်းများအား သက်ဆိုင်ရာဒေသအရောက် ၂၆-၃-၂၀၁၅ရက် နောက်ဆုံးထားပေးသွင်းနိုင်သူများကိုသာ ဦးစားပေးရွေးချယ်မည် ဖြစ်သည်။
၄။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

လူပျောက်ကြော်ငြာ

၁၇ လမ်း၊ အမှတ် ၅၈၊ ပထမထပ်နေ တစ်ဖက်ပါဓာတ်ပုံရှင် ဦးမြသန်း(ခ) ဘတုတ် အသက်(၈၂)နှစ်သည် ၃၁-၁-၂၀၁၅ ရက်က နေအိမ်မှထွက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

(ကျေးဇူးဆပ်ပါမည်။)
ဖုန်း-၀၉-၄၂၀၁၃၄၃၃၆၊ ၀၉-၂၅၂၉၈၁၅၉၆

ပျောက်ဆုံးကြောင်း

ရောင်းမည်

ဒဂုံဆိပ်ကမ်း၊ ရတနာလမ်းမ လေးကွက်တွဲ ရောင်းမည်။

ဖုန်း-၀၉-၅၀၉၂၈၁၅

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/စီ^ခ)၊ လူနေရပ်ကွက်အမှတ်(ကာယ)၊မြေကွက်အမှတ် (၂/၁၃၃)၊ကာယ ၅လမ်းရှိ နှစ် ၆၀ ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါက်တာဇာဖြူဝင်း ၇/ရတရ(နိုင်) ၀၉၄၇၈၃ အမည်ဖြင့် တည်ရှိသော(အလျား $\frac{၉၇}{၁၀၂}$ ပေ ×အနံ $\frac{၉၆}{၁၁၀}$ ပေ)၊ ဧရိယာ ၀ဒသမ၂၃၈၈ဧက အကျယ်အဝန်းရှိသည့် နှစ်၆၀ ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ကို ယခုရောင်းချသူ ဦးသန်းကျော်တိုးသည် ၃-၆-၂၀၁၄ ခုနှစ် အရပ်ကတိ အရောင်းအဝယ်စာချုပ်အရ မိမိပိုင်ဆိုင်သည်ဟု ပြောဆိုပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်း တစ်စုံတစ်ရာမရှိကြောင်း ပြောဆို၍ ပြန်လည်ရောင်းချခြင်းဖြစ်သဖြင့် အဆိုပါမြေကွက်၏ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ကျွန်မ၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်၍ စရန်ငွေပေးချေပြီးဖြစ်ရာ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း အထောက်အထားစာရွက်စာတမ်းမူရင်း ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ဥမ္မာ
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၅၀၂၉၅၆၆

သံလွင်တံတား(ချောင်းဆုံ)ပန္နက်တင်မင်္ဂလာကျင်းပ

မော်လမြိုင် ဖေဖော်ဝါရီ ၉

မွန်ပြည်နယ် မြို့တော်မော်လမြိုင်နှင့်ဘီလူးကျွန်းကို သံလွင်မြစ်က ပိုင်းခြားထားသဖြင့် ဒေသတွင်းမှ ပြည်သူများသည် ရေလမ်းခရီးကလွဲ၍ မြို့ပေါ်တက်ရန် အခြားနည်းမရှိဖြစ်နေရသည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သည်။

ယခုတော့ ယခင်လိုမဟုတ်တော့ပြီ။ မော်လမြိုင်နှင့်ဘီလူးကျွန်းအကြား စီးဆင်းနေသည့် သံလွင်မြစ်ကိုဖြတ်၍ သံလွင်တံတား(ချောင်းဆုံ)ကို ပြည်ထောင်စုအစိုးရဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအထူးစီမံကိန်းကြီးအဖွဲ့(၅)မှ တာဝန်ယူတည်ဆောက်တော့မည်ဖြစ်သည်။

သို့ဖြစ်၍ တည်ဆောက်တော့မည့်တံတားကြီး ပန္နက်တော်တင်နှင့် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၈ နာရီ ၁၀ မိနစ်က သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းတည်ရှိရာ မော်လမြိုင်မြို့ မုပွန်ရပ်ကွက် ယာယီမဏ္ဍပ်၌ကျင်းပရာ အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်တို့တက်ရောက်၍ မင်္ဂလာပိုင်တိုင်ကို စက်ခလုတ်နှိပ် ရိုက်သွင်းပေးသည်။

အခမ်းအနားတွင် မင်္ဂလာစောင်းအဖွဲ့က ရတုပိုဒ်စုံ ဖတ်ကြားသီကျူးဖွင့်လှစ်ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှတာဝန်ရှိသူများက ပန္နက်တော်များကို ရိုက်သွင်းပေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့်ပြည်နယ်ဝန်ကြီးချုပ်ဦးအုန်းမြင့်တို့ မင်္ဂလာပိုင်တိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

ပြည်တွင်းသတင်း

သတင်းနှင့် ဓာတ်ပုံ
ခရမ်းစိုးမြင့်

ထို့နောက် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက နဂါးစာကျွေးခြင်းတို့ကို ဆောင်ရွက်ခြင်းနှင့် မင်္ဂလာအခါတော် ၈ နာရီ ၁၀ မိနစ်တွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က မင်္ဂလာပိုင်တိုင်ကို စက်ခလုတ်နှိပ်၍ ရိုက်သွင်းပေးကြသည်။

သံလွင်တံတား(ချောင်းဆုံ)စီမံကိန်းဆိုင်ရာ အချက်အလက်များမှာ ပင်မတံတား အရှည် ၁၇၅၉ ပေ၊ ချဉ်းကပ်တံတား မုပွန်ဘက်ကမ်း၌ ၆၈၉ ပေ၊ ချောင်းဆုံကညော်ဘက်ကမ်း၌ ၂၇၅၆ ပေရှိပြီး စုစုပေါင်း တံတားအရှည်မှာ ၅၂၀၃ ပေရှိမည်။ တံတားကြီးပေါ်၌ နှစ်လမ်းသွားကားလမ်းအကျယ် ၂၈ ပေနှင့်လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် ၃ ပေ ၃ လက်မပါရှိမည်ဖြစ်ပြီး တံတားကြီး၏ ရေလမ်းကင်းလွတ် အကျယ် ၄၂၆ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၄၆ ပေနှင့် ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ ၇၅ တန်ရှိမည်ဖြစ်သည်။

တံတားအမျိုးအစားမှာ ပင်မတံတားအုတ်မြစ်နှင့် အောက်ထည် Bored Pile & R.C.D တံတားအပေါ်ထည် သံမဏိသံပေါင်ဖြစ်သည်။ ချဉ်းကပ်တံတား အမျိုးအစားမှာ အောက်ထည် Bored Pile၊ တံတားအပေါ်ထည် Steel Box Girder+ R.C concrete ဖြစ်သည်။

တံတားကြီး တစ်ဖက်ကမ်း ချောင်းဆုံမြို့ရှိကျေးရွာ တောင်သူလယ်သမားများသည် စပါးနှင့်ရော်ဘာများ စိုက်ပျိုးကြသည့်အပြင် ဆေးတံနှင့် ကျောက်သင်ပုန်းလုပ်ငန်းများ လုပ်ကိုင်စားသောက်ကြပြီး အေးချမ်းစွာ နေထိုင်ကြသောသူများဖြစ်သည်။

ထို့ကြောင့် အဆိုပါတံတားကြီး ပြီးစီးသွားပါက ဒေသတွင်းဘက်စုံ ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည်။ **ခရမ်း(စိုးမြင့်)**

စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးတွင် ပရိသတ်များ အခမဲ့ကြည့်ရှုအားပေးနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၉

တစ်မျိုးသားလုံး၊ ပြည်သူတစ်ရပ်လုံး အားကစားလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်နှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ကပေးအပ်ထားသည့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် အားကစားလှုပ်ရှားမှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားအားကစားပွဲတော်ကြီးကို ၁၉၉၂၊ ၁၉၉၄၊ ၁၉၉၇ ခုနှစ်တို့တွင် ကျင်းပခဲ့ပြီး (၁၈)နှစ်တာကာလ ၂၀၁၅ ခုနှစ်သို့ရောက်မှသာ စတုတ္ထအကြိမ်မြောက် ပြန်လည်ကျင်းပရခြင်းဖြစ်သည်။ စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ အားကစားကွင်း/အားကစားရုံများ၌ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များ ကိုယ်စားပြုအသင်းများနှင့် နေပြည်တော်ကောင်စီနယ်မြေကိုယ်စားပြု အသင်းအပါအဝင် အသင်း ၁၅ သင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ဝဏ္ဏသိဒ္ဓိအားကစား (B) ရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး ပိတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းအတွင်း အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအပြီး ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားနည်း ၂၇ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။ အားကစားနည်းများအနေဖြင့် ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘီလိယက်/စနူကာ၊ ကာယကြံ့ခိုင်မှု၊ လက်ဝှေ့၊ စစ်တုရင်၊ ခြင်းလုံး၊ စက်ဘီး၊ ဘောလုံး(ကျား၊မ)၊ ဖူဆယ် (ကျား၊ မ)၊ ဂေါက်သီး၊ ဂျူဒို၊ ကရာတေးဒို၊ ရိုးရာလှေ၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ ဒိုင်ဗင်၊ ရိုးရာလက်ဝှေ့၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ မြန်မာ့သိုင်း၊ ဘော်လီဘော၊ အလေးမ၊ ဝူရှူး၊ Triathlon (သုံးမျိုးစုံ)၊ ခရစ်ကက်အားကစားနည်းများဖြစ်ပြီး ပြိုင်ပွဲဝင် ၁၅ သင်းနှင့် စုစုပေါင်းပြိုင်ပွဲဝင်အင်အား ကျား ၂၈၉၅ ဦး၊ မ ၁၄၆၆ ဦး စုစုပေါင်း ၄၃၆၁ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရရှိခဲ့သော အောင်မြင်မှုများကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်စေရန်နှင့် ၂၀၁၅ ခုနှစ် ဇွန်လအတွင်း စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၂၈)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရယူနိုင်ရေးအတွက် ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့်မျိုးဆက်သစ်များပေါ်ထွက်လာရေးကို ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်းနှင့် ဖွင့်ပွဲ/ပိတ်ပွဲ အပါအဝင် အားကစားပြိုင်ပွဲအားလုံးကို အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် ကွင်းဝင်ပေါက်ဂိတ် အမှတ်(၁)ဂိတ်မှလွဲ၍ ကျန်ဂိတ်များအားလုံး၌ လုံခြုံရေးအရစစ်ဆေးခံ၍ အခမဲ့(အခမဲ့)ဝင်ရောက်ကြည့်ရှုအားပေးနိုင်ကြသည်။ **(အားကစား)**

✻ ကျောဖုံးမှ

ဖိုင်နယ်အဆင့်သို့ တက်ရောက်ခွင့်ရရှိခဲ့သောကြောင့် ယခုကမ္ဘာ့ဖလားပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များတွင် ထိုင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိပြီး ယီမင်နှင့် ဂိုးမရှိ သရေကျကာ အီရန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ရမှတ်လေးမှတ်ဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ ကမ္ဘာ့ဖလားဝင်ခွင့်အတွက် အရေးပါသည့် ကွာတားပွဲတွင် အာရှထိပ်သီး ယူအေအီးအသင်းကို သန်းပိုင်၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယခုအုပ်စုမဲခွဲပွဲကို မြန်မာ ယူ-၂၀ အသင်းနည်းပြချုပ်ဂတ်ဖရိုင်းဒရစ်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ညွှန်ကြားရေးမှူး(စီမံ) ဦးစိုးမိုးကျော်တို့တက်ရောက်လျက်ရှိသည်။

မိုးလေဝသအခြေအနေ

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာမွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှလေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၈၈၅၄၈ Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ ဒေါက်တာသိန်းလှိုင် ၈/ရနခ(နိုင်)၀၀၉၉၂၉ က (ကမ-၃)ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟင်္သာတ)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၈၁၉၉၃ Suzuki Viva 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဝေ ၁၄/အဂပ(နိုင်)၁၃၀၀၇၈ က (ကမ-၃) ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟင်္သာတ)

ကန့်ကွက်နိုင်ပါသည်

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၁)လမ်း၊ တိုက်(၃၇)၊ အခန်း(၁၀၂)၏ လက်ရှိပိုင်ရှင် ဦးဝင်းညွန့် ၁၂/ဒဂန(နိုင်) ၀၁၆၅၂၃ ၏ ယင်းအခန်းပိုင်ဆိုင်မှုစာချုပ်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် ၎င်းအခန်း၏ ပိုင်ဆိုင်မှုအား ဆက်လက်လုပ်ဆောင်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်ရာရုံးသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ -
ယုဇနစင်တာ၊ အမှတ် (၁၃၀)၊
တတိယထပ်၊ ရွှေဂုံတိုင်လမ်း၊
ဗဟန်းမြို့နယ်၊
ဖုန်း-၅၄၀၇၄၂၊ ၅၄၀၇၄၅

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ အထက (ခွဲ) အလက (၂)ပြည် အဋ္ဌမတန်း(A)မှ မဆုဝတ်ရည်အောင်၏ ဖခင်အမည်မှန်မှာ ဦးမင်းလွင်ဖြစ်ပါသည်။

ပြင်ဆင်ပြီး တိုက်ခန်းများရောင်းမည်

(စမ်းချောင်းမြို့နယ်/ပွဲစားမလို/ဝယ်သူကိုယ်တိုင် ဆက်သွယ်ပါ)

၁။ ကျွန်းတောလမ်း၊ ပေ(၁၄×၆၀)၊ ၇လွှာ၊ တိုက်သစ် (ပြင်ပြီး) ၅၈၀ သိန်း
၂။ ဗဟိုလမ်းမ၊ ပေ(၁၅×၆၀)၊ ၅လွှာ၊ တိုက်သစ်(ပြင်ပြီး) ၇၀၀ သိန်း
၃။ ဗဟိုလမ်းမ၊ ပေ(၂၀×၅၀)၊ ၅လွှာ၊ တိုက်သန့် (ပြင်ပြီး) ၈၉၀ သိန်း

ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၁၅၆၄၉၄၊ ၀၉-၅၀၇၃၁၄၄

မြေကွက်ရောင်းရန်ရှိသည်

လှိုင်တက္ကသိုလ်နယ်မြေ၊ MICT Park အနီး၊ အကျယ် (၈၀'×၈၀')၊ ဂရန်အမည်ပေါက် မြေကွက်နှစ်ကွက် ရောင်းရန်ရှိသည်။ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ **(ပွဲစားမလို)**

ဖုန်း-၀၉-၂၅၂၆၃၈၂၄၆

(၄)နှစ်ပြည့်မင်္ဂလာခရီး

၁၀-၂-၂၀၁၅ ရက်မှာရောက်ရှိတဲ့ သားဗိုလ်မှူးဝင်းထက်မင်း၊ သမီး သူသူသန့်စင်တို့၏ (၄)နှစ်ပြည့်မင်္ဂလာချစ်ခရီးမှာ မြေးလေး အဂ္ဂမင်းမြတ်နှင့်အတူ အေးအတူပူအမျှ ဖေးကူကာ ကြင်နာယုယစွာဖြင့် ပျော်ရွှင်ကြည်နူးစွာ လျှောက်လှမ်းနိုင်ပါစေ။

ဖေဖေ- ဦးသန့်စင်
မေမေ- ဒေါ်ခင်စန်းဝင်း
နေပြည်တော်



ပြည်တွင်းသတင်း

ဟီးနိုးကုန်တင်ယာဉ် လမ်းဘေးပလက်ဖောင်းပေါ်ရှိ ဓာတ်မီးတိုင်ကို အရှိန်ဖြင့် ဝင်တိုက်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းမကြီးအတိုင်း အနောက်မှ အရှေ့သို့ ဦးအောင်ကျော်မြင့် မောင်းနှင်လာသော (၄က/----) ဟီးနိုးကုန်တင်မော်တော်ယာဉ်မှာ နဝဒေးရုပ်ရှင်ရုံ အနီး ကမ္ဘာအေးဘုရားလမ်းနှင့် တံတားလေးလမ်းဝလမ်းဆုံ မီးပွိုင့်အနီး မရမ်းကုန်းမြို့နယ်(၇) ရပ်ကွက် ဘက်အခြမ်း လမ်းဘေးပလက်ဖောင်းပေါ်ရှိ ၁၂ မီတာ ကွန်ကရစ်လျှပ်စစ်ဓာတ်မီးတိုင်အား ယနေ့ညနေ ၃ နာရီခွဲခန့်က အရှိန်ဖြင့် ဝင်တိုက်မိသဖြင့် ထက်ပိုင်းကျိုးကျသွားပြီး မီးပွိုင့်တွင်ရပ်နေသော 5C/---- အဓိပတိ(အပြာ) ပါရမီခရီးသည်တင်ယာဉ်ပေါ်သို့ ကျရောက်ခဲ့သည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ မရမ်းကုန်းမြို့နယ် အင်ဂျင်နီယာ(လျှပ်စစ်) ဦးချစ်ကောင်းနှင့် လျှပ်စစ်လုပ်သား ၂၀ ခန့်က ပြတ်တောက်သွားသော ဓာတ်အားလိုင်း အမြန်ပြန်လည်ပြီးစီးရေးဆောင်ရွက်ခဲ့ရာ ည ၇ နာရီခွဲတွင် ဓာတ်အားပုံမှန်လွှတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **(ဝ၁၅)**

ဟီးနိုးကုန်တင်ယာဉ် လမ်းဘေးပလက်ဖောင်းပေါ်ရှိ ကွန်ကရစ်ဓာတ်တိုင်အား တိုက်မိစဉ်။

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့်သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်အသစ် လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ခွင့်ပြုပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၅-၂-၂၀၁၅ ရက်ကပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းသက်တမ်းတိုး (၇၀) နှင့် ထုတ်ဝေသူသက်တမ်းတိုး (၇၅)ဦး၊ ပေါင်းသက်တမ်းတိုး (၁၄၅) ဦးအားလည်းကောင်း၊ ထုတ်ဝေသူအမည်ပြောင်း(၁)ဦးအားလည်းကောင်း၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ (၉) ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် (၃) ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် (၃)ဦး၊ အထွေထွေထုတ်ဝေခွင့် (၁၃) ဦး၊ သတင်းအေဂျင်စီ (၁)ဦး၊ ပေါင်းပုံနှိပ်လုပ်ငန်းနှင့် ထုတ်ဝေခွင့်(၂၉)ဦးတို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့သည်။ ယခင်အပတ်က စိစစ်ဆဲဖြစ်သော ပုံနှိပ်အသစ်လျှောက်ထားသူ (၁)ဦးအား ယခုအပတ်တွင် ပြန်လည်ခွင့်ပြုပေးခဲ့သည်။ ယခုအပတ်တွင် တင်ပြထားသည့်အထဲမှ ပုံနှိပ်သက်တမ်းတိုး(၁)ခုနှင့်ပတ်သက်၍ စိစစ်ဆဲဖြစ်သည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး (၆၅၆) ဦးနှင့် အသစ်လျှောက်ထားသူ (၈၂) ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး (၆၆၅) ဦးနှင့် အသစ်လျှောက်ထားသူ (၂၇၅) ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ (၅)ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ် (၁၆၈၃) စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

ဂျာနယ်ထုတ်ဝေခွင့် အသစ်လျှောက်ထားသူ (၃) ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် အသစ်လျှောက်ထားသူ(၁)ဦး၊ ဂျာနယ်သက်တမ်းတိုးလျှောက်ထားသူ (၁) ဦး၊ အထွေထွေထုတ်ဝေခွင့် သက်တမ်းတိုးလျှောက်ထားသူ(၁)ဦးနှင့် ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ(၁)ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်
လုပ်ငန်းသုံးစက်ကိရိယာနှင့်ရုံးသုံးစက်ကိရိယာပစ္စည်း(၃)မျိုးဝယ်ယူရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် လုပ်ငန်းသုံးစက်ကိရိယာနှင့်ရုံးသုံးစက်ကိရိယာ ပစ္စည်း(၃)မျိုးကို ပြည်တွင်းသုံးမြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်းဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Packing Machine	15 Nos
2.	Computer Intcl Core 17 Processor	10 Nos
3.	Colour Printer	3 Nos

၂။ အိတ်ဖွင့်တင်ဒါများကို (၁၀-၂-၂၀၁၅) ရက်နေ့မှ (၂၃-၂-၂၀၁၅) ရက်နေ့အထိ နေ့စဉ် ဝ၉:၃ဝ နာရီမှ ၁၆:၃ဝ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၅-၃-၂၀၁၅) ရက်နေ့ ဝ၉:၃ဝ နာရီမှ ၁၆:၃ဝ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို တည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-ဝ၆၇-၄၁၂၃၇၄၊ ဝ၆၇-၄၁၂၃၇၅၊ ဝ၆၇-၄၁၂၃၂၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇) နေပြည်တော်
ဖုန်း -ဝ၆၇-၄၁၂၃၇၄၊ ဝ၆၇-၄၁၂၃၇၅

တင်ဒါသွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇) နေပြည်တော်
ဖုန်း -ဝ၆၇-၄၁၂၃၂၇

ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/7563 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ရာဇတံခွန်ကုမ္ပဏီ(ကမ္ဘာကျော် ဓာတ်မြေသြဇာ)မှ ဝန်ထမ်းများခေါ်ယူခြင်း

နေပြည်တော်အခြေစိုက် ရာဇတံခွန်ကုမ္ပဏီ (ကမ္ဘာကျော် ဓာတ်မြေသြဇာ)မှ အောက်ပါဝန်ထမ်းများ ခန့်ထားမည်ဖြစ်ပါသည်။

၁။ နယ်လှည့်အရောင်းစာရေး (ကျား) ၂ဝဝဝ ဦး (နှစ်ထောင်ဦး)

အသက် (၁၈)နှစ်မှ (၃ဝ)အတွင်းဖြစ်ရမည်။ အခြေခံလစာအဖြစ် ဘွဲ့ရ (ကျပ်တစ်သိန်းငါးသောင်း)၊ ဆယ်တန်းအောင် (ကျပ်တစ်သိန်းသုံးသောင်း)မှ စတင်ရရှိမည်ဖြစ်ပြီး၊ ကိုးတန်းအောင် (ကျပ်တစ်သိန်းတစ်သောင်း)မှ စတင်ရရှိမည်။

၂။ နယ်လှည့်စာရင်းစစ် (ကျား) ၅ဝ ဦး

အသက် (၂၈)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။ အခြေခံလစာအဖြစ် (ဘွဲ့ရ) (ကျပ်တစ်သိန်းရှစ်သောင်း)မှ စတင်ရရှိမည်ဖြစ်ပြီး၊ စာရင်းစစ်အတွေ့အကြုံရှိပြီးသူဖြစ်ရမည်။

၃။ စာရင်းစစ်/စာရင်းကိုင် (ရုံးထိုင်) (ကျား) ၂ဝ ဦး

အသက် (၂၅)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။ အခြေခံလစာအဖြစ် (ဘွဲ့ရ) (ကျပ်တစ်သိန်းခုနစ်သောင်း)မှ စတင်ရရှိမည်ဖြစ်ပြီး၊ စာရင်းစစ်/စာရင်းကိုင်အတွေ့အကြုံရှိပြီးသူဖြစ်ရမည်။

၄။ အုပ်ချုပ်မှု/စီမံခန့်ခွဲမှုမန်နေဂျာ (ကျား) ၁ဝ ဦး

အသက် (၃ဝ)မှ (၄ဝ)အတွင်းဖြစ်ရမည်။ အခြေခံလစာအဖြစ်[ဘွဲ့ရ (သို့) ဆယ်တန်းအောင်](ကျပ်တစ်သိန်းခုနစ်သောင်း)မှ စတင်ရရှိမည်။ အုပ်ချုပ်မှုအတွေ့အကြုံ ရှိပြီးသူဖြစ်ရမည်။

၅။ ကွန်ပျူတာစာရေး (ကျား) ၁ဝ ဦး

အသက် (၂ဝ)မှ (၃ဝ)အတွင်းဖြစ်ရမည်။ အခြေခံလစာအဖြစ် [ဆယ်တန်းအောင် (သို့)ဘွဲ့ရ] (ကျပ်တစ်သိန်းနှစ်သောင်း)မှ စတင်ရရှိမည်ဖြစ်ပြီး၊ ကွန်ပျူတာ၊ ဖက်(စ်)အားလုံး ကျွမ်းကျင်ရမည်။

၆။ အိမ်စီးကားသီးသန့်ယာဉ်မောင်း (၃) ဦး ခန့်ထားမည်။

ယာဉ်မောင်းသက်တမ်း နှစ်နှစ်နှင့်အထက်ရှိရမည်။ ယာဉ်မောင်းကျွမ်းကျင်ရမည်။ ကားအကြောင်းနားလည်ရမည်။ အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း ကင်းရှင်းရမည်။ ခရီးတို၊ ခရီးရှည် ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။ ယဉ်ကျေးသိမ်မွေ့ရမည်။ အိမ်ထောင်မရှိသူနှင့် ပျဉ်းမနားအနီးတစ်ဝိုက်နေထိုင်သူ ဦးစားပေးမည်။ နေ့စဉ်ထမင်းစရိတ် ကျပ် ၂ဝဝဝ ရရှိမည်။ အခြေခံလစာ ကျပ် ၁၅ဝဝဝဝ ခံစားရရှိမည်။ နေစရာအဆောင်ပေးမည်။

ကျောင်းဆက်တက်မည့်သူများ၊ အပင်ပန်းမခံနိုင်သူများ၊ အလုပ်ခန့်ထားမည်မဟုတ်ပါ။ နယ်ထွက်လျှင် ထမင်းစရိတ် ၂၅ဝဝကျပ်ရရှိမည်။ ခရီးစရိတ်ရရှိမည်။ အလုပ်လျှောက်ထားရာတွင် ကုမ္ပဏီမှလျှောက်လွှာဝယ်ယူလျှောက်ထားရမည်ဖြစ်ပြီး၊ [ကိုးတန်း(သို့)ဆယ်တန်းအောင်ကြောင်း ထောက်ခံစာ(သို့) ဘွဲ့လက်မှတ်မူရင်း/မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ (မူရင်း/မိတ္တူ)၊ အိမ်ထောင်စုဇယားပုံစံ (၆၆) (မူရင်း/မိတ္တူ)၊ တစ်ပတ်အတွင်း ရိုက်ထားသော လိုင်စင်ဓာတ်ပုံ(၅)ပုံ၊ မှတ်ပုံတင်(မူရင်း/မိတ္တူ)၊ လေဘာကတ်၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့ဖြင့် ၂၅-၁ဝ-၂ဝ၁၄ရက်မှ ၃ဝ-၇-၂ဝ၁၅ရက် နောက်ဆုံးထားပြီး အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင် ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။ နေထိုင်ရန် အဆောင်ပေးမည်။

အလုပ်လျှောက်ထားရန်လိပ်စာ
ရာဇတံခွန်ကုမ္ပဏီ (ကမ္ဘာကျော်ဓာတ်မြေသြဇာ)
၁၆ လမ်းနှင့် ခေတ္တာလမ်းထောင့်၊ ပေါင်းလောင်း (၂)ရပ်ကွက်၊
ပျဉ်းမနားမြို့၊ နေပြည်တော်၊
ဖုန်း-ဝ၆၇-၂၅၃ဝ၃၊ ၂၅ဝ၅၃၊ ၂၅၅၁၈၊ ၂၅၉၅၅၊ ၂၂၉၂၉

"စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ"

[illegible]

ဒေါက်တာငြိမ်းချမ်းအောင်စိုး
M.B.,B.S. (Ygn.), M.R.C.P Part I
Asia Royal Hospital

နှင့်

[illegible] (President; WISDOM - Knowledge Development Consultancy) [illegible]

ဒေါက်တာအိမ္မွန်ကိုကို
M.B.,B.S. (Ygn.)
Graduate Diploma in Business Management (UK)
Diploma in Business Law
Victoria Hospital

[illegible] Sule Shangri-La Hotel [illegible] Chatrium Hotel Royal Lake Yangon [illegible] Victoria Hospital နှင့် Asia Royal Hospital [illegible]

ဒေါက်တာငြိမ်းချမ်းအောင်စိုး+ဒေါက်တာအိမ္မွန်ကိုကို

ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေကို
ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)
၁၃၇၆ ခုနှစ် လ ရက်
(၂၀၁၅ ခုနှစ် လ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေတွင်ပါရှိသော **"President of the Union"** ဆိုသည့်စကားရပ်ကို **"Ministry of Finance"**ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"Union of Burma", "the United Kingdom, India or Pakistan and the Union of Burma"** ဆိုသည့် စကားရပ်ကို **"The Republic of the Union of Myanmar"** ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ **"Financial Commissioner"** ဆိုသည့် စကားရပ်ကို **"Union Minister of Finance"** ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ **"Commissioner of Customs"** ဆိုသည့်စကားရပ်ကို **"Director-General of Customs"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"Customscollector"** ဆိုသည့်စကားရပ်ကို **"Competent Customs Official"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"Real value"** ဆိုသည့် စကားရပ်ကို **"Customs Value"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"tariff value"** ဆိုသည့် စကားရပ်ကို **"CustomsValue"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"tariff valuation"** ဆိုသည့်စကားရပ်ကို **"CustomsValuation"** ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ **"Bill of Entry"** ဆိုသည့် စကားရပ်ကို **"Import Declaration"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"Vessel"** ဆိုသည့် စကားရပ်ကို **"Conveyance"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"The Tariff Act, 1953"** ဆိုသည့် စကားရပ်ကို **"The Tariff Law"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"the Board of Management for the Port of Rangoon"** ဆိုသည့်စကားရပ်ကို **"Myanmar Port Authority"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"The Press Registration Act"** ဆိုသည့် စကားရပ်ကို **"Printing and Publishing Law"** ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ၃၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ(ဇ)တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

" Interpretation" "(f) **"conveyance"** means any vehicle which navigates by air or sea or land used for the industrial or commercial transport of goods. Such expression includes lighters and barges, square-rigged or ship borne, hovercraft, aircraft, road vehicle (including trailers, semi-trailers and combinations of such vehicles), railway rolling stock which is used for the transport of persons for remuneration, or which is driven whether or not for remuneration.

"(h)**"master"** when used in relation to any conveyance means any person having command or charge of such conveyance. This expression also includes such persons having command or charge of any kind of conveyance used to travel on and to convey anything by sea, by air and by land. But this expression does not include "pilot" and "harbourmaster"."

၄။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ဠ)၏ နောက်တွင် ပုဒ်မခွဲ(ဌ)၊ ပုဒ်မခွဲ(ဍ)နှင့် ပုဒ်မခွဲ(ပ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"Interpretation""(l) **"import declaration"** means all documents including <u>but not limited to,</u> Declarations, Permits, Licenses, and Trade Documents that are required from time to time to be submitted to the Customs Department for Customs clearance or any other purpose, for the importation of Goods shall be in the form, including electronic documents and data messages, prescribed by the Director-General of Customs."

"(m) **"export declaration"** means all documents including <u>but not limited to,</u> Declarations, Permits, Licenses, and Trade Documents that are required from time to time to be submitted to the Customs Department for Customs clearance or any other purpose, for the exportation of Goods shall be in the form, including electronic documents and data messages, prescribed by the Director-General of Customs."

"(n) **"illegal goods"** means any goods which makes importation or exportation or transition to be prohibited or restricted by this Act or any other existing laws."

၅။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈ တွင် ပုဒ်မခွဲ(ဃ) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"Prohibitions""(d) kinds of goods applied to a counterfeit trade-mark,or any other existing laws, goods which imports a false trade-description."

၆။ ပင်လယ်ကြောင်းအကောက်ခွန် အက်ဥပဒေ ပုဒ်မ ၁၈ တွင်-
(က) ပုဒ်မခွဲ(စ) ကို ပယ်ဖျက်ရမည်။
(ခ) ပုဒ်မခွဲ (ဆ) ကို ပယ်ဖျက်ရမည်။

၇။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ကို အောက်ပါ အတိုင်းအစားထိုးရမည်-

"Power to prohibit or restrict importation or exportation of goods" "19 Any Union Ministry or Ministry of Finance assigned by the Union Government may from time to time, by notification in the Gazette, prohibit or restrict the bringing or taking **by any means of transport** for those goods of any specified description into or out of the Republic of the Union of Myanmar, or any specified region thereof, either generally or from or to any specified country, region, port or place beyond the limits of the Republic of the Union of Myanmar.

If it is imported or exported that any illegal goods which has prohibited or restricted shall be made action against by existing Laws."

၈။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၂ တွင် ပါရှိသည့် **"by sea"** ဆိုသည့်စကားရပ်ကို **"by any means"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၃၀ ကို အောက်ပါ အတိုင်းအစားထိုးရမည်-

"Customs Value defined." "30 Notwithstanding anything contained in any other existing laws as regards the determination of Customs Value,in determining the Customs Value under this Act, the Ministry of Finance may, from time to time, by notification in the Gazette, in order to levy the Customs duty according to the law on any goods exported or imported by any means, impose the procedures, rules and regulations to be abided in determining the Customs value."

၁၀။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၃၉ ၏တတိယပိုဒ်တွင် ပါရှိသည့် **"one year"** ဆိုသည့်စကားရပ်ကို **"seven years"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၄၀ တွင် ပါရှိသည့် **"three months"** ဆိုသည့် စကားရပ်ကို **"one year"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၄၂ ကို အောက်ပါ အတိုင်းအစားထိုးရမည်-

"Drawback allowable on re-export" "42 when any goods, capable of being easily identified, which have been imported by any means into any customs-port from any foreign port, due customs duties shall be paid by drawback since such goods had been imported. If stores for use on board or ship equipments using on board to be re-exported from customs port to foreign port correspond with the provision of importation, upon which duties of cutoms shall be repaid as drawback.

Provided that, in every such case, the goods be indentified to the satisfaction of Competent Customs Official at such Customs-port, and that the re-export be made within two years from the date of importation, as shown by the records of the custom-house.

Provided further that, the Director-General of Customs may extend one year as the term of period. If it is necessary to extend the term of period permitted by the Director-General of Customs,Union Minister of Finance may extend the term case by case for the interest of the state."

၁၃။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၄၃-က ၏နောက်တွင် ပုဒ်မ ၄၃-ခ ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"Power to make procedure concerning Temporary Admission" "B "The Director-General of Customs has the power to prescribe notification relating to the function, procedures, duration of time, insurance deposits and fines in respect of the temporary importation of goods."

၁၄။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅၀၊ ပုဒ်မခွဲ(ဂ)တွင် ပါရှိသော **"five kyats"** ဆိုသည့် စကားရပ်ကို **"the amount of money prescribed by the Director-General of Customs from time to time"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇၁ ၏ စတုတ္ထပိုဒ် တွင်ပါရှိသော **"not exceeding five kyats"** ဆိုသည့် စကားရပ်ကို **"the amount of money prescribed by the Director-General of Customs from time to time"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၈၅၊ ပုဒ်မခွဲ(ခ)တွင်ပါရှိသော **"the wharf belonging to any port commissioners, Port Trust or other public body or company"** ဆိုသည့်စကားရပ်ကို **"the wharf belonging to the Myanmar Port Authority or the government organization or private or public company"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၃၉ ကို အောက်ပါ အတိုင်းအစားထိုးရမည်-

"Additional charge on goods cleared for shipment after port clearance granted" "139 When goods are cleared for shipment on an export declaration presented after port-clearance has been granted, the Competent Customs Official may levy, the amount of charge prescribed by the Director-General of Customs from time to time, in addition to regular payable Customs duties for such goods."

၁၈။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၄ ၏ စတုတ္ထအပိုဒ် တွင်ပါရှိသော **"steam vessel"** ဆိုသည့် စကားရပ်ကို **"ship-borne"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၅ ၏ ပထမပိုဒ် တွင်ပါရှိသော **"is square-rigged or propelled by steam"** ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၂၀။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ တွင်-

(က) ပြစ်ဒဏ်များဇယားတွင်ပါရှိသည့် **"one hundred kyats"** ဆိုသည့်စကားရပ်ကို **"fifty thousand kyats"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"two hundred kyats"** ဆိုသည့်စကားရပ်ကို **"one hundred thousand kyats"** ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ **"five hundred kyats"** ဆိုသည့်စကားရပ်ကို **"two hundred and fifty thousand kyats"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"one thousand kyats"** ဆိုသည့် စကားရပ်ကို **"five hundred thousand kyats"** ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ **"two thousand kyats"** ဆိုသည့်စကားရပ်ကို **"ten hundred thousand kyats"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"four thousand kyats"** ဆိုသည့် စကားရပ်ကို **"twenty hundred thousand kyats"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

(ခ) ဇယားအမှတ်စဉ် ၁ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
1 - If any person fails to comply with the issued rules, regula-tions, orders, notifications, directives and procedures in respect of this Act.	General	Such goods shall be liable to confiscation or any person concerned in any such offence shall be liable to a penalty not exceeding three times of the Customs value of the goods or such person concerned shall, on conviction of any such offence before a Magis-trate, be liable to impri-sonment for a term not exceeding three years.

(ဂ) ဇယားအမှတ်စဉ် ၃ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
3 - If any person ship or land goods, or aid in the shipment or landing of goods, or knowingly keep or conceal, or knowingly permit or procure to be kept or concealed, any goods shipped or landed, or intended to be shipped or landed, contrary to the provi-sions of this Act, or if any person be found to have been on board of any conveyance liable to confiscation on account of the com-mission of an offence under No.4 of this section, while such conveyance is within any bay, river, creek or arm of the sea which is not a port for the shipment and landing of goods,	General	Such person shall be liable to a pen-alty not exceeding three times of the Customs value of the goods.

စာမျက်နှာ (၁၆) သို့

ဥပဒေကြမ်း

စာမျက်နှာ (၁၅) မှ

(ဃ) ဇယားအမှတ်စဉ် ၅ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
5 - If any goods are put, without the authority of the proper officer of Customs, on board of any tug-steamer or pilot-vessel from any seagoing vessel inward-bound,or if any goods are put, without such authority, out of any tug-steamer or pilot-vessel for the purpose of being put on board of any such vessel out ward-bound, or if any goods on which drawback has been granted are put, without such authority, on board of any tug-steamer or pilot-vessel for the purpose of being re-landed,	11	Such goods shall be liable to confis-cation;any person concerned in any such offence shall be liable to a pen-alty not exceeding three times of the Customs value of the goods.

(င) ဇယားအမှတ်စဉ် ၈ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
8 - If any goods, the importation or exporta-tion of which is for the time being prohibited or restricted by or under chapter IV of this Act, be imported into or exported from the Republic of the Union of Myanmar contrary to such prohibition or restriction, or if any attempt be made so to import or export any such goods, or if any such goods be found in any package produced to any officer of Cus-toms as containing no suchgoods, or if any such goods, or any dutiable goods, be found either before or after landing or shipment to have been concealed in any manner on board of any conveyance within the limits of any port in the Republic of the Union of Myanmar, or if any goods, the expor-tation of which is prohibi-ted or restricted as afore-said, be brought to any wharf in order to be put on board of any convey-ance for exportation contrary to such prohibi-tion or restriction,	18 and 19	Such goods shall be liable to confisca-tion; any per-son concerned in any such offence shall be liable to a penalty not exceeding three times of the Cus-toms value of the goods or such person concerned shall, on conviction of any such offence be-fore a Magi-strate, be liable to imprisonment for a term not exceeding three years.

(စ) ဇယားအမှတ်စဉ် ၁၀ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
10- If any goods, on the entry of which for re-export drawback has been paid, are not duly exported, or are unshipped or re-landed at any Customs-port (not having been duly re-landed or discharged under the provisions of this Act),	42 and 43	Such goods, together with any conveyance used in so unshipping or re-landing them, shall be liable to confiscation;and the master of the conveyance from which such goods are so unshipped or re-landed and any person by whom or by whose orders or by whose means such goods are so unshipped or re-landed, or who aids or is concerned in such unshipping or re-landing,shall be liable to a penalty not exceeding three times the Customs value of such goods.

(ဆ) ဇယားအမှတ်စဉ် ၁၁ ကိုပယ်ဖျက်ရမည်။

(ဇ) ဇယားအမှတ်စဉ် ၂၀ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
20-If any bill of lading or copy required under section 58 is false and the master is unable to satisfy the Competent Customs Official that he was not aware of the fact, or if any such bill or copy has been altered with fraudulent intent, or if the goods mentioned in any such bill or copy have not been ***bona fide*** shipped as shown therein, or if any such bill of lading, or any bill of lading of which a copy is delivered, has not been made previously to the departure of the vessel from the place where the goods referred to in such bill of lading were shipped, or if any part of the cargo has been staved, destroyed or thrown overboard, or if any package has been opened and such part of the cargo or such package be not accounted for to the satisfaction of Competent Customs Official.	58	The master of the conveyance shall be liable to a penalty not **exceeding three times the Customs value of the goods.**

(ဈ) ဇယားအမှတ်စဉ် ၂၇ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
27 -If the master of any conveyance laid up by the withdrawal of the officer of Customs shall, before appli-cation is made by him for an officer of Customs to superintend the receipt of cargo, cause or suffer to be put on board of such conveyance any goods what-ever, in contraven-tion of section 70.	70	Such master shall be liable to a penalty **not exceeding three times the Customs value of the goods, and the goods,** if protected by a pass, shall be liable to be re-landed for examina-tion at the expense of the conveyance, and, if not protected by a pass, shall be liable to confiscation.

(ည) ဇယားအမှတ်စဉ် ၂၈ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
28- If any master of a conveyance, in any case other than that provided for by No. 27, causes or suffers any goods to be discharged, shipped or ship-borne contr-ary to any of the provisions of section 70, 72 or 75.	70, 72 and 75	Such master shall be liable to a penalty **not exceed-ing three times the Customs value of the goods** and all goods so dischar-ged, shipped or ship-borne shall be liable to confis-cation.

(ဋ) ဇယားအမှတ်စဉ် ၃၃ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
33- If any master of a conveyance discharges or suffers to be discharged any goods not duly entered in the manifest of such conveyance.	55 and 82	Such master shall be liable to a penalty **not exceeding three times the Customs value of the goods.**

(ဌ) ဇယားအမှတ်စဉ် ၃၅ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
35- If any goods are found on board in excess of those entered in the manifest, or not corresponding with the specification there in contained.	55 and 82	Such goods shall be liable to confiscation, or to charge with such a fine upon any goods as the Chief Officer of Customs prescribes.

(ဍ) ဇယားအမှတ်စဉ် ၃၇ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
37- If it be found, when any goods are entered at, or brought to be passed through, a custom-house, either for importation or exportation, that- (a) the packages in which they are contained differ widely from the description given in the import declaration or application for passing them, or (b) the contents thereof have been wrongly described in such import declaration or application as regards the denominations, characters, or conditions according to which such goods are char-geable with duty, or are being imported or exported, or (c) the contents of such packages have been mis-stated in regard to sort, quality, quantity or value, or (d) goods not stated in the import declaration or application have been concealed in, or mixed with, the articles specified therein, or have apparently been packed so as to deceive the officers of Customs, and such circumstance is not accounted for to the satisfac-tion of the competent customs official,	86 and 137	Such packages, together with the whole of the goods contained therein, shall be liable to confis-cation, and every person concern-ed in any such offence shall be liable to a penalty **not exc-eeding three times the Cus-toms value of the goods** or every person concern-ed shall, on conviction of any such offence **before a Magi-strate, be liable to imprisonment for a term not exceeding three years.**

(ပ) ဇယားအမှတ်စဉ် ၄၀ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
40- If any prohibited or dutiable goods are found, either before or after landing, concealed in any passen-ger's baggage,	General	Such passenger shall be liable to a penalty **not exceeding three times the Customs value of such goods** and such goods shall be liable to confiscation.

(ဆက်လက်ဖော်ပြပါမည်)

ဘိုကလေးတွင် ဗုဒ္ဓမြတ်စွယ်တော်ကို ပင့်ဆောင်ကြည်ညို

ဘိုကလေး ဖေဖော်ဝါရီ ၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသည့် မြတ်ဗုဒ္ဓစွယ်တော်ပွားတစ်ဆူကို သာသနာရေးဝန်ကြီးဌာနက ၂၀၁၄ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်တွင် မူဆယ်မြို့၌ သွားရောက်လက်ခံပင့်ဆောင်ပြီး ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ရင်ပြင်တော် ဦးမောင်ကြီး အာရုံခံတန်ဆောင်းသို့ စည်ကားသိုက်မြိုက်စွာ ပင့်ဆောင်ပူဇော်ခဲ့ကြသည်။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ရဟန်းရှင်လူပြည်သူအများ ဖူးမြော်ကြည်ညိုပူဇော်နိုင်ကြရန် ပုသိမ်မြို့ ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီး ကုန်းတော်ရှိ ဂန္ဓကုဋီတိုက်တော်မှ ဒေသစာရီကြွချီတော်မူလာခဲ့ပြီ ဖြစ်သည်။

ဘိုကလေးမြို့သို့ အပူဇော်ခံရန်အတွက် ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီက ရောက်ရှိလာရာ ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီဝင်များက ဖူးမြော်ကြိုခဲ့ကြသည်။

ဘိုကလေးမြို့တွင် နှစ်ညတာ အပူဇော်ခံပြီး ဖေဖော်ဝါရီ ၉ ရက် နံနက်တွင် ကျိုက်လတ်မြို့သို့ ဆက်လက်ကြွချီမည် ဖြစ်ကြောင်း သိရသည်။

ငွေးနိုင်(ဘိုကလေး)

သရက်မြို့နယ် တွင်းလယ်ကျေးရွာ၌ ဆိုလာစနစ် ရေသွင်းစပါးစိုက်ပျိုး

သရက် ဖေဖော်ဝါရီ ၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ်၌ ဆိုလာစနစ်ဖြင့် ရေသွင်းစိုက်ပျိုးသော နွေစပါး (ဗီယက်နမ်စပါးမျိုး) ကောက်စိုက်ပွဲကို သရက်မြို့နယ် တွင်းလယ်ကျေးရွာ ကွင်းအမှတ်-၆၁ တွင် ဖေဖော်ဝါရီ ၆ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ကောက်စိုက်ပွဲတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းကျော်က အမှာစကားပြောကြားပြီး သရက်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် ခရိုင်စိုက်ပျိုးရေး မန်နေဂျာတို့က စိုက်ပျိုးရေးနှင့် ပတ်သက်၍ ရှင်းလင်းခဲ့သည်။

ဆိုလာစနစ်ဖြင့် စိုက်ပျိုးရာတွင် လယ်ကွက်ရှိရေတွင်းမှ လေးပေမှ လေးပေခွဲ ဆိုလာပြား ၁၆ ချပ်ဖြင့် မော်တာ နှစ်ကောင်အား အသုံးပြုရေတင်ခဲ့သည်။ ဗီယမ်နမ်စပါးသည် အသက်ရက် ၁၁၅ ရက်၊ ပင်ပွားနှုန်း ခုနစ်ပင်မှ ရှစ်ပင်၊ အနံအရှည် ၁၂-၁၄ လက်မ၊ အပင်အမြင့် သုံးပေ၊ တစ်နှံ ပါသီးလုံး ၂၅၀-၃၀၀ မှ ၇၀၀-၈၀၀ထိ အထွက်နှုန်း ၁၅၀-၂၅၀ တင်းထွက်ရှိကြောင်း သိရသည်။

ပေါက်ကလေး(သရက်)

မောင်တောမြို့၏ ရခိုင်ရိုးရာ ရထားဆွဲပွဲတော်

မောင်တော ဖေဖော်ဝါရီ ၉

ရခိုင်ပြည်နယ် မောင်တောမြို့တွင် ရခိုင်ရိုးရာ ရထားဆွဲပွဲတော်ကြီးကို ဖေဖော်ဝါရီ ပထမပတ်က စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြီးစီးခဲ့သည်။ ရခိုင်ရိုးရာရထားပွဲတော်သည် တိုင်းရင်းသား ရခိုင်လူမျိုးတို့၏ ရှေးပဝေသဏီကပင် ဆင်းသက်လာသည့် အစဉ်အလာပွဲတော်ဖြစ်သည်။ **ကျော်ဆန်းဝင်း(iprd)**

ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု ဂန့်ဂေါတွင် ကတ္တရာလမ်းသစ်ဖွင့်

ဂန့်ဂေါ ဖေဖော်ဝါရီ ၉

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ မြို့မရပ်ကွက်ရှိ အမက ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက်က အဆိုပါ ကတ္တရာလမ်းသစ်၌ ကျင်းပသည်။

အဆိုပါ ကတ္တရာလမ်းသစ်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ကျပ်သိန်း ၆၃ ဒသမ ၅ အကုန်အကျခံကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

တောင်ငူတွင် မြေယာနှင့် သီးနှံလျော်ကြေးငွေပေးအပ်

တောင်ငူ ဖေဖော်ဝါရီ ၉

တောင်ငူမြို့နယ် စပါးကြွယ်ကျေးရွာအုပ်စု၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (၅၀၀-ကေဗွီ)တောင်ငူ ပင်မဓာတ်အားခွဲရုံ တည်ဆောက်ရန် မြေနေရာတွင် ပါဝင်သော တောင်သူများအတွက် မြေယာနှင့်သီးနှံလျော်ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို တောင်ငူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းက အမှာစကားပြောကြားသည်။ ယင်းနောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း စီမံကိန်းညွှန်ကြားရေးမှူး ဦးစိုးဝင်းက လျော်ကြေးငွေ ပေးဆောင်ရခြင်းနှင့်ပတ်သက်သည်များကို တောင်သူများအား အသေးစိတ် ရှင်းလင်းပြောကြားပြီး တောင်သူ ၂၇ ဦးအား ၈၉ ဒသမ ၇၃ ဧကအတွက် လျော်ကြေးငွေ စုစုပေါင်း ၂၆၉၉၉၀၀၀၀ ကို ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်မြေအသုံးချ စီမံခန့်ခွဲရေးကော်မတီဝင်များ၊ စပါးကြွယ်ကျေးရွာအုပ်စု မြေအသုံးချစီမံခန့်ခွဲရေးကော်မတီဝင်များနှင့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သူရ(တောင်ငူ)

ပြည်တွင်းသတင်း

ဗိုလ်ချုပ် နှစ် (၁၀၀)ပြည့်နှင့် ကလေးများနေ့အထိမ်းအမှတ်ကျင်းပ

မိတ္ထီလာ

မိတ္ထီလာတက္ကသိုလ်တွင် ကမ္ဘာ့ကလေးများနေ့နှင့် ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀)ပြည့် မွေးနေ့အထိမ်းအမှတ် ဟောပြောပွဲကို ဖေဖော်ဝါရီ ၈ ရက်က ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပကြောင်းသိရသည်။ ဟောပြောပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်စဉ်ဘဝ၊ ကျောင်းသားဘဝနှင့် လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်မှုများ စသည်တို့ကို တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကိုကိုကျော်စိုးက ဟောပြောခဲ့ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

ဘုတ်ပြင်း

ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် မြန်မာနိုင်ငံကလေးများနေ့ ကျင်းပရေးကော်မတီမှကြီးမှူး၍ ပညာရေးဌာနနှင့်ပူးပေါင်းပြီး မြန်မာ နိုင်ငံကလေးများနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့်ကျပန်းစကားပြော ပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ဘုတ်ပြင်းမြို့ အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။ ဆုရကျောင်းသား ကျောင်းသူများကို ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျင်းပမည့် မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပုသိမ်ကြီး

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် ကျရောက်မည့် ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် မွေးနေ့အကြိုနှင့် မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် အကြို အခမ်း အနားများ ကျင်းပခဲ့သည်။ အခမ်းအနားတွင် ကျောင်းအုပ် ဆရာမကြီး ဒေါ်ရွှေရည်ဝင်းက အမှာစကားပြောကြားပြီး အလယ်တန်းပြဆရာမ ဒေါ်သင်းသင်းအေးက **မြန်မာ့ကလေးများနေ့နှင့် ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့်** ခေါင်းစဉ်ဖြင့်ပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

ဖေဖော်ဝါရီ ၆ ရက်က မြန်မာနိုင်ငံကလေးများနေ့ကို ကြိုဆိုသောအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မင်္ဂလာဒုံမြို့နယ်၌ ထောက်ကြန့် အမျိုးသမီးကလေးများ သင်တန်းကျောင်းတွင် အားကစားပြိုင်ပွဲများကျင်းပရာ သင်တန်းသူ ကလေးများက ရိုးရာခြင်း(အခြေခံ)ကို ယှဉ်ပြိုင်ကစားကြစဉ်။

မင်းမင်းလတ်

ဇီးကုန်းကြီး-ကျားချောင်း- ကျဘန်းကျေးရွာချင်းဆက် လမ်းဖောက်လုပ်

ညောင်လေးပင် ဖေဖော်ဝါရီ ၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ထောက်ပံ့ရန်ပုံငွေကျပ် သန်း ၁၃၀ ဖြင့် Metal Dragon Co.,Ltd. က တာဝန်ယူဆောင်ရွက်နေသည့် ဇီးကုန်းကြီး-ကျားချောင်း- ကျဘန်း ကျေးရွာချင်းဆက်လမ်း နှစ်မိုင်လေးဖာလုံကို ကျောက်ချော ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက် ရှိသည်။

အဆိုပါ လမ်းပြီးစီးသွားပါက ကုန်စည်စီးဆင်းမှုများ မြန်ဆန်သွားမည့်အပြင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဘက်ပေါင်းစုံတို့တွင် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ ၄င်းလမ်းမှတစ်ဆင့် ငှက်ပျောတော၊ ကြိုးကြာကွင်း၊ လက်ပံခုံ၊ ကြံဘို၊ ညောင်ပင်သာ၊ လက်ပံပု၊ ဇီးကုန်းကြီး၊ ကျားချောင်းကျေးရွာများသို့ ရာသီမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ပင်လုံကျေးရွာစာသင်ကျောင်း သဘာဝဘေးအန္တရာယ်ကင်းရှင်းရေး ရေကာတာတူးဖော်

မိုးညှင်း ဖေဖော်ဝါရီ ၉

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု ပင်လုံကျေးရွာတွင် မိုးရာသီကာလ သဘာဝရေကြီးရေလျှံဖြစ်ပေါ်ချိန်တွင် ရေတိုက်စားမှုကြောင့် ပင်လုံကျေးရွာ အမကစာသင်ကျောင်း၊ သဘာဝဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ရေလွှဲ၊ ရေကာတာ တာပေါင်တူးဖော်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၇ ရက်က ဆောင်ရွက်ခဲ့သည်။

ပင်လုံကျေးရွာအနီး ဖြတ်သန်းစီးဆင်းလျက်ရှိသော လေးတန်ချောင်းသည် မိုးရာသီ ရေကြီးရေလျှံမှုဖြစ်ပေါ်ချိန်တွင် အဆိုပါ ချောင်းရေကြောင့် နှစ်စဉ် ချောင်းကမ်းပါးများပြိုကျကာ အနီးရှိ အမကစာသင်ကျောင်းသည် သဘာဝရေတိုက်စားမှုကြောင့် တာပေါင်များနှစ်စဉ်နှစ်တိုင်း တူးဖော်ဆောင်ရွက်ခဲ့ရသည်။ ယခုအခါ အဆိုပါစာသင်ကျောင်းကို သဘာဝရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် ပင်လုံကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ဘက်ဟိုးယာဉ်ဖြင့် စုပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး ရေးအတွက်ပြည်နယ်လွှတ်တော်ရန်ပုံငွေမှ ငွေကျပ်သိန်း ၅၀၊ ပင်လုံကျေးရွာဒေသခံများမှ စုပေါင်းထည့်ဝင်ငွေကျပ်သိန်း ၃၀၊ စုစုပေါင်းငွေကျပ်သိန်း ၈၀ မတည်ကာ ရေလွှဲဆည်တာပေါင် အရှည်ပေ ၃၀၀၀ ခန့်ကို ပင်လုံကျေးရွာ အရှေ့လေးတန်ချောင်းရိုးတစ်လျှောက်ကို ဘက်ဟိုးယာဉ်ယန္တရားဖြင့် ဖေဖော်ဝါရီ ၇ ရက်မှ ၁၁ ရက်အထိ တူးဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နီတိုး

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ

ပြည်တွင်းသတင်း

မချမ်းဘောမြို့နယ် ကောင်းမှုလုံစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

ပူတာအို ဖေဖော်ဝါရီ ၉

"အထက်မှာ ကောင်းမှုလုံ၊ အလယ်မှာ ရွှေစည်းခုံ၊ အောက်မှာ ရွှေတိဂုံ" ဟူသည့် ဗုဒ္ဓဘာသာဝင် မြန်မာတို့ အထွတ်အမြတ်ထားပူဇော်ရာ ကောင်းမှုလုံစေတီတော်မြတ်ကြီးသည် ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ကောင်းမှုလုံကျေးရွာ၌ ကိန်းဝပ်တည်ရှိတော်မူသော ရှေးဟောင်းသမိုင်းဝင် အထူးခြားဆုံးဆုတောင်းပြည့် စေတီတော်ကြီးတစ်ဆူဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် ကောင်းမှုလုံစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်အခမ်းအနားကို နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ကောင်းမှုလုံကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အစဉ်အလာမပျက် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ပြီး အခမ်းအနားကို ဖွင့်လှစ်ခဲ့ရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တအာဒိစ္စရံသီထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ပူတာအိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မချမ်းဘောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကောင်းမှုလုံစေတီတော် ဂေါပကဥက္ကဋ္ဌ ဦးဝင်းမေချန်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဘာသာဝင်ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဖုန်ကန်(iprd)

လှိုင်သာယာအက်ဖ်အမ်အိုင်မြို့တော် လုံခြုံရေးအတွက် ရံကင်းများ ပြန်လည်ဆောက်လုပ်ပေးရန် နေထိုင်သူများက လိုလား

ရန်ကုန် ဖေဖော်ဝါရီ ၉

လှိုင်သာယာမြို့နယ်သည် လယ်ယာမြေ၊ ကျူးကျော်မြေနှင့် အဆင့်မြင့်အိမ်ရာများ အများအပြားရှိသော မြို့နယ်တစ်ခုဖြစ်ပြီး ဖောက်ထွင်းမှုများ မကြာခဏ ဖြစ်ပွားနေသော ပဒေသာပင်မြို့တော် အက်ဖ်အမ်အိုင် အိမ်ရာဝင်းအတွင်း ရံကင်းများထားရှိသော်လည်း ပြန်လည်ပြုပြင်ခြင်းတွင် နှောင့်နှေးမှုများကို အမြန်ဆုံး ပြုပြင်ကာနေထိုင်သူများ လုံခြုံရေးအတွက် ပြန်လည်ဆောက်လုပ်ပေးနိုင်ရန် တာဝန်ရှိသူများထံ တင်ပြထားကြောင်း သိရသည်။

"နေထိုင်သူတွေအတွက် ပြည့်စုံတဲ့ ရံကင်းတွေ လိုအပ်ပါတယ်။ အိမ်ရာမှာ လုံးချင်းအိမ် ၁၇၀၀ ကျော်ရှိတယ်။ လိုအပ်ချက်အရ အမှတ်(၂) ရံကင်းကို ရွှေနှင်းဆီလမ်းထိပ်တံခါးမှာ ၂၀၀၂ ခုနှစ်ကတည်းက ထားရှိပါတယ်။ အပိုင်နယ်ထိန်းနဲ့ ရဲနှစ်ဦးကို ထားရှိပါတယ်။ အဲဒီနေရာက ဆိပ်ကမ်းသာ ပတ်လမ်းဘေးမှာရှိပြီး ကျူးကျော်တဲတွေကို သွားရတဲ့လမ်းဖြစ်သလို ရှမ်းချောင်းရွာကိုသွားတဲ့ လမ်းလည်းဖြစ်ပါတယ်။ လူပြတ်တဲ့ နေရာဖြစ်သလို ရံကင်းရှိတဲ့အတွက် ဒုစရိုက်မှုတွေ မဖြစ်ပွားခဲ့ပေမယ့် အခုပြန်လည်ပြင်ဆင်ဖို့ ဖေဖော်ဝါရီ ၁ ရက်မှာ လုပ်ဆောင်ပေမယ့် ကုမ္ပဏီက တားထားလို့ ယနေ့အထိ ဆောက်လုပ်ခွင့်မရဘူး ဖြစ်နေပါတယ်။ ဆက်လက်ဆောက်လုပ်ခွင့်ရဖို့ မြို့နယ်နဲ့ အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနကို စုပေါင်းတင်ပြထားပါတယ်။ ဒီအခိုက်အတန့်မှာ အက်ဖ်အမ်အိုင်

> **လုံခြုံရေးအတွက် ရံကင်းပြန်ထားမပေးရင် အဆင်မပြေနိုင်ပါဘူး။ လုံခြုံမှုမရှိသလို ခံစားရတာကြောင့် ပြန်လည်တည်ဆောက်ခွင့်ရချင်တယ်. . . .**

ဝင်းနဲ့ ကိုက် ၂၀၀ အကွာမှာအမျိုးသမီးတစ်ဦး သေဆုံးတဲ့ဖြစ်စဉ်နဲ့ ဝင်းအတွင်းဖောက်ထွင်းမှု အကြိမ် ၂၀ ဖြစ်ပွားခဲ့တယ်။ အဲဒါကြောင့် ပြန်လည်ဆောက်လုပ်ခွင့်ရဖို့ အဆင့်ဆင့်တင်ပြထားတယ်"ဟု လှိုင်သာယာမြို့နယ် အမှတ်(၄) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုးက ပြောကြားသည်။

အက်ဖ်အမ်အိုင် အိမ်ရာဝင်းတွင် လုံခြုံရေးအတွက် ရှမ်းချောင်းရွာတံခါး၊ ရွှေနှင်းဆီလမ်း၊ (၇၄)ဂိတ်ပေါက်တို့တွင် ရံကင်းတစ်ခုရှိပြီး အဆိုပါရံကင်းမှာ သစ်သားသွပ်မိုးဖြင့် တည်ဆောက်ခဲ့ရာ ပျက်စီးခဲ့သောကြောင့် မြို့နယ်အလိုက် လွှတ်တော် ဖွံ့ဖြိုးရေးအထောက်အကူပြု ရန်ပုံငွေကျပ် ၄၃ သိန်းဖြင့် ရံကင်းဟောင်းနေရာတွင် ပြန်လည်တည်ဆောက်နေမှုကို ကုမ္ပဏီမှ ကန့်ကွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ရပ်ကွက်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီအနေဖြင့် အခက်အခဲများနှင့် ရင်ဆိုင်နေရပြီး အိမ်ရာဝင်းတွင် နေထိုင်သူများ၏ လုံခြုံရေးအတွက်လည်း စိုးရိမ်နေရကြောင်း သိရသည်။

"ဖောက်ထွင်းမှုတွေက မကြာခဏ ဖြစ်နေတော့ စိုးရိမ်ရတယ်။ မင်္ဂလာ(၂)လမ်းက ဖောက်ထွင်းမှုဆိုရင် ဘဏ်ဝန်ထမ်းအိမ်မှာဖြစ်သွားတာ။ လုံခြုံရေးအတွက် ရံကင်းပြန်ထားမပေးရင် အဆင်မပြေနိုင်ပါဘူး။ လုံခြုံမှုမရှိသလို ခံစားရတာကြောင့် ပြန်လည်တည်ဆောက်ခွင့် ရချင်တယ်" ဟု အငြိမ်းစား ဆရာမကြီးတစ်ဦးက ပြောသည်။

ရံကင်းရှိသည့်နေရာသည် ကုမ္ပဏီ၏ ဂရန်ပိုင်မြေနေရာမဟုတ်ကြောင်း၊ ဝင်းအတွင်း ဆောက်လုပ်ရာတွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် တည်ဆောက်ခွင့်ရရှိပြီး ပြန်လည်တည်ဆောက်ခွင့်ရရှိရန် အိမ်ပိုင်ရှင်များက လက်မှတ်ရေးထိုးကာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြထားကြောင်း သိရသည်။

သန်းထိုက်(လှိုင်သာယာ)

ကျောက်တံခါးမြို့နယ်အတွင်း မီးဘေးကာကွယ်ရန် မီးသတ်ယာဉ်အသစ်တစ်စီးရရှိ

ကျောက်တံခါး ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနမှ မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ မီးသတ်ယာဉ်များ ခွဲဝေချထားပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါး မီးသတ်ဦးစီးဌာနအတွက် တရုတ်နိုင်ငံလုပ် ဒေါင်းဖန်းအမျိုးအစား ရေဂါလန် ၈၀၀ ဆံ့ မီးသတ်ယာဉ်အသစ်တစ်စီး ရရှိခဲ့ပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်အတွက် ပိုမိုကာကွယ်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကျောက်တံခါးမြို့နယ် မီးသတ်ဦးစီးဌာနတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်ရှိအသုံးပြုနေသော ရေဂါလံ ၆၅၀ ဆံ့ မီးသတ်ယာဉ်နှစ်စီးနှင့် ရေဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးတို့ရှိထားပြီး ယခုရေဂါလန် ၈၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီး ထပ်မံရရှိခဲ့သဖြင့် ဒေသခံများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် အေးချမ်းသာယာရေးတို့အတွက် များစွာအထောက်အကူဖြစ်စေမည်ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးခုတ်ဆောင်းပြောင်က ပြောကြားသည်။

ကျောက်တံခါးမြို့မှာ ယခင်ကထက် ပိုမိုစည်ကားလာလျက်ရှိပြီး လူဦးရေထူထပ်မှုများလည်း တိုးပွားလျက်ရှိရာ နွေရာသီရောက်ရှိခါနီးလာသဖြင့် မီးဘေးအန္တရာယ် ကြိုတင်သတိရှိကြရန်အတွက် တိုက်တွန်းနှိုးဆော်မှုများကို မကြာမီပြုလုပ်သွားရန်ရှိပြီး မီးဘေးအန္တရာယ်ကျရောက်ပါက အလွယ်တကူ စနစ်တကျ မီးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ဝန်ထမ်းများကိုလည်း ကြိုတင်သရုပ်ပြလေ့ကျင့်ခြင်းများ ပြုလုပ်ထားကြောင်း သိရှိရသည်။

ခင်ကို(ကျောက်တံခါး)

ချောင်းဦးနံရံကပ်ပိုစတာပြပွဲကို ကျောင်းသားများစိတ်ပါဝင်စား

ချောင်းဦး ဖေဖော်ဝါရီ ၉

ပြည်ထောင်စုနေ့၊ ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀)ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် စာအုပ်၊ စာစောင်နှင့် ဓာတ်ပုံပြပွဲများကို ဖေဖော်ဝါရီ ၈ ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များက ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများက ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာအုပ်စာစောင်များနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ မှတ်တမ်းဓာတ်ပုံများ၊ ကောက်နုတ်ချက်များ၊ ဆောင်ပုဒ်များနှင့် ကာတွန်းများကို စိတ်ဝင်စားစွာ လေ့လာခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အရေပြားပေါ်တွင် တက်တူးထိုးအလှဆင်ခြင်းအတွက် ကျန်းမာရေးဂရုပြုသင့်

မော်လမြိုင် ဖေဖော်ဝါရီ ၉

လူငယ်များအကြား တက်တူး(ခေါ်) ဆေးမင်ကြောင်ထိုးခြင်းအလေ့အထသည် ယခုအခါတွင် မြို့ကြီးများတွင်သာမက နယ်မြို့များတွင်ပါ ရေပန်းစားလာလျက်ရှိသည်ဟု သိရသည်။

ယနေ့ခေတ်တွင် တက်တူးထိုးခြင်းကဲ့သို့သော လုပ်ဆောင်မှုသည် ခက်ခက်ခဲခဲကိစ္စတစ်ခုမဟုတ်တော့ဘဲ ၁၂ ရာသီပွဲတော်များတွင် လွယ်လင့်တကူပင် ပုံစံအမျိုးမျိုး၊ အရောင်အသွေးအမျိုးမျိုးဖြင့် စိတ်ကြိုက်ပုံစံအတိုင်း ထိုး၍ရနိုင်ပေသည်။

"တက်တူးထိုးတယ်ဆိုတာ မိမိစွဲလမ်းသူတစ်ဦးဦးရဲ့ အမည် ဒါမှမဟုတ် မိမိကြိုက်နှစ်သက်တဲ့ သင်္ကေတအရုပ်တစ်ခုခုကို စွဲလမ်းနှစ်ခြိုက်ပြီးထိုးတာမျိုးပါ။ တချို့ကျတော့လည်း လူအများကြားမှာ ထင်ပေါ်ချင်လို့ လက်မောင်းတွေ၊ လက်ဖျံတွေအထိ ထိုးကြတယ်။ ရှေးမြန်မာတွေ လက်ထက်ကတည်းက ထိုးကွင်းမှင်ကြောင်ဆိုပြီး ရှိခဲ့တာလေ၊ ကျွန်တော်ကတော့ကြိုက်တဲ့ ရုပ်ပုံတွေတွေ့ရင် ထိုးတယ်။ တက်တူးထိုးရတာကို ကြိုက်တယ်ဗျ" ဟု ၁၂ ပွဲဈေးတစ်ခုတွင် တက်တူးထိုးခံနေသူလူငယ်တစ်ဦးက ပြောသည်။

ကမ္ဘာတစ်ဝန်းရှိ အနုပညာရှင်အချို့ကလည်း မိမိတို့အရေပြားပေါ်တွင် အလှဆင်ခြင်းဟူ၍ တက်တူးထိုးခြင်းအလေ့အထများရှိလာရာ လူငယ်များအဖို့ အတုယူအားကျစရာတစ်ခုလိုပင် ဖြစ်လာနေသည်။ သို့သော် တက်တူးအရုပ်များမှာ သေရာပါ အမှတ်သင်္ကေတတစ်ခုအဖြစ် ကိုယ်ပေါ်တွင် ပါရှိသွားခြင်း၊ ဖျက်ပစ်မည်ဆိုပါကလည်း အရေပြားကင်ဆာကဲ့သို့သော နောက်ဆက်တွဲ ဆိုးကျိုးများရှိလာနိုင်သည့်အပြင် တက်တူးထိုးစဉ်က သုံးစွဲသည့် အပ်၊ ဆေးခွက်များမှာ တစ်ခါသုံးဖြစ်သင့်ပြီး ယင်းကဲ့သို့ မဟုတ်ကြသဖြင့် AIDS ကဲ့သို့သော ကူးစက်ရောဂါများကိုပါ ဖြစ်ပွားနိုင်သည်။

ထိုကဲ့သို့သော ဆိုးကျိုးများရှိလာနိုင်သည်ဟု သိရသော်လည်း လူငယ်များအဖို့မူ အရက်သေစာသောက်စားထားချိန်မျိုးကဲ့သို့သော အခြေအနေမျိုးတွင် ပွဲဈေးတန်းများတွင် ခပ်လွယ်လွယ်ပင် တစ်ခါသုံးအပ် သုံး မသုံး၊ ဆေးခွက်လဲ မလဲ သတိမပြုတော့ဘဲ တက်တူးထိုးလျက်ရှိကြောင်း သိရသည်။

" တချို့လူငယ်တွေဆို လက်ခုံမှာ စာလုံးလေးတစ်လုံးနှစ်လုံးထိုးကြတယ်။ ပေးရတာက ငွေကျပ် ၂၀၀၀ ဆိုတော့ စဉ်းစားကြည့်၊ အပ်တို့ဆေးခွက်တို့လဲလိုက်ရင် လက်ခယူပြီး ထိုးပေးတဲ့သူက အမြတ်သိပ်မကျန်နိုင်တော့ အပ်တွေဘာတွေ မလဲဘဲ နောက်တစ်ဦးကို ထိုးပေးတာမျိုးတွေ ဖြစ်နိုင်တယ်။ ပြီးတော့ လူငယ်တွေက အရက်သေစာသောက်စားပြီး သွေးဆူနေရင် ဘာကိုမှ မစဉ်စားတော့ဘဲ လုပ်တတ်တယ်။ အကောင်းဆုံးက မထိုးတာပါပဲ" ဟု ၁၂ပွဲဈေးသည် စားသောက်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

ယနေ့ခေတ်ကာလတွင် တက်တူးထိုးခြင်းကို အမျိုးသားများသာမက အမျိုးသမီးများပါ နှစ်ခြိုက်စွာပြုလုပ်လာကြသည်ကို တွေ့မြင်နေကြရသည်။ ကျေးလက်တောရွာ ဘုရားပွဲများနှင့် နယ်မြို့များရှိ ပွဲဈေးတန်းများတွင် တက်တူးထိုးဆိုင်များကို ပေါပေါများများ တွေ့နေရတတ်ပြီး ထိုးပေးရသည့် အရုပ်အရွယ်အစားနှင့် အရောင်အသွေးပေါ်မူတည်ကာ ငွေကျပ် ၂၀၀၀ မှ ၂၀၀၀၀အထိ ဈေးနှုန်းရှိကြောင်း သိရသည်။

မြတ်မွန်ထွေး(မြန်မာ့အလင်း)

အခြေခံမွေးမြူရေးလုပ်သား သင်တန်းသားများ ဘဲမွေးမြူရေး လုပ်ငန်းများ ကွင်းဆင်းလေ့လာ

ပူတာအို ဖေဖော်ဝါရီ ၉

ကချင်ပြည်နယ် ပူတာအိုခရိုင်နှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ အခြေခံမွေးမြူရေးလုပ်သားသင်တန်း ဖွင့်လှစ်သင်ကြားလျက်ရှိရာ သင်တန်းသားများအတွက် ဘဲမွေးမြူရေးသင်ခန်းစာများ လက်တွေ့ကွင်းဆင်းလေ့လာခြင်း ဆောင်ရွက်နိုင်ရန် ဖေဖော်ဝါရီ ၈ ရက်က ပူတာအိုမြို့ မြို့မရပ်ကွက်(၂)ရှိ ဘဲမွေးမြူရေးခြံတွင် လေ့လာသင်ယူမှုများ ပြုလုပ်ခဲ့သည်။

ဆွမ်ပရာဘွမ်မြို့နယ် ဦးစီးမှူး ဒေါက်တာအောင်သက်စိုးက ဘဲမွေးမြူရေးလုပ်ငန်းအဆင့်ဆင့်ကို လက်တွေ့သင်ကြားပြသပေးခဲ့ပြီး ယင်းသင်တန်းသို့ ပူတာအိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု လေးအုပ်စု၊ ကျေးရွာ ၁၀ ရွာမှ သင်တန်းသား ၁၈ ဦး တက်ရောက်ခဲ့ကြကြောင်းသိရသည်။

အဆိုပါ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မွေးမြူလျက်ရှိသော ဥစားဘဲကောင်ရေ ၅၀၀ ကို ပူတာအိုမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာကို ဦးစားပေးဖြန့်ဖြူးမွေးမြူစေမည်ဖြစ်ပြီး ထပ်မံ၍ အသားစားဘဲနှင့် ဥစားဘဲ များကို မွေးမြူကာ ကျေးရွာများသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ပြောင်းပင်ကို ခေါင်နိမ်၊ အရွက်ကိုဖြတ်ပေးခြင်းဖြင့် အဖူးကိုလည်းအားပြု နွားစာလည်းရ

ရေစကြို ဖေဖော်ဝါရီ ၉

ယခုအခါ စီပီအစေ့ထုတ်ပြောင်းမျိုးကို အမြို့မြို့အနယ်နယ်၌ တွင်ကျယ်စွာ တိုးချဲ့စိုက်ပျိုးလျက်ရှိကြသည်။ စီပီအစေ့ထုတ်ပြောင်းကို နည်းပညာအသုံးပြု၍ ဘီယာချက်ရာတွင်လည်းကောင်း၊ ကြွေကာကဲ့သို့ ဖြည့်စွက်အစာအဖြစ်လည်းကောင်း၊ တိရစ္ဆာန်အစာအဖြစ်လည်းကောင်း အသုံးပြုကြောင်း လေ့လာသိရှိရသည်။

ပြည်တွင်းမှ စိုက်ပျိုးထုတ်လုပ်သော စီပီအစေ့ထုတ်ပြောင်းကို အိမ်နီးချင်းနိုင်ငံများမှ ဝယ်လက်ရှိသဖြင့် အချို့သောဒေသများတွင် တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိကြသည်။ တစ်ဧကလျှင် တင်း ၃၀ မှ ၁၀၀ အထိ ထွက်ရှိကြောင်းလည်း သိရသည်။

"ကျွန်တော်တို့ အခုစိုက်တဲ့ စီပီပြောင်းက အမျိုးမျိုးရှိတယ်။ မျိုးရွေးချယ်မှုလည်း မှန်မယ်။ ရာသီဥတုကလည်း ကောင်းမယ်။ စိုက်ပျိုးစနစ်ကလည်း မှန်မယ်ဆိုရင် တစ်ဧက တင်း ၉၀ မှ ၁၀၀ အထိ ပြေးမလွတ်ပါဘူး။ အနိမ့်ဆုံး တင်း ၈၀ က သေချာပါတယ်။ အခုတော့ စိုက်လာတဲ့နှစ်တွေကလည်း ကြာလာတော့ အတွေ့အကြုံတွေလည်းရလာပါပြီ။ ရေလည်းသွင်း၊ သွင်းအားစုလည်း ထည့်နိုင်လို့ကတော့ တင်း ၁၀၀ ဆိုတာ အေးအေးဆေးဆေးထွက်ပါတယ်။

စပါးလိုလည်း ဈေးကွက်ရှာစရာမလိုဘူး။ အမြင့်ဈေး တစ်တင်း ငွေကျပ် ၈၀၀၀ ကျော်နဲ့ အနိမ့်ဈေး တစ်တင်း ငွေကျပ်၆၀၀၀ ကျော်ကြားဈေးကောင်းရပါတယ်"ဟု တောင်သူဦးသာမောက်က ပြောသည်။

ထိုသို့ ဈေးကောင်းလည်းရ၊ အကျိုးအမြတ်လည်းရှိသည့်အတွက် အနယ်နယ်အရပ်ရပ်တွင် စီပီအစေ့ထုတ်ပြောင်းကို တိုးချဲ့စိုက်ပျိုးနေကြခြင်းဖြစ်သည်။

ရေစကြိုမြို့နယ်တွင်လည်း စီပီအစေ့ထုတ်ပြောင်းကို နှစ်စဉ်ဧက ၃၀၀၀ ခန့် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ကျော့မကြားကျေးရွာတွင် တောင်သူ ဦးသာမောက်၏ ပြောင်းခင်းအတွင်း ခေါင်ညွန့်များကို နှိမ်၊ အရွက်များ ဖြတ်တောက်နေမှုကို တွေ့မြင်ရသဖြင့် စေ့ငုကြည့်ရာ "ကျွန်တော့်အခင်းက မကြာမီ ခုတ်သိမ်းတော့မှာဖြစ်ပါတယ်။ အခုလို ခေါင်နှိမ်ပြီး အရွက်တွေဖြတ်ပေးရတာကတော့ ခေါင်ညွန့်ရှိနေရင် အမြစ်က စုပ်ယူပေးတဲ့ အာဟာရတွေက ပင်စည်ကတစ်ဆင့် ခေါင်ညွန့်ရောက်သွားတယ်။ ဒါကြောင့် ခေါင်နှိမ်အရွက်ဖြတ်ပေးခြင်းအားဖြင့် အာဟာရတွေက အဖူးတွေဆီ ရောက်သွားပြီး ပြောင်းဖူးစေ့တွေကို ပိုမိုအောင်မြင်စေပြီး အလေးချိန်လည်း ပိုလာတယ်။ ဖြတ်ထားတဲ့ ခေါင်ညွန့်နဲ့ အရွက်တွေက နွားစာလည်းရတယ်။ ပြီးတော့ ခေါင်ညွန့်နဲ့ အရွက်တွေဖြတ်ထားတဲ့အတွက် လေဝင်လေထွက်လည်း ကောင်းတယ်။ နေစထွက်ချိန်မှ နေဝင်ချိန်အထိ တစ်နေကုန် နေရောင်ခြည်ကို တိုက်ရိုက်ရစေတဲ့အတွက် အဖူးတွေလည်း မြန်မြန်ခြောက်သွေ့စေပါတယ်"ဟု ရှင်းပြသည်။

ဤသို့အားဖြင့် စီပီအစေ့ထုတ်ပြောင်းကို တစ်နှစ်ကို နှစ်ကြိမ်စိုက်ပျိုးပေးခြင်းအားဖြင့် ပြောင်းဖူးတွင် အာဟာရပိုမိုရရှိပြီး အောင်မြင်သောပြောင်းဖူးကိုရရှိသည့်အပြင် နွားများကိုလည်း စိုစိုဖတ်ဖတ် ကျွေးရ၊ ပြောင်းဖူးလည်း အခြောက်မြန်သဖြင့် တလင်းတွင် အချိန်ကြာကြာမလှမ်းရတော့ဘဲ အစေ့ခြွေ၍ ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်ကြောင်း သိရသည်။

ဖေထွေးဇော်(ရေစကြို)

ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲသတင်းများ

မူကြိုကလေးများ စွမ်းရည်ပြပွဲ ချောက်မြို့နယ်၌ ကျင်းပ

ချောက် ဖေဖော်ဝါရီ ၉

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၈ ရက်က ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် မူကြိုကလေးငယ်များ စွမ်းရည်ပြိုင်ပွဲ ကျင်းပသည်။

အဆိုပါ အခမ်းအနားကို ဌာနဆိုင်ရာများ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ မူကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာမများ၊ ကလေးငယ်များ တက်ရောက်ခဲ့ကြပြီး ပြိုင်ပွဲတွင် မူကြိုကလေးငယ် ၁၀ ဦးတို့က ကဗျာများရွတ်ဆိုခဲ့ရာ ဆုရရှိသူကလေးငယ်များကို လာမည့်ဖေဖော်ဝါရီ ၁၃ ရက်တွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းငွေး(ချောက်)

ငါးသိုင်းချောင်း၌ ပျော်ပွဲရွှင်ပွဲများ၌ ဟားငါးကောင်အငြိမ့်ဖြင့် ဖျော်ဖြေမည်

ငါးသိုင်းချောင်း ဖေဖော်ဝါရီ ၉

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ်၌ ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀) ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲများနှင့် စာပေပြိုင်ပွဲများကျင်းပပေးသွားမည်ဖြစ်သည်။ ကာတွန်း၊ ပန်းချီ၊ ဆောင်းပါး၊ ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲများအဖြစ် တိုင်းဒေသကြီး ဆို၊ က၊ ရေး၊ တီး ဆုရှင်များနှင့် ဟားငါးကောင်အငြိမ့်တို့ဖြင့် မြို့နယ် အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀) ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ခုနစ်ပေခန့်ရှိ ဗိုလ်ချုပ်ရုပ်တုကို မြို့နယ်အမျိုးသားခန်းမရှေ့တွင် ထားရှိနိုင်ရေးအတွက် အချိန်မီထုလုပ်ထားကြောင်း သိရသည်။

ရွှေသိမ်းအေး (ငါးသိုင်းချောင်း)

ထားဝယ်ခရိုင်အတွင်း မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

ထားဝယ် ဖေဖော်ဝါရီ ၉

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်တွင် မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်တွင် သရက်ချောင်းမြို့နယ် ကရင်တောင်ပျောက်ကျေးရွာအုပ်စုနှင့် ရေပူကျေးရွာအုပ်စုအတွင်းရှိ စာသင်ကျောင်းများတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၈ ရက်တွင် မေတ္တာမြို့ အမှတ်(၁)ရပ်ကွက်အတွင်းရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင်လည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆောင်ရွက်ရာတွင် တနင်္သာရီတိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဟာဗီ၊ ခေတ္တတိုင်းဒေသကြီး ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးယဉ်ထွေးတို့ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးက နိုင်ငံသားဖြစ်မှုသည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ စိစစ်ရေးကတ်ပြားရှိမှသာ နိုင်ငံသားအခွင့်အရေးကို အပြည့်အဝရရှိခံစားနိုင်မည်ဖြစ်ကြောင်း၊ မိုးပွင့်အထူးစီမံချက်တွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ရရှိရန် ဖြေလျှော့ဆောင်ရွက်ပေးနေကြောင်း၊ ကတ်ပြား၏ အသုံးဝင်ပုံနှင့် ရှောင်ရန်၊ ဆောင်ရန်များကို သိရှိထားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးယဉ်ထွေးက အန်အာရ်စီအဖွဲ့နှင့် ပူးပေါင်းကာ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အခမဲ့ပေးဝေနိုင်ခြင်းဖြစ်ပြီး စနစ်တကျထိန်းသိမ်းရန် လိုအပ်ကြောင်း ရှင်းလင်းပြောပြသည်။

ထို့နောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးအရာရှိ ဦးစိုးစိုးနှင့် တာဝန်ရှိသူများက သရက်ချောင်းမြို့နယ် ကရင်တောင်ပျောက်ကျေးရွာအုပ်စုတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၀ နှင့် မေတ္တာမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၀ တို့ကို ဒေသခံများအား ထုတ်ပေးခဲ့ကြောင်း သိရသည်။

ဖိုးရွှေသွန်း(ထားဝယ်)

ကျွန်းလှမြို့နယ်၌ မြေသားလမ်းများခင်းကျင်း

ကျွန်းလှ ဖေဖော်ဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်နှင့် မြို့နယ်ချင်းဆက်ကျေးရွာများ သွားလာရေးလွယ်ကူစေရန်၊ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆင်းရဲမှုလျှော့ချစေရန် ရည်ရွယ်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျွန်းလှမြို့နယ် ကုက္ကိုကုန်းကျေးရွာနှင့် ကန့်ဘလူမြို့နယ် လက်ခုပ်ပင်ကျေးရွာ၊ ကောလင်းမြို့နယ် ပေတပင်-ပန်းပရဲ-ယင်းတိုက်ကျေးရွာများတွင် အချင်းချင်း ဆက်သွယ်သွားလာနိုင်မည့် ကျေးရွာချင်းဆက် မြေသားလမ်း အရှည် ၂၈ မိုင် ၆ ဖာလုံ၊ အကျယ် ၁၈ ပေကို Dragon Power ကုမ္ပဏီက မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျေးရွာအချင်းချင်း ကူးလူးဆက်ဆံမှုတွေက အမြဲတမ်းရှိပါတယ်။ အရေးကိစ္စကြုံလာရင် တစ်ရွာကနေ တစ်ရွာကို သွားလာဖို့ ခြေကျင်ခရီးကို အားထားကြပြီး ငွေကြေးတတ်နိုင်သူအချို့ကတော့ လှည်းနဲ့ သွားလာကြပါတယ်။ ပွင့်လင်းရာသီရောက်ရင်တော့ ဆိုင်ကယ်အချို့နဲ့ ဈေးကားတွေ သွားလာကြပါတယ်။ အခုလို လမ်းတွေကို စနစ်တကျဖောက်လုပ်ပေးတဲ့အတွက် ရာသီမရွေးသွားလာနိုင်ပြီဖြစ်ပါတယ်"ဟု ဒေသခံတစ်ဦးကပြောကြားသည်။

ထို့အပြင် ရွှေဘိုခရိုင်အတွင်း လမ်းပန်းဆက်သွယ်ရေး လွယ်ကူစေရန် မြို့ရွာချင်းဆက် လမ်းများကို ဆက်တိုက် ဖောက်လုပ်ပေးခဲ့ခြင်းကြောင့် ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ မြင့်မားလာတော့မည်ဖြစ်သည်။

မျိုးဝင်းညို(ကျွန်းလှ)

မြစ်ကြီးနား၌ ပြည်ထောင်စုနေ့အထိမ်းအမှတ်ပွဲများကျင်းပ

မြစ်ကြီးနား ဖေဖော်ဝါရီ ၉

၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့နှင့် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်(၁၀၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ အလုမီနီယံဘုတ်နှင့် ခရိုင်ရုံးပြည်သူ့စာကြည့်တိုက်အတွင်း၌ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်စာစောင်ပြပွဲများကို ဖေဖော်ဝါရီ ၆ ရက်တွင် ကျင်းပရာ မြစ်ကြီးနားမြို့ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အလက(၃)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာလာရောက်လေ့လာဖတ်ရှုကြသည်။ အလားတူ ဖေဖော်ဝါရီ ၉ ရက်တွင် မြစ်ကြီးနားမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကျောင်းများ၌ ဟောပြောပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများကို လည်းကောင်း၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် မြစ်ကြီးနားမြို့ပေါ်ရပ်ကွက် (၂၈)ရပ်ကွက်တို့၌ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကိုလည်းကောင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ပြည်တွင်းသတင်း

ကလေးမြို့၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို အဆင့်မြင့်နည်းပညာဖြင့်ဆောက်လုပ်

ကလေး ဖေဖော်ဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ လှိုင်သာယာရပ်ကွက် ၉ မိုင်တွင် ဖွင့်လှစ်သော တက္ကသိုလ်မုခ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသည် စာသင်ဆောင်များ ပြည့်စုံလုံလောက်မှုရှိစေရန်အတွက် အရှည် ၁၄၀ ပေ၊ အနံ ၃၀ ပေရှိ Steel Structure သုံးထပ်ကျောင်းဆောင်သစ်ကြီးအား လက်ရှိကျောင်းဆောင်ရှေ့မြေကွက်လပ်တွင် စက်ယန္တရားကြီးများအသုံးပြုကာ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ယင်းတက္ကသိုလ်မုခ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း Steel Structure သုံးထပ်စာသင်ဆောင် အဆောက်အအုံသစ်ဆောက်လုပ်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က မတည်ကာ စီးပွား/ကူးသန်း ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကလေးမြို့မှ လုပ်ငန်းရှင်များနှင့် အလှူရှင်များက ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် ဘီလပ်မြေအိတ် ၂၀၀၀ နှင့် အလှူငွေကျပ် ၁၁၆၁ သိန်းကို စုပေါင်းလှူဒါန်းခဲ့ကြသည်။

ယင်းတက္ကသိုလ်မုခ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆောက်လုပ်မှု အမြန်ပြီးစီးနိုင်ရန် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူး ဦးမြင့်ဝင်းနှင့်အတူ ဖေဖော်ဝါရီ ၈ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

တက္ကသိုလ်မုခ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသည် ယခုနှစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသားဦးရေ ၁၀၆၂ ဦးတို့အား ဆရာ ဆရာမ ၃၀ ဦးတို့က ပညာဒါနပြုလျက် ရှိသည်။

အဆိုပါ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသည် အမျိုး၊ ဘာသာ၊ သာသနာ တည်တံ့ပြန့်ပွားရေးကိုဦးတည်ပြီး ယဉ်ကျေးလိမ္မာသော သားကောင်း သမီးကောင်းများမှသည် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများဖြစ်စေရန် ရည်ရွယ်လျက် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် ဆရာတော်ဘဒ္ဒန္တသုန္ဒရ(ဓမ္မာစရိယ B.A) က ဦးစီး၍ ဆရာ ဆရာမသုံးဦးနှင့် ကျောင်းသား ကျောင်းသူ ၅၇ ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့ရာ ယခုအချိန်အထိ ယင်းပညာရေးကျောင်းတွင် သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ယူသူ ၅၆၃၂ ဦး ရှိပြီဖြစ်သည်။

အဆိုပါကျောင်းတွင် နွမ်းပါးသူငယ်များသာ အများစုဖြစ်၍ ပညာဒါနသင်ကြားရေးစနစ် ကျင့်သုံးခြင်းကြောင့် ရန်ပုံငွေအခက်အခဲဖြစ်ပေါ်လျက်ရှိသည့်အပြင် ကျောင်းသား အရေအတွက်နှင့်အညီ စာသင်ဆောင်နှင့် အိပ်ဆောင်ပြည့်စုံရေး၊ စုပေါင်းခန်းမ၊ စာကြည့်တိုက်နှင့် (Multi Media Class Room)များ တည်ဆောက်ပေးနိုင်ရေးအတွက်လည်း အထောက်အကူများ လိုအပ်လျက်ရှိသည်။

ဂျူနိုင်း

မူကြိုကလေးငယ်များ လေ့လာရေးခရီးသွားရောက်ခဲ့စဉ်။

ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့်မွေးနေ့နှင့် မြန်မာနိုင်ငံ ကလေးများနေ့ကို မူကြိုကလေးများကလည်း ဂုဏ်ပြု

ပခုက္ကူ ဖေဖော်ဝါရီ ၉

ပခုက္ကူမြို့ အမှတ်(၈)ရပ်ကွက်တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော မူလတန်းကြိုကျောင်းသည် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀) ပြည့်မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကလေးငယ် ၃၁ ဦးကို ပြင်ပဗဟုသုတများရရှိစေရန်နှင့် ဘာသာတရားလေးစားကြည်ညိုနိုင်စေရန်အတွက်ရည်ရွယ်၍ ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီခွဲတွင် ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက်(ဗုဒ္ဓကုန်း)ရှိ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးသို့ မူလတန်းကြိုကျောင်းတာဝန်ခံကျောင်းအုပ် ဒေါ်တိုးတိုးသန်းနှင့် ဆရာမများက ဦးဆောင်လျက် လေ့လာရေးခရီးစဉ်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

လေ့လာရေးခရီးစဉ်အတွင်း ကလေးငယ်များက ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကန်တော့ကြကာ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ကြပြီး ဘုရားသမိုင်းကြောင်းကို ဂေါပကအဖွဲ့ဝင်တစ်ဦးက ရှင်းလင်းပြောကြားခဲ့သည်။

"ကလေးတွေက အလွန်ပျော်ရွှင်နေကြပါတယ်။ သူတို့အတွက် မိဘတွေ၊ ဆရာ ဆရာမတွေ ဘယ်လောက်မျှော်လင့်ထားတယ်ဆိုတာကို ရှင်းပြဖြစ်တယ်။ မူကြိုအရွယ်ကနေစပြီး လိမ္မာယဉ်ကျေးဖို့နဲ့ အခြေခံကောင်းဖို့ကို အများကြီးကြိုးစားကြရပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ နှစ် (၁၀၀)ပြည့်နဲ့ မြန်မာနိုင်ငံ ကလေးများနေ့ အထိမ်းအမှတ်အဖြစ် အခုလိုသူတို့ကို ပို့ဆောင်ခွင့်ရတာဝမ်းသာမိတယ်။ ပြင်ပလေ့လာရေးဖြစ်လို့ ကလေးတွေရဲ့ စိတ်ဓာတ်ရေးရာမှာ မြှင့်တင်နိုင်ပြီး ကိုယ်ကာယတက်ကြွလန်းဆန်းစေမှာဖြစ်ပါတယ်"ဟု မူလတန်းကြိုကျောင်းဆရာမတစ်ဦးက ပြောသည်။

အောင်(မန်းတက္ကသိုလ်)

သတင်းတို

စဉ့်ကိုင်မြို့နယ်တွင် ပြည်ထောင်စုနေ့အကြို စာပေဟောပြောမည်

စဉ့်ကိုင် ဖေဖော်ဝါရီ ၉

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ရန်အောင်မြင်ရပ်ကွက်၌ ဖေဖော်ဝါရီ ၁၀ရက် နံနက် ၁၀ နာရီတွင် စာပေဟောပြောပွဲကို ကျင်းပမည်ဖြစ်ပြီး စာရေးဆရာ ဦးဝင်းကြည် (စဉ့်ကိုင်)မှ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် အနာဂတ်နိုင်ငံတော် ရည်မှန်းချက် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာတိုက်ကြည် (စဉ့်ကိုင်)က ပင်လုံစိတ်ဓာတ်နှင့် အနာဂတ်လူငယ်များ အခန်းကဏ္ဍအကြောင်းကို လည်းကောင်း၊ ဆရာဝင်းမောင်မောင်(ပန်းလောင်လွင်ပြင်) ကတိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အနာဂတ်နိုင်ငံတော်အကြောင်းကိုလည်းကောင်း ဟောပြောပေးမည်ဖြစ်ကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

မော်လူး၌ ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်ပွဲတော်များကျင်းပ

မော်လူး ဖေဖော်ဝါရီ ၉

ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်(၁၀၀)ပြည့်မွေးနေ့နှင့် မြန်မာနိုင်ငံ ကလေးများနေ့ အထိမ်းအမှတ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးအခြေခံပညာအထက်တန်းကျောင်းတွင် ပြိုင်ပွဲများနှင့် ဟောပြောပွဲများကို ဇန်နဝါရီ ၈ရက်က ကျင်းပသည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့နှင့် မြန်မာနိုင်ငံ ကလေးများနေ့ အထိမ်းအမှတ်အကြိုအဖြစ် မော်လူး အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သောင်းတင့်ဦးစီးသည့် ဆရာ ဆရာမများက မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသူ ကျောင်းသားများအတွက် အဆင့်အလိုက် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများကို ကျင်းပပေးခဲ့သည်။ ထို့နောက် မုန့်စားပြိုင်ပွဲ၊ အပြေးပြိုင်ပွဲများကိုလည်း ပျော်ရွှင်စွာ ကျင်းပပေးခဲ့ပြီး ကျောင်းသားကျောင်းသူ ၁၅၀၀ ခန့်က ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝဖြစ်စဉ်အကြောင်းကိုလည်းကောင်း၊ ဗိုလ်ချုပ်အပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတုယူသင့်သော နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် စိတ်ဓာတ်အကြောင်းကို လည်းကောင်း၊ ဒေါ်ခင်မာအေးက ဗိုလ်ချုပ်ဘဝဖြစ်စဉ်အကြောင်းကို လည်းကောင်း၊ ပညာတတ်မြောက်အောင် သင်ကြားရန် ရှေးလူကြီးများ၏ အဆုံးအမများကိုလည်းကောင်း ဆရာ ဆရာမများက ဟောပြောခဲ့ကြကြောင်းသိရသည်။

(၁၄၉)

အပြေးနှင့် မုန့်စားပြိုင်ပွဲများအား ပျော်ရွှင်စွာဆော့ကစားနေကြစဉ်။

"သတိပေးကြေညာခြင်း"

[illegible]

(LL.B, D.B.L, D.I.L)

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာရှိ တိုက်အမှတ်(၂၄)၊ အခန်းအမှတ်(၂၀၄)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးသိန်းအေးထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးအုန်းသိန်း ၁၂/သလန(နိုင်)၀၃၁၈၉၇-ဒေါ်မီမီဖြိုး ၁၂/သလန(နိုင်)၀၇၁၀၁၀က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် ၂၄(အေ)၊ မြေညီထပ်တိုက်ခန်းအား နှစ်ချုပ်ဖြင့် ငှားရမ်းသူ ဦးဝင်းမြင့် ၁၂/သကတ(နိုင်)၀၆၂၉၉၄

သိစေရန်ကြေညာချက်

ကျွန်ုပ်တို့အမှုသည်ဖြစ်သူ ဦးစစ်အေး ၁၂/ကတတ(နိုင်)၀၂၂၁၆၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့အမှုသည် ဦးစစ်အေးပိုင် အထက်ဖော်ပြပါတိုက်ခန်းအား ဦးဝင်းမြင့်သို့ ၃၀-၁-၂၀၁၄ ရက်မှ ၂၉-၁-၂၀၁၅ ရက်အထိ တစ်နှစ်တာကာလကို ၃၀-၁-၂၀၁၄ရက်စွဲပါ တိုက်ခန်းငှားရမ်းခြင်း ကတိစာချုပ်ဖြင့် ငှားရမ်းခဲ့ပါသည်။ ဦးဝင်းမြင့်သည် ကျွန်ုပ်တို့အမှုသည် တိုက်ခန်းအား စတင်ငှားရမ်းသည့်အချိန်မှစ၍ ငှားရမ်းကာလကုန်ဆုံးသည့်အချိန်အထိ တိုက်ခန်းအား သော့ခတ်ပိတ်ထားပါသည်။ ငှားရမ်းသူလူကြီးမင်းမှ တိုက်ခန်းအား သော့ခတ်၍ ကြာရှည်စွာပိတ်ထားသည့်အတွက် ကျွန်ုပ်တို့အမှုသည်၏တိုက်ခန်းအတွင်း ဖြုန်းတီးပျက်စီး၊ ဥပစာ၊ အခြေအနေဆိုးရွားစေပါသည်။ ကျွန်ုပ်တို့အမှုသည် စိတ်ငြိုငြင်မှုဖြစ်စေပါသည်။ တိုက်ခန်းငှားရမ်းသည့် ကာလပြည့်မြောက်၍ ကျွန်ုပ်တို့အမှုသည်ထံ တိုက်ခန်းအပ်နှံခြင်းမရှိသောကြောင့် တိုက်ခန်းငှားရမ်းခြင်းကတိစာချုပ်ပါ လူကြီးမင်း၏နေရပ်လိပ်စာဖြစ်သော အမှတ်(ခ/၁၅၀၆)၊ ထူပါရုံလမ်း၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ်သို့ စုံစမ်းသည့်အခါ လူကြီးမင်းမှာ ထိုလိပ်စာတွင် နေထိုင်ခြင်းမရှိကြောင်း သိရှိခဲ့ရပါသည်။ ထို့ကြောင့် လူကြီးမင်းနှင့် ကျွန်ုပ်တို့အမှုသည် တိုက်ခန်းပိုင်ရှင်တို့သည် တိုက်ခန်းငှားရမ်းခြင်းကို ရပ်စဲပြီးဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့အမှုသည်ပိုင် အထက်ဖော်ပြပါတိုက်ခန်းနှင့် ထိုတိုက်ခန်းတွင် တပ်ဆင်ထားသော ကြိုးဖုန်းကို အလွတ်လက်ရောက် ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်ပြည့်မြောက်သည့်ရက်တွင် နောက်ဆုံးထားပြီး အပ်နှံပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ ကျွန်ုပ်တို့ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီတာမမ (စဉ်-၇၂၂၆) **ဒေါ်ဝင်းလဲ့လဲ့နိုင်(စဉ်-၄၁၀၃၄)**
တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေ**
အမှတ်(၄၄)၊ ပထမထပ်၊ အခန်း(၁၀)၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၃၁၂၁၅၇၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၁၂၊ လူနေရပ်ကွက်အမှတ် (နဝရတ်)၊ နှစ် ၆၀ မြေငှားဂရန်မြေအမျိုးအစား(အလျား ၁၆၄ပေ×အနံပေ ၇၀)၊ ၁၁၄၈၀ စတုရန်းပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ် ဆောက်လုပ်ထားသော (၁)ထပ်တိုက် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်ဖြူဖြူသိန်း ၁/မကန(နိုင်)၁၃၆၈၉၂ထံမှ ဖော်ပြပါပစ္စည်းကို ဝယ်ယူရန် ကျွန်တော်၏မိတ်ဆွေများမှ သဘောတူညီပြီး စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ မည်သူမဆို ခိုင်မာသည့်အထောက်အထားဖြင့်ကန့်ကွက်နိုင်ပါသည်။ ဤကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှိုင်ဘွား LL.B
စဉ်-၈၁၃၀
တရားလွှတ်တော်ရှေ့နေ
အမှတ် ၄၇၅၊ ပထမထပ်၊ သုမနလမ်း၊ ၁၆/၂ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၈၅၅၂၂၀၄

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ ၆ လမ်း၊ မြေကွက်အမှတ် ၃၇၁(က)၊ အမှတ်(၃၈)၊ အလျားပေ ၂၀×အနံပေ ၆၀ ရှိ မြေကွက်နှင့် ၄င်းအိမ်ခြံမြေပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အပါအဝင်အား ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

ဒေါ်မြအေး
၁၂/သဃက(နိုင်)၀၈၈၈၁၀
အမှတ် ၁၁၇(ခ)၊ အောင်ဇေယျ ၈လမ်း၊ လမ်းသွယ်(၂)၊ ရန်ကုန်သစ်ရပ်ကွက်၊
သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၈၂၈၊ အကျယ်အဝန်း(ပေ၄၀×ပေ၆၀) နှစ် ၆၀ ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်စမ်းစမ်း ၁၂/ရကန(နိုင်)၀၄၉၀၇၉ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အမည်ပေါက်မှ အဆိုပါမြေကွက်အား ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ဦးဟန်သိန်းဌေး ၁၃/လရန(နိုင်)၀၀၆၁၈၆ မှ ဝယ်ယူရန် စရန်ငွေတစ်စုံတစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အပေါ် အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ခုနစ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဟန်သိန်းဌေး ၁၃/လရန(နိုင်)၀၀၆၁၈၆
ဖုန်း-၀၉-၃၆၁၀၉၂၇၁

အရည်အသွေးပြည့်ဝသော ဝန်ထမ်းများ ဖြစ်ပေါ်လာစေရန် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်လျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၉

ဆွစ်ဇာလန်နိုင်ငံမှ အလှူရှင်များ၏ အထောက်အပံ့ဖြင့် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်း မြန်မာနိုင်ငံကြက်ခြေနီအသင်း အဆောက်အအုံ (သုံးလွှာ) ရှိ CVT Myanmar အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်း၌ ဖွင့်လှစ်လျက်ရှိသည့် လျှပ်စစ်ကျွမ်းကျင်မှု အတတ်ပညာ၊ ပရိဘောဂပြုလုပ်မှုအတတ်ပညာနှင့် သတ္တုပစ္စည်းထုတ်လုပ်မှုအတတ်ပညာ သင်တန်းတို့နှင့် စပ်လျဉ်းသည့် သင်တန်းမိတ်ဆက်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီက အဆိုပါ သင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းမိတ်ဆက်ပွဲတွင် CVT Myanmar မှ ဒါရိုက်တာ ဒေါ်ယဉ်အေးက အမှာစကားပြောကြားပြီး ဘာသာရပ်ဆိုင်ရာဌာနမှူးများက သင်ကြားမည့် ဘာသာရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

စီးပွားရေးလုပ်ငန်းနယ်ပယ်အသီးသီးရှိ လူငယ်များ လုပ်စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အောင်မြင်ကျွမ်းကျင်သည့် အရည်အသွေးပြည့်ဝသော ဝန်ထမ်းများဖြစ်လာစေရန် အဆိုပါသင်တန်းကို ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်လျှင် ၁ ရက်ဖြင့် သုံးနှစ်တက်ရောက်ရမည်ဖြစ်ကြောင်း၊ သင်တန်းကို စဉ်ဆက်မပြတ်ဖွင့်လှစ်လျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တက္ကသိုလ်ဝင်တန်းအဆင့်ရှိ လူငယ်များ၊ စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

ကိုချစ်

အမျိုးသမီးအများစု မြန်မာဝတ်စုံဝတ်ဆင်မှု မြင့်တက်လာခြင်းကြောင့် နည်းပညာမြင့် ပန်းထိုးခြင်းလုပ်ငန်းများ ပိုမိုတွင်ကျယ်လာခဲ့ရာ ဖေဖော်ဝါရီ ၈ ရက်က တောင်ဥက္ကလာပစက်မှုဇုန်၌ ကွန်ပျူတာချည်ထိုးလုပ်ငန်းနှင့် အရောင်းဆိုင်ကို Lovisilk အမှတ်တံဆိပ်ဖြင့် Diamond Class ကုမ္ပဏီက ဖွင့်လှစ်ရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများက နည်းပညာမြင့်နောက်ဆုံးပေါ် ကွန်ပျူတာပန်းထိုးစက်ရုံနှင့် အရောင်းဆိုင်အတွင်း လိုက်လံကြည့်ရှုစဉ်။ (မြန်မာ့အလင်း)

ကျန်းမာရေးပညာပေးဟောပြောပွဲနှင့် သက်တူဆင့်တူ ပညာပေးစကားဝိုင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၉

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ညိုပင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျန်းမာရေးပညာပေးဟောပြောပွဲနှင့်သက်တူဆင့်တူ ပညာပေးစကားဝိုင်းကို ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေ ကျန်းမာရေးဦးစီးဌာနမှူးညွှန်ကြားရေးမှူး ဒေါက်တာလှလှကြည်၊ လယ်ဝေးမြို့နယ် ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာစုစုထွန်းတို့က တီဘီရောဂါ၊ သန့်လေးသန့်၊ ကိုယ်ဝန်ဆောင်စဉ် သတိပြုရမည့် အန္တရာယ်များ၊ သွေးလွန်တုပ်ကွေးရောဂါအကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ တက်ရောက်လာသောဒေသခံ ၁၅၀တို့ကို သက်တူဆင့်တူပညာပေးစကားဝိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုကိုရှုပ(နေပြည်တော်)

စဉ့်ကူးမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်း ၁၃၀၀၀၀ ကျော် ထုတ်ချေးပေးနိုင်

စဉ့်ကူး ဖေဖော်ဝါရီ ၉

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၄ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု ဘဏ်ချေးငွေများကို တစ်မြို့နယ်လုံး အပြီးသတ်ထုတ်ချေးပြီးစီးခဲ့ပြီဖြစ်ပြီး စုစုပေါင်း စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်း ၁၃၀၀၀၀ ကျော် ထုတ်ချေးနိုင်ခဲ့သည်။

ယခုနှစ် ဆောင်းသီးနှံများကိုတောင်သူများလက်ဝယ်သို့ ပုံမှန်ထက် နောက်ကျကာ ထုတ်ချေးပေးခဲ့ရသော်လည်း အမှန်စိုက်ဧကများ စိစစ်ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ချေးငွေများ ပိုမိုထုတ်ချေးပေးနိုင်ခဲ့ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

စဉ့်ကူးမြို့နယ် ရပ်ကွက်၊ကျေးရွာအုပ်စု ၃၆ အုပ်စုရှိ အစုအဖွဲ့ ၈၂၂ ၊ တောင်သူဦးရေ ၇၅၇၂ ဦးတို့ကို စိုက်ဧက ၇၆၅၀ ဧကအတွက် ငွေကျပ် သိန်းပေါင်း ၇၆၅၀ သိန်းကိုလည်းကောင်း၊ မြေပဲနှင့် အခြားသီးနှံစုံ စိုက်ဧက ၂၉၈၇၇ ဧကအတွက် ငွေကျပ်သိန်းပေါင်း ၅၉၇၅ ဒသမ ၄ သိန်းကိုလည်းကောင်း ထုတ်ချေးပေးနိုင်ခဲ့ပြီဖြစ်သည်။

ယခုအခါ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၄ ခုနှစ် မိုးစပါးချေးငွေမှာမူ ငွေကျပ် ၂၅၉၇၉ ဒသမ ၂ သိန်းထုတ်ချေးနိုင်ခဲ့ရာ ငွေကျပ်သိန်း ၁၀၉၇၅ သိန်း ကောက်ခံရရှိထားပြီး ရာခိုင်နှုန်းအားဖြင့် ၄၂ ဒသမ ၂၄ ရာခိုင်နှုန်းနှင့် ကြံသီးနှံချေးငွေ ကျပ်သိန်း ၆၉၇၁ သိန်း ထုတ်ချေးခဲ့ခြင်းအပေါ် ၃၄ ဒသမ ၅၅ ရာခိုင်နှုန်း ကောက်ခံရရှိထားပြီးဖြစ်ကြောင်း သိရသည်။ ကြံသီးနှံချေးငွေများ ထုတ်ချေးပေးထားသော တောင်သူများကို ယခုလနောက်ဆုံးထားပြီး ငွေပေးသွင်းကြရမည်ဖြစ်ကြောင်း သိရသည်။

ဝင်းမောင်(စဉ့်ကူး)

ငါးသရောက်မြို့နယ်အတွင်း ကျေးရွာစာကြည့်တိုက် စုပေါင်းဆောက်လုပ်

ငါးသရောက် ဖေဖော်ဝါရီ ၉

ညောင်ဦးခရိုင် ငါးသရောက်မြို့နယ် ရွာပုလဲကျေးရွာတွင် ဒေသခံပြည်သူများ စာပေဖတ်ရှုခြင်းဖြင့် အသိပညာများ တိုးပွားစေရေးအတွက် နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းနှင့် အလှူရှင်များ စုပေါင်းထည့်ဝင်ငွေဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်က စတင်တည်ဆောက်နေသည့် စာကြည့်တိုက်အဆောက်အအုံမှာ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကာ မကြာမီ အချောသပ်နိုင်ရန် ရည်ရွယ်ထားသည်။

အလျား ၂၄ပေ၊ အနံ ၁၄ ပေနှင့် အမြင့် ၁၂ ပေရှိ စာကြည့်တိုက်အဆောက်အအုံကို မြေနဲကျေးရွာမှ ဦးမြင့်ဆောင်နှင့်အဖွဲ့က တာဝန်ယူတည်ဆောက်ပေးလျက်ရှိပြီး ကျေးရွာဒေသခံများကလည်း ကျေးရွာအတွင်း စာကြည့်တိုက်အမြန်ဆုံးပေါ်ထွက်လာစေရေး ဝိုင်းဝန်းကူညီတည်ဆောက်ပေးလျက်ရှိကြောင်း ရွာပုလဲကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကံချွန်က ပြောကြားသည်။

ယခုလကုန်တွင် အချောသပ်နိုင်ရန် ရည်ရွယ်ထားပြီး စာအုပ်စာပေများ ပြည့်စုံစွာထားရှိရေးနှင့် ဒေသခံများ စာပိုမိုဖတ်ရှုသည့် အလေ့အထကောင်းများရရှိလာစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း စာကြည့်တိုက်ကော်မတီဝင်များထံမှ သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

ကမ္ဘာကျော် ဂုတ်ထိပ်တံတား

မောင်သာ(ရေးပေါင်းသုတေသန)

မန္တလေးမြို့မှ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့သို့ မီးရထားဖြင့်သွားကြသူတိုင်း နောင်ချိုဘူတာမှ (၇) မိုင်အလွန်၊ မိုင်တိုင်အမှတ် (၄၆၃/၀၉)ရောက်လျှင် ရင်သပ်ရှုမောဖွယ်ကောင်းလှသည့် ဂုတ်ထိပ်မီးရထားသံလမ်းတံတားကြီးကို ဖြတ်သန်းရမြဲ ဖြစ်ပါသည်။ ခရီးသွားသူတို့သည် ဂုတ်ထိပ်တံတားကို အကြိမ်မည်မျှပင် ဖြတ်သန်းသွားရသည်ဖြစ်ပါစေ ရိုးသွားသည်ဟုမရှိကြဘဲ လှပသောဝန်းကျင်ရှုခင်းများကြားမှ အံ့မခန်းထူးခြားသော တံတားကြီးကို စိတ်ဝင်တစားကြည့်ရှုကြစမြဲဖြစ်ပေသည်။ ပြည်တွင်းခရီးသည်များသာမက ပြည်ပခရီးသွားများသည်လည်း ယခင်ခေတ်များကတည်းက ဂုတ်ထိပ်တံတားကို လာရောက်ကြည့်ရှုလေ့ရှိခဲ့ကြသည်။

ယခုအခါတွင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ ယခင်ကထက်များပြားစွာ လာရောက်လည်ပတ်လျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက နိုင်ငံခြားသားခရီးသည်များအား ရထားစီးနင်းခကို ဒေါ်လာငွေဖြင့် မကောက်ခံတော့ဘဲ မြန်မာကျပ်ငွေဖြင့်သာ ကောက်ခံလျက်ရှိသည်။ ယခင်က မန္တလေးဂုတ်ထိပ်တံတား အသွားအပြန်ခရီးစဉ်အတွက် တစ်ဦးလျှင် ၈ ဒေါ်လာ ကောက်ခံခဲ့စဉ်ကပင် ဂုတ်ထိပ်သို့ လာရောက်ကြသူများ အများအပြားရှိခဲ့ရာ မြန်မာကျပ်ငွေဖြင့်သာ ကောက်ခံသော ယခုအချိန်တွင် လာရောက်ကြသူများ ပိုမိုများပြားလာလျက်ရှိပြီး ဂုတ်ထိပ်တံတားခရီးတွင် ပြည်ပဧည့်သည်များကို နေ့စဉ်လိုလိုမြင်တွေ့နေကြရပေသည်။ ဂုတ်ထိပ်တံတားသို့ မန္တလေးမှ လာကြသူများရှိသကဲ့သို့ အချို့ကလည်း ပြင်ဦးလွင်ဘူတာမှ စီးနင်းလိုက်ပါလေ့ရှိကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်ရှိ ဟိုကွတ်ကျေးရွာသည် မန္တလေးမြို့မှ အရှေ့မြောက် မိုင် ၆၀ အကွာတွင်တည်ရှိသည်။ အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို အုပ်စိုးထားစဉ် ၁၈၉၈ ခုနှစ်က ဟိုကွတ်သည် ရွာ ၄၈ ရွာကို အုပ်ချုပ်ရသော တိုက်နယ်ဌာနဖြစ်ခဲ့သည်။ ဟိုကွတ်ဟူသောအမည်မှာ ထိုနေရာတွင် မြစ်ချောင်းများ ငုပ်လျှိုးကွယ်ပျောက်၍သွားသည်ကို အစွဲပြု၍ခေါ်ခြင်းဖြစ်သည်ဟု မြန်မာ့စွယ်စုံကျမ်း အတွဲ(၃)တွင် ဖော်ပြထားပါသည်။ ထိုရွာအနီးတွင် နမ်းပဆေးမြစ်သည် မြေကြီးထဲသို့ ငုပ်လျှိုးသွားပြီး အခြားတစ်နေရာရောက်မှ မြစ်ကြောင်းပြန်ပေါ်လာသဖြင့် ထိုရွာကို မြန်မာတို့က နမ်းပဆေးမြစ် ငုပ်သွားသည့် ထိပ်နေရာဟုရည်ညွှန်းကာ ငုပ်ထိပ်ကျေးရွာဟု ခေါ်ခဲ့ကြသည်။ အချိန်ကာလရွေ့လျားလာသောအခါ ငုပ်ထိပ်မှ ဂုတ်ထိပ်ဖြစ်လာခဲ့သည်။ ၁၈၉၇ ခုနှစ်တွင် ဗြိတိသျှတို့သည် မန္တလေးမှကွမ်းလုံသို့ မီးရထားလမ်းဖောက်လုပ်ရန် စီစဉ်ကြရာမှ ဂုတ်ထိပ်ကျေးရွာတွင် ကမ္ဘာကျော်မီးရထားလမ်းကြီး တစ်ခု ပေါ်ပေါက်လာရန် အကြောင်းဖန်လာခဲ့ပေသည်။

ထိုစဉ်က မြန်မာနိုင်ငံအတွင်း မီးရထားပို့ဆောင်ရေးလုပ်ငန်းများကို တာဝန်ယူရသည့် ဗမာ့မီးရထားလမ်းကုမ္ပဏီ (Burma Railroad Company) တွင် ဗြိတိသျှနှင့် မြန်မာ အင်ဂျင်နီယာများ တာဝန်ထမ်းဆောင်ခဲ့ကြသည်။ ဗြိတိသျှအစိုးရသည် ၁၈၉၇ ခုနှစ်တွင် မန္တလေးမှဗန်းမော်သို့ မီးရထားလမ်းဖောက်ခဲ့ရာ မန္တလေးနှင့်ကွမ်းလုံကိုလည်း ရထားလမ်းဖောက်လုပ်ရန် လိုအပ်ကြောင်း တွေ့ရှိခဲ့ကြသဖြင့် ဂုတ်ထိပ်တံတားကိုဆောက်လုပ်ရန် စီစဉ်ခဲ့ကြသည်။ ကမ္ဘာပေါ်တွင် အမြင့်ဆုံးရထားလမ်းဖြစ်လာမည့် ဂုတ်ထိပ်တံတားကို တာဝန်ယူတည်ဆောက်ရန် ဗြိတိသျှအစိုးရက ဗမာ့မီးရထားကုမ္ပဏီကို တာဝန်ပေးခဲ့သည်။ ထို့ကြောင့် ၁၈၉၉ ခုနှစ်တွင် ဗမာ့မီးရထားကုမ္ပဏီက ဂုတ်ထိပ်တံတားကြီး ဖောက်လုပ်၊ ဆောက်လုပ်ရန် အမေရိကန်နိုင်ငံ ပင်ဆယ်လ်ဗေးနီးယားနှင့် မေရီလန်းစတီးကုမ္ပဏီတို့အား ငှားရမ်းခဲ့သည်။ သို့သော်လည်း တံတားကြီးကို ဦးစီးတည်ဆောက်သူမှာမူ ဗမာ့မီးရထားဌာနမှ အင်ဂျင်နီယာ Sir Arthur Rendel နှင့် ဗြိတိသျှ၊ မြန်မာအင်ဂျင်နီယာများပင် ဖြစ်ကြပေသည်။ အသုံးပြုသောပစ္စည်းများကို အမေရိကန်နိုင်ငံမှ တိုက်ရိုက်မှာယူတင်သွင်းခဲ့သည်။

ဂုတ်ထိပ်တံတားကြီး၏ ဒီဇိုင်းပုံစံကို ဗြိတိန်နိုင်ငံမှ ဆာအေအမ်ရင်း ဒဲလ်အင်ကုမ္ပဏီက ရေးဆွဲခဲ့သည်။ တံတားကြီးကို ထောက်ပင့်ထားသော သံတိုင်များအနက် အမြင့်ဆုံးတိုင်သည် ပေ ၃၂၀ မြင့်၍ အနိမ့်ဆုံးသံတိုင်မှာ ၄၅ ပေမြင့်သည်။ ဂုတ်ထိပ်တံတား၏ထူးခြားချက်မှာ အခြားသော တံတားကြီးများကဲ့သို့ မြစ်ချောင်းများကို ဖြတ်ကျော်ဆောက်လုပ်ထားခြင်းမဟုတ်ဘဲ ပေ ၃၀၀ ကျော်မတ်စောက်သည့် လျှိုကြီးနှစ်ခုကိုဖြတ်ကာ ခက်ခက်ခဲခဲတည်ဆောက်ထားခြင်းဖြစ်ပေသည်။

ဂုတ်ထိပ်တံတားသည် ပေ၂၂၆၀ ရှည်လျားပြီး တံတား၏ သံခြေတိုင်အချို့ကို အနိမ့်ဆုံးချောင်းမြောင်း ချိုင့်ဝှမ်းမြေပြင်မှ ပေ ၁၁၀၀ခန့်အမြင့်နေရာတွင် စိုက်ထူထားပေသည်။ တံတား၏ပျမ်းမျှအမြင့်သည် တံတားအောက်ရှိ လိုဏ်ဂူအောက်တွင် ဖြတ်သန်းစီးဆင်းနေသော မြစ်ရေပြင်မှ အထက် ပေ ၈၂၀ ဖြစ်ပြီး အမြင့်ဆုံးထောက်တိုင်နေရာရှိ မီးရထားသံလမ်းသည် အောက်မြေပြင်မှ ၃၃၅ ပေအမြင့်တွင် တည်ရှိနေပေသည်။ တံတားတစ်ခုလုံးအတွက် သံနှင့်သံမဏိ ၄၃၁၁ တန်၊ သံမှိုပေါင်းတစ်သန်း အသုံးပြုခဲ့ရသည်။ တံတားတိုင်ပေါင်း ၁၆ တိုင်ရှိရာ တံတားကြီး၏ အလယ်တိုင်များဖြစ်ကြသည့် တိုင်အမှတ် (၈)နှင့်(၉)သည် အမြင့်ဆုံးဖြစ်ကြသည်။

ဗြိတိသျှတို့သည် မန္တလေး-ကွမ်းလုံမီးရထားလမ်းကို ဖောက်လုပ်ခဲ့သည့် ရည်ရွယ်ချက်များတွင် ကမ္ဘာ့ခဲသိုက်ကြီးဟု ခေါ်ဆိုနိုင်သော နမ္မတူ ဘော်တွင်းမှ သတ္တုများကို သယ်ယူရေးသည် အဓိကအချက်တစ်ခုဖြစ်ခဲ့သည်။ ရထားလမ်းဖြတ်သန်းသွားမည့် ဂုတ်ထိပ်တံတားကို ဂုတ်ထိပ်ကျေးရွာရှိ ကျောက်ဂူကြီးနှစ်ခုပေါ်မှဖြတ်သန်းလျက် တောင်ထိပ်နှစ်ခုကို သွယ်တန်းဖောက်လုပ်ခဲ့ရသည်။ တံတားကြီး ဆောက်လုပ်မှုလုပ်ငန်းများကို ၁၈၉၉ ခုနှစ်တွင် စတင်ခဲ့ပြီး ၁၉၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်နေ့တွင်ပြီးစီးခဲ့ကာ ထိုခေတ်က ငွေကျပ် ၁၆၉၈၂၀၀ ကုန်ကျခဲ့သည်။ ၁၉၀၃ ခုနှစ်တွင် တံတားကြီးကို စတင်အသုံးပြုခဲ့သည်။

> **“ဂုတ်ထိပ်တံတား၏ထူးခြားချက်မှာ အခြားသော တံတားကြီးများကဲ့သို့ မြစ်ချောင်းများကို ဖြတ်ကျော်ဆောက်လုပ်ထားခြင်းမဟုတ်ဘဲ ပေ ၃၀၀ ကျော် မတ်စောက်သည့် လျှိုကြီးနှစ်ခုကိုဖြတ်ကာ ခက်ခက်ခဲခဲတည်ဆောက်ထားခြင်းဖြစ်”**

ပြည်တွင်းသတင်း

၂၀၁၅ ခုနှစ်၌ ရာဇဂြိုဟ်ဆည်တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမည်

ပုပ္ပါးသီရိမြို့နယ်တွင် အဆင့်မြင့်စက်ချုပ်သင်တန်းဆင်း

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈င/၃၅၆၀ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ကုန်အမှတ်တံဆိပ်ကြေညာခြင်း

Victory Jewellery Management Co., Ltd.

VJM

ဦးဇော်သိန်းထွန်း BA.LL.B.Advoate

Myanmar Prestige Legal and Financial Consulting Co., Ltd.

သစ်ပင်စိုက်လျှင်
တို့ဝန်းကျင်
စိမ်းစိုလှပ
ကြည်နူးရ

အများသိစေရန်

ပြည်တွင်းသတင်း

အစုရှယ်ယာဈေးကွက်ပေါ်ပေါက်လာရေးအသိပေးဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၉

ပုဂ္ဂလိကကဏ္ဍတွင် အများပိုင်ကုမ္ပဏီများပေါ်ပေါက်လာသည့်အခါ ကုမ္ပဏီများတွင် လိုက်နာရမည့် အချက်အလက်များ၊ တာဝန်ဝတ္တရားများကို အုပ်ချုပ်သူများအနေဖြင့် သိရန်လိုအပ်နေသေးသည့် စည်းကမ်းချက်များ၊ ဥပဒေများနှင့် အကောင်အထည်ဖော်လာနိုင်မည့် အခြေအနေများကို တိကျစွာ သိရှိနားလည်စေရန်အတွက် အများပြည်သူများအား အစုရှယ်ယာ ဈေးကွက်ပေါ်ပေါက်လာရေး ရှေးဦးစွာ အသိပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက ကုန်သည်၊ စက်မှု လက်မှုအသင်းချုပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲကို ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် စင်ကာပူအခြေစိုက် Berwin Leighton Paisner(BLP) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် UK နှင့် မြန်မာနိုင်ငံအကြား ကုမ္ပဏီများ လိုက်နာရမည့် အစိုးရမှ ပြဋ္ဌာန်းထားသော နည်းဥပဒေများ၊ အစုရှယ်ယာဈေးကွက်၊ Issuing Shares, Corporate Govermenceနှင့် Stock Exchange ဆိုင်ရာ နည်းဥပဒေများ၊ အစုရှယ်ယာဈေးကွက်တွင် ကြုံတွေ့ရမည့် ဘဏ္ဍာရေးဆိုင်ရာအခက်အခဲများ Pre- IPO Finacing နှင့် အောင်မြင်ရေးအတွက် နည်းလမ်းကောင်းများကို စင်ကာပူမှ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးတင်ပြခဲ့ကြသည်။

"ဒီမှာက အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေပဲ များနေပြီး အများပိုင်ကုမ္ပဏီက အလွန်နည်းပါးနေတာတွေ့ရတယ်။ နောက်ပိုင်း အများပိုင်ကုမ္ပဏီပေါ်လာရင် ပြည်သူလူထုကို အမြတ်အစွန်းနဲ့ အလားအလာတွေစည်းမျဉ်းတွေကို မှန်မှန်ကန်ကန် တင်ပြချပြနိုင်ဖို့လိုတယ်။ ကျင့်ဝတ်တွေကို ကြည့်ပြီး ပြည်သူတွေက ရင်းနှီးမြှုပ်နှံမှုတွေ ရှယ်ယာတွေထည့်ဝင်မှာ ဖြစ်တဲ့အတွက် ဒီကကုမ္ပဏီတွေအနေနဲ့ သိရှိဖို့ ချင့်ချိန်ရည်ရွယ်ချက်နဲ့ ကျင်းပတာပါ။ နောက်ထပ်လည်း ဒီလိုမျိုးကျင်းပသွားဖို့ အစီအစဉ်တွေရှိပါတယ်။ စင်ကာပူကရှေ့နေတွေ ကျွမ်းကျင်ပညာရှင်တွေက သင်တန်းပို့ချတာပါ" ဟု ကုန်သည်၊ စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောကြားသည်။

"စတော့အိတ်ချိန်းဆိုတာ မကြာခင် ဒီနိုင်ငံမှာ ထွန်းကားလာတော့မှာဖြစ်ပါတယ်။ အဲဒီအခါကြရင် အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေက ဦးဆောင်သူတွေအနေနဲ့ ပိုမိုဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ပြည်သူလူထုကို အလုပ်အကိုင်အခွင့်အလမ်းတွေသာမက အစုရှယ်ယာနဲ့ ပတ်သက်ပြီးတိကျတဲ့စည်းမျဉ်းတွေ ခိုင်မာမှုတွေအကြောင်း သေချာစွာမျှဝေပေးနိုင်မယ်ဆိုရင် ယုံကြည်မှုရှိပြီး ကောင်းမွန်တဲ့ရလဒ်တွေ ရရှိနိုင်မယ့်အကြောင်းကို အခုတက်ရောက်လာသူတွေ သိရှိနိုင်မှာဖြစ်ပါတယ်" ဟု Berwin Leighton Pasiner BLP မှ Corporate Senior Associate ဖြစ်သူက ပြောကြားသည်။

မြတ်စန္ဒီသင်းဇော်

သပိတ်ကျင်းမြို့နယ် ရွှေဥဒေါင်းဘေးမဲ့ကြိုးဝိုင်း တောဆင်ရိုင်း ၄၀၀ ကျော် နေထိုင်ကျက်စားလျက်ရှိ

ပြင်ဦးလွင် ဖေဖော်ဝါရီ ၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် အတွင်းရှိ ရွှေဥဒေါင်းဘေးမဲ့ကြိုးဝိုင်းသည် လွန်စွာတောနက်ပြီး တောအတွင်း၌ နေထိုင်ကျက်စားလျက်ရှိသော တောသတ္တဝါအမျိုးစုံလင်လှကြောင်း သိရသည်။

ရွှေဥဒေါင်းကြိုးဝိုင်းတွင် သမင်၊ ချေ ၊ဒရယ်၊ ဆတ်၊ တောမျောက်များနှင့် တောဆင်ရိုင်း အကောင် ၄၀၀ ကျော် နေထိုင်ကျက်စားလျက်ရှိနေကြောင်း သိရသည်။ တောဆင်ရိုင်းများသည် ကျောက်ကြီးရွာ၊ ကြာအင်းရွာ၊ အုန်းတကူးရွာပတ်ဝန်းကျင် အနီးတစ်ဝိုက်တွင် မကြာခဏလာရောက်လေ့ရှိကြပြီး လူတို့စိုက်ပျိုးထားရှိသော တောင်ယာစိုက်ခင်းများကို ဖျက်ဆီးစားသောက်လေ့ရှိကြသည်။

အဆိုပါ တောဆင်ရိုင်းများထဲ မှ ဟိုင်းဆင်ကြီးတစ်ကောင်နှင့် စွယ်စုံဆင်တစ်ကောင်တို့မှာ ဒေသခံတို့ကို မကြာခဏလာရောက်ဒုက္ခပေးလျက်ရှိကြောင်း၊ ဒေသခံတစ်ဦး၏ ပြောပြချက်အရသိရသည်။ ထို့ကြောင့်လည်း ၂၀၁၃ ခုတွင် သစ်တောဌာနမှ သစ်ဆွဲဆင်ယဉ်နှစ်ကောင်ဖြင့် တောရိုင်းဆင်ကြီးအား သွားရောက်ဖမ်းဆီးခဲ့ရာ အောင်မြင်မှုမရရှိခဲ့ဘဲ ဆင်ယဉ်တစ်ကောင်မှာ အစွယ်အချိုးခံလိုက်ရပြီး တစ်ကောင်မှာ အမြီးအကိုက်ခံလိုက်ရကြောင်း တွေ့ကြုံသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ဒေသခံများအနေဖြင့် တောင်ယာစိုက်ပျိုးခြင်း၊ အမဲလိုက်ခြင်း၊ သစ်ခုတ်ခြင်း၊ ကျောက်တူးခြင်းစသည့် လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြသော်လည်း တောရိုင်းဆင်များနှင့် ကြုံတွေ့ရခြင်း၊ တစ်ခါတစ်ရံ ဝက်ကာတောင်ဘက်မှ ခွေးအများနှင့် ကြုံတွေ့ရခြင်းများ ရှိကြောင်း သိရသည်။

ရွှေဥဒေါင်း ဘေးမဲ့ကြိုးဝိုင်းသည် ယခုအခါတွင် အလွန်ကြီးမားသော တောကြီးတစ်ခုအဖြစ် တည်ရှိနေပြီး ဒေသခံများမှ သစ်ခုတ်ခြင်း၊ တောင်ယာစိုက်ပျိုးခြင်း စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာပါက တောအတွင်း နေထိုင်ကျက်စားလျက်ရှိနေသော တောရိုင်းဆင်များ စားကျက်ကျဉ်းမြောင်းလာနိုင်ပြီး လူတို့ကို ပိုမိုဒုက္ခပေးလာနိုင်ကြောင်းနှင့် ယခုလက်ရှိအချိန်၌ပင် ညအခါ အနီးဝန်းကျင်၌ တောရိုင်းဆင်များ၏အော်ဟစ်သံများကို ညစဉ် ကြားနေရကြောင်း ဒေသတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းတစ်ဦး၏ ပြောပြချက်အရ သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆို ရေပေးရေးလုပ်ငန်းဖွင့်

ညောင်လေးပင် ဖေဖော်ဝါရီ ၉

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရဲလှကုန်းကျေးရွာ လက်တူးတွင်းကျယ် ရေပေးရေးလုပ်ငန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ စုံညီစွာ တက်ရောက်ခဲ့ကြသည်။

အဆိုပါ လက်တူးတွင်းကျယ်ကြောင့် ဒေသခံများ ရာသီမရွေးသန့်ရှင်းသောရေကို သုံးစွဲနိုင်သဖြင့် ကျန်းမာရေးအတွက်သာမကဘဲ ဒေသဖွံ့ဖြိုးရေးကိုပါ အထောက်အကူပြုနိုင်ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။ **(၁၃၈)**

ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို၊ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မိုးမောက် ဖေဖော်ဝါရီ ၉ (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် စီကော်ကျေးရွာ၌ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းမတည်ငွေနှင့် ကျေးရွာပြည်သူများ၏ စုပေါင်းလှူဒါန်းငွေဖြင့် ဆောက်လုပ်သော နေခြည်ဦးကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ယမန်နေ့ နံနက်ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပီတာဒွဲလ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆွတ်နောင်က စာကြည့်တိုက်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးပွင့်အထူးစီမံချက် မိဘပြည်သူများထံရှင်းလင်း

လားရှိုး ဖေဖော်ဝါရီ ၉

လားရှိုးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ မိုးပွင့်အထူးစီမံချက်နှင့်ပတ်သက်၍ မိဘပြည်သူများ သိရှိနိုင်ရန်အတွက် ဖေဖော်ဝါရီ ၆ ရက်ကဆုံကွယ်ကျေးရွာအုပ်စု၊ ဟိုပိတ်ကျေးရွာအုပ်စုနမ့်တွန်းကျေးရွာအုပ်စု၊ ကောင်းကြဲ (ပိတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတို့၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးဌာနမှူး ဦးလေးမောင်က နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု စာရင်းများ ထုတ်ပေးရန် ကျန်ရှိသူများအတွက် မိုးပွင့်အထူး စီမံချက်ဖြင့် ဆောင်ရွက်ပေးမည့် အကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)





ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၇၊ မြေကွက်အမှတ် ၁၄၂၊ မြေကွက်တည်နေရာအမှတ် ၁၄၂၊ အင်ကြင်းမြိုင်လမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးအောင်သန်း AA-၀၅၄၀၁၆အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် ၆၀/၂၀၁၄ တွင် ၂၅-၆-၂၀၁၄ ရက်ကချမှတ်သော စီရင်ချက်နှင့် တရားမဇာရီမှုအမှတ် ၇၈/၂၀၁၄ နှင့် ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့ကိုတင်ပြ၍ တရားရုံး(ကိုယ်စား) ဘီလစ် ဒေါ်လှဲ့လှဲ့ခိုင် ၁၃/တကန(နိုင်)၀၀၃၄၁၉မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တရားဝင်ဇနီးဖြစ်ကြောင်း ကြေညာခြင်း

ကျွန်မ မမူမူမြင့် ၁၂/တမန(နိုင်)၀၈၀၇၁၁ နှင့် မောင်ပိုင်သ ၁၄/မအပ(နိုင်)၂၁၄၆၆၆ တို့သည် ၃၁-၅-၂၀၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်တရားရုံး၌ လက်ထပ်ထိမ်းမြားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်မ မမူမူမြင့်သည် မောင်ပိုင်သ၏ တရားဝင်ဇနီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မမူမူမြင့်
၁၂/တမန(နိုင်)၀၈၀၇၁၁

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၁၀၀၄ Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော် ၅/မမန(နိုင်)၀၃၇၈၅၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ)

နှစ်ဦးသဘောတူ တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်ယဉ်ယဉ်မြင့် (ဘ)ဦးမြင့်ထွေး ၅/ကသန(နိုင်)၀၀၆၀၉၃ နှင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ် ၇၇ (ပထမထပ်) (ခေါင်းရင်းခန်း)နေ ဦးကျော်ဝင်းတင် (ဘ)ဦးခင်မောင် ၁၂/တမန(နိုင်)၀၃၆၆၆၆ တို့သည် ၁၅-၇-၂၀၁၂ ရက်တွင် စင်ကာပူနိုင်ငံ၌ မှတ်ပုံတင်စာချုပ်အမှတ်-၉၀၁၄၂၃ ဖြင့် တရားဝင်လက်ထပ်မှတ်ပုံတင်ရေးထိုးခဲ့ပြီးနောက် ကျွန်မ၏နေအိမ်တွင်လည်း မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ သံဃာတော်များအားပင့်ဖိတ်၍ လက်ထပ်မင်္ဂလာပြုလုပ်ခဲ့ပြီး၊ တရားဝင်အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ရာ သား မောင်ထိန်လင်းဟိန်း အသက် (၂နှစ် ၃လ)အား တရားဝင်ထွန်းကားခဲ့ပါသည်။

ယနေ့အချိန်အခါတွင် ကျွန်မဒေါ်ယဉ်ယဉ်မြင့် (ခေတ္တ-စင်ကာပူ)နှင့် ဦးကျော်ဝင်းတင် (ခေတ္တ-စင်ကာပူ)တို့သည် စိတ်သဘောထားချင်းတိုက်ဆိုင်ခြင်းမရှိတော့၍ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ ၆-၂-၂၀၁၅ ရက်တွင် တရားဝင်ကွာရှင်းပြတ်စဲခြင်း သဘောတူကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်မ ဒေါ်ယဉ်ယဉ်မြင့်နှင့် ဦးကျော်ဝင်းတင်တို့သည် အဆိုပါနေ့မှစ၍ တရားဝင်အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ယဉ်ယဉ်မြင့် (ဘ)ဦးမြင့်ထွေး ၅/ကသန(နိုင်)၀၀၆၀၉၃

ပြည်တွင်းသတင်း

တိုင်းဒေသကြီးအတွင်း အားကစားကွင်းသစ် ၁၀ ကွင်း ထပ်မံတည်ဆောက်သွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်း ဒေသကြီးအတွင်း ရွက်ပုန်းသီး အားကစားသမားများ အများအပြား ပေါ်ထွက်လာစေရန် ရည်ရွယ်လျက် လာမည့်ဘဏ္ဍာနှစ်အတွင်း အားကစားကွင်း ၁၀ ကွင်း တည်ဆောက်သွားရန် စီစဉ်ထားကြောင်း မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လာမယ့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထဲမှာ ရန်ကုန်မြို့မှာရှိတဲ့ အားကစားကွင်း ၁၀၀ ကို အဆင့်မြှင့်တင်သွားမည့်အပြင် ကွင်းသစ် ၁၀ ကွင်းကိုလည်း တည်ဆောက်သွားဖို့ စီစဉ်လျက်ရှိပါတယ်။ ဒီလို အဆင့်မြှင့်တင်မှုနဲ့ အားကစားကွင်းသစ်များ တည်ဆောက်သွားနိုင်ဖို့ ငွေကျပ်သိန်း ၇၀၀၀ သုံးစွဲသွားမှာဖြစ်ပါတယ်"ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

အဆိုပါအားကစားကွင်းသစ်များ တည်ဆောက်မည့်မြို့နယ်များတွင် မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ ဒဂုံမြောက်ပိုင်းနှင့် ဒဂုံတောင်ပိုင်း မြို့နယ်များပါဝင်ကြောင်း သိရသည်။

လက်ရှိ အားကစားကွင်းများ၌ ဘောလုံးအပြင် အခြား အားကစားနည်းများ ကစားနိုင်သည့် ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ ဘတ်စကက်ဘော စသော အားကစားနည်းများ ကစားနိုင်သည့် အားကစားရုံ၊ အားကစားအဆောက်အအုံများကိုလည်း တိုးချဲ့ တည်ဆောက်လျက်ရှိသည်။

မြန်မာ့အားကစားတွင် အဓိက အားဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ အားကစားသမားအများစု ပါဝင်လျက်ရှိရာ အားကစားနည်းမျိုးစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားပြိုင်ပွဲများ ကျင်းပသွားရန် စီစဉ်နေသကဲ့သို့ နိုင်ငံတကာ အဆင့်မီ အားကစားကွင်းသစ်များ၊ အားကစားရုံများ ပေါ်ထွန်းလာရန်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း အားကစားနည်းအလိုက် ပြိုင်ပွဲများ ကျင်းပလျက် အားကစားသမားကောင်းများ ပေါ်ထွက်လာရေး အားကစားဝန်ကြီးဌာနက ဦးဆောင်ကြိုးပမ်းလျက်ရှိသည်။

သတင်း-ကြည်တိုင်းအောင်
ဓာတ်ပုံ-သက္က

မြဝတီကုန်သွယ်ရေးဇုန် တည်ဆောက်ရေး လုပ်ငန်းကော်မတီ စတုတ္ထအကြိမ် စည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၉

မြဝတီကုန်သွယ်ရေးဇုန် တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ စတုတ္ထအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက်က ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းတို့ တက်ရောက်ကြသည်။ အခမ်းအနားတွင် ဒုတိယဝန်ကြီးက တည်ဆောက်ရေးကုမ္ပဏီများ ငွေ အကျေပေးသွင်းပြီးပါက မြေဂရန်ရရှိရေး တစ်ပြေးညီဆောင်ရွက်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်သွားရန်၊ တည်ဆောက်ဖော်ထုတ် ရန်ကျန်ရှိသောလုပ်ငန်းများကို ကုမ္ပဏီတစ်ခုချင်းအလိုက်အပြည့်အဝ အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန် Time Plan, Time Schedule များ အသေးစိတ်ရေးဆွဲတင်ပြရန်တို့ကို ပြောကြားခဲ့သည်။ ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ တည်ဆောက်ရေး ကုမ္ပဏီများက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သုံးခွမြို့တွင် ဆောင်းသီးနှံပဲတီစိမ်းများဖြစ်ထွန်းအောင်မြင်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် စိုက်ပျိုးထားသော သီးထပ်ဆောင်းသီးနှံပဲတီစိမ်းများမှာ ဖြစ်ထွန်းအောင်မြင်နေကြောင်း သိရသည်။ အချိန်အခါမဲ့မိုးကြောင့် ပဲစိုက်ပျိုးချိန်နောက်ကျသော်လည်း ရာသီဥတုအခြေအနေကောင်းမွန်မှုကြောင့် အထွက်နှုန်းကောင်းသော်လည်း ပဲဆွတ်ခူးချိန်တွင် လုပ်သားရှားပါးမှုကြောင့် ပဲဆွတ်ခူးချိန်ကျော်လွန်သွားမည်ကို စိုးရိမ်နေကြောင်း တောင်သူများထံမှ သိရသည်။ သုံးခွမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် သီးထပ်ဆောင်းသီးနှံပဲတီစိမ်း စိုက်ဧက ၁၂၉၁၉၅ ဧက၊ ပဲလွမ်း ဧက ၃၇၀၊ မြေပဲ ၁၁၉ ဧက၊ နေကြာ ၂၄ ဧက စိုက်ပျိုးထားကြောင်းသိရသည်။ **ကိုကျော်**

မြစ်ကြီးနားမြို့၌ မီးလောင်မှုဖြစ်ပွား

မြစ်ကြီးနား ဖေဖော်ဝါရီ ၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပလန(၁)ရပ်ကွက် နယ်မြေ(၄)ရှိကက်သလစ် အသင်းတော်ဝင်းရှိ IDP ကယ်ဆယ်ရေးစခန်း၌ ဖေဖော်ဝါရီ ၇ ရက် နံနက် ၅ နာရီ ၁၀ မိနစ်က မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှု ဖြစ်ပွားခဲ့ရာ မြို့နယ်မီးသတ်ယာဉ် လေးစီးနှင့် မြေမြင့်၊ ရမ်ပူရပ်ကွက်တို့မှ မီးသတ်ယာဉ်နှစ်စီး စုစုပေါင်း ခြောက်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီခွဲ ခန့်တွင် မီးငြိမ်းခဲ့ကြောင်းသိရသည်။

အဆိုပါ ကယ်ဆယ်ရေးစခန်းရှိ မီးဘေးသင့် အိမ်ထောင်စုများအား ပိတောက်မြိုင်ကျေးရွာ ကလေးသူငယ်ဖွံ့ဖြိုးရေးကျောင်း၌ ယာယီနေရာချထားပေးပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် ပြည်နယ်ဝန်ကြီးများ လာရောက်အားပေးကြကာ မိသားစုများအတွက် အန္တေးထည်များ၊ ဆန် ၂၉ အိတ်နှင့် ထောက်ပံ့ငွေများပေးအပ်ကြသည်။ မီးဘေးသင့်သူများအား ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှ Family Kit ၂၉ ဖာ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ မိသားစုသုံးပစ္စည်း ကိုးမျိုးပါ ၂၉ ဖာနှင့် ပြည်နယ်ပညာရေးမှ ကျောင်းသားများအတွက် စာရေးကိရိယာပစ္စည်းများအတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၈၇၂၈၇၆၇ သိန်း ပေးအပ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေးနှင့် မိသားစုဝင်များ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားများ ပြန်လည်ရရှိရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်က ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကျောင်းသားများ၏ ကျန်းမာကြံ့ခိုင်ရေးအထောက်အကူဖြစ်စေရန် အတန်းလိုက်ကျောင်းတွင်း ဘော်လီဘောအားကစားပြိုင်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အားကစားကွင်း၌ ကျင်းပစဉ်။ အိမ့်ထက်မှူး

နိုင်ငံဘက်စုံတည်ဆောက်ဖို့ မှန်မှန်ကန်ကန်အခွန်ပေးစို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

[illegible]

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၉၄၀၅၇ Kenbo 125 MC ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလင်း ၉/မနတ(နိုင်)၀၉၂၉၆၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

နိုင်ငံတကာအားကစား

စပိန်ဘုရင့်ဖလား အကြိုဗိုလ်လုပွဲ ပထမအကျော့စပြီ

မိုးမြင့်လင်းလက်

စပိန်ဘုရင့်ဖလား ဆီမီးဖိုင်နယ်ပထမအကျော့ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၁၂ ရက်မှာ ယှဉ်ပြိုင်ကစားတော့မှာဖြစ်ပါတယ်။ အမှားအယွင်းမခံတော့တဲ့ ဒီပွဲစဉ်တွေမှာတော့ ဘာစီလိုနာနဲ့ ဗီလာရီးရဲလ်ပွဲစဉ်က ကြည့်ကောင်းမယ့်ပွဲစဉ်ဖြစ်ပြီး ဗိုလ်လုပွဲအတွက် ဘယ်အသင်းအခွင့်သာသွားမလဲဆိုတာ စောင့်ကြည့်အားပေးရမှာ ဖြစ်ပါတယ်။

ဘာစီလိုနာနှင့် ဗီလာရီးရဲလ်

လာလီဂါမှာ ပူပူနွေးနွေးတွေ့ဆုံထားတဲ့ အသင်းတွေဖြစ်ပြီး ဗီလာရီးရဲလ်က ဦးဆောင်ဂိုးနှစ်ဂိုးသွင်းပြီးမှ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ပါတယ်။ ဗီလာရီးရဲလ်ရဲ့ လောလောဆယ် နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် ရှုံးပွဲတစ်ပွဲမှ မရှိခဲ့ပါဘူး။ အိမ်ကွင်း၊ အဝေးကွင်းတွေမှာ နိုင်ပွဲနဲ့သရေပွဲတွေချည်းရရှိခဲ့တာ ဖြစ်ပါတယ်။ ဗီလာရီးရဲလ်တို့က ဒီနှစ်မှာ ဥရောပဝင်ခွင့်မျှော်မှန်းနေပြီး ခြေစွမ်းကို ပုံစံကောင်းရရှိဖို့ ကြိုးစားနေတဲ့ အသင်းလည်း ဖြစ်ပါတယ်။ အသင်းလိုက်နဲ့ နေရာစုံကစားနိုင်မှုမှာတော့ ဘာစီလိုနာကို မယှဉ်နိုင်ပေမယ့် ပွဲတိုင်းခြေကုန်ထုတ်ပြီး စိတ်ဓာတ်မာမာနဲ့ ကစားတတ်တဲ့ ဗီလာရီးရဲလ်ကို လျှော့တွက်ရင် ဘာစီလိုနာတို့ နောင်တရရှိသွားနိုင်ပါတယ်။

ဘာစီလိုနာတို့ကတော့ စပိန်ဘုရင့်ဖလားကို မျှော်မှန်းနေတာမို့ လူအင်အားအပြည့်ထုတ်သုံးပါလိမ့်မယ်။ ဘာစီလိုနာဟာ နေရာလိုက်အကောင်းဆုံးကစားသမားတွေနဲ့ စုဖွဲ့ပြီး အိမ်ကွင်းမှာ ဗီလာရီးရဲလ်ကို ဧည့်ခံပါလိမ့်မယ်။

ဘာစီလိုနာဟာ ဗီလာရီးရဲလ်နဲ့ဆုံတိုင်း နိုင်ပွဲတွေချည်းရရှိအောင် ကြိုးစားနိုင်တဲ့အပြင် ဖိအားပေးကစားနိုင်မှုလည်းရှိနေခဲ့တာမို့ အခုပွဲဟာ ဘာစီလိုနာတို့ အနိမ့်ဆုံး နှစ်ဂိုးသွင်းပြီး အောင်ပွဲခံပါလိမ့်မယ်။

ဘီလ်ဘာအိုနှင့် အက်စ်ပန်ညို

ဘီလ်ဘာအိုတို့ကတော့ ကံကြမ္မာရဲ့ မျက်နှာသာပေးမှုကြောင့် အခုလိုအကြိုဗိုလ်လုပွဲကို တက်ရောက်လာခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဘီလ်ဘာအိုရဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် တစ်ပွဲသာရှုံးထားပြီး ရလဒ်ကောင်းတွေဖန်တီးပေးနိုင်တာတွေ့ရပါတယ်။ ဘီလ်ဘာအိုရဲ့ခြေစွမ်းက အမျိုးမျိုးပြောင်းလဲနေပြီး အတက်အကျလည်းမြန်တာမို့ သတိထားကစားမှ တော်ရုံကျပါလိမ့်မယ်။

အက်စ်ပန်ညိုတို့ကလည်း နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာရှုံးထားပြီး ရလဒ်ကောင်းတွေကို ဆောင်ကြဉ်းပေးထားနိုင်ပါတယ်။ ဒါပေမယ့် အဝေးကွင်းအားနည်းချက်ရှိနေတဲ့ အက်စ်ပန်ညိုဟာ ဒီပွဲကိုတော့ ပွဲကျပ်အဖြစ်ရင်ဆိုင်ရဖို့ရှိနေပါတယ်။ ပြိုင်ဘက်အသင်းရဲ့ ကစားအားကိုလိုက်ပြီး ကစားရှိန်အတက်အကျနဲ့ ပြောင်းလဲကစားနိုင်တဲ့ အက်စ်ပန်ညိုကို ဘီလ်ဘာအိုတို့ လျှော့မတွက်သင့်ပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံမှုမှတ်တမ်းကိုကြည့်ရင် အက်စ်ပန်ညိုတို့က သုံးပွဲနိုင်ပြီး တစ်ပွဲသရေကျကာ တစ်ပွဲရှုံးထားပါတယ်။ ဗလင်စီယာနဲ့ ဆီဗီလာတို့လိုအသင်းတွေကို ကျော်ဖြတ်လာတဲ့ အက်စ်ပန်ညိုရဲ့ ခြေစွမ်းကို ကြိုဆိုရမှာဖြစ်ပါတယ်။ ။

မန်စီးတီးဂိုးပေါက်ပျောက်နေတယ်လို့ဆိုတဲ့ နည်းပြ

စနေနေ့က ဟားလ်စီးတီးကို တစ်ဖက်တစ်ဂိုးစီ သရေသာ ကစားနိုင်ခဲ့တဲ့ မန်စီးတီးအသင်းဟာ အကြံတုံး ဉာဏ်တုံးဖြစ်နေတယ်လို့ နည်းပြ ပယ်ရီဂရင်နီက ပြောဆိုလိုက်ပါတယ်။ ဒေးဗစ်မေယာက ပွဲစပြီး ၃၅ မိနစ်အကြာမှာ ဟားလ်စီးတီးအတွက် ဦးဆောင်ဂိုးသွင်းနိုင်ခဲ့ပေမယ့် ဂျိမ်းမီနာရဲ့ လေလွင့်ချိန်ချေပဂိုးကြောင့် မန်စီးတီးတို့ သရေတစ်မှတ်ရခဲ့တာပါ။ ချန်ပီယံမန်စီးတီးဟာ လေးပွဲကစားရာမှာ တစ်ပွဲမျှအနိုင်မရခဲ့ပါဘူး။ ဒီအတွက် နည်းပြပယ်ရီဂရင်နီ စိတ်ပျက်စရာဖြစ်ခဲ့ရပါပြီ။ အခုဆိုရင် အမှတ်ပေးဇယား ဦးဆောင်နေတဲ့ ချယ်လ်ဆီးက ခုနစ်မှတ်အသာရထားတာတွေ့ရပါတယ်။ အမီလိုက်ဖို့တော်တော်ကြိုးစားရမယ့် အနေအထားပါပဲ။ “ကျွန်တော်တို့ ဂိုးပေါက်ရဖို့ ဂိုးသွင်းနိုင်ဖို့ အမြဲကြိုးစားနေတာလို့ထင်တာပဲ၊ အကြံမရှိတော့ပါဘူး”လို့လည်း နည်းပြက ဆိုပါတယ်။ မန်စီးတီးအသင်းဟာ ဂိုးရဖို့ကြိုးစားနေပေမယ့် တိုက်စစ်မပါဘဲ ဖြစ်နေပါတယ်။ ဘောလုံးပိုင်ဆိုင်မှုတွေများပေမယ့် ဂိုးမရဘဲဖြစ်နေပါတယ်လို့ ဆိုပါတယ်။ အာဖရိကဖလားပွဲကစားနေတဲ့ ယာယာတိုရေးမပါတာလည်း မန်စီးတီးအတွက် ဂိုးပေါက်ဖန်တီးနိုင်မှုအားနည်းခဲ့ရပါတယ်။

လီဗာပူးမှာ တောက်ပလာမယ့် ဂျော်ဒန်အီဘေး

လီဗာပူးအသင်းမှာ လိုအပ်နေတဲ့ တိုက်စစ်အတွက် တောင်ပံတိုက်စစ်မှူး တစ်ယောက်ပေါ်ထွန်းလာဦးမယ်လို့ နည်းပြရော်ဂျာက ပြောဆိုလိုက်ပါတယ်။ အဲဗာတန်နဲ့ပွဲမှာ ကစားသွားတဲ့ သူ့ရဲ့ကစားပုံက အတော်လေး ကျေနပ်စရာကောင်းတယ်လို့ နည်းပြရော်ဂျာက ဆိုပါတယ်။

အီဘေးဟာ လီဗာပူးအတွက် ဒုတိယမြောက်အစပွဲကစားခဲ့ရတာဖြစ်ပါတယ်။ ဒီပွဲမှာ သူ့ရဲ့အနီးကပ်ဂိုးကန်သွင်းမှုဟာ ဂိုးဝင်လုနီးပါးဖြစ်ခဲ့ပြီး တိုင်ထိပြန်ထွက်ခဲ့တဲ့အတွက် သရေပွဲနဲ့ပဲ အဆုံးသတ်ခဲ့ပါတယ်။ အီဘေးကို ချန်ပီယံရှစ်ကလပ် ဒါဘီကောင်တီမှာ အငှားချထားရာမှ ပြန်လည်ခေါ်ယူကစားခဲ့တယ်လို့ ဆိုပါတယ်။

အသက် ၁၉ နှစ်အရွယ်သာရှိသေးတဲ့ အီဘေးဟာ ချန်ပီယံရှစ်မှာလည်း ခြေစွမ်းပြကစားနေတဲ့ တောင်ပံတိုက်စစ်မှူးဖြစ်ပါတယ်။ သူဟာ ဘောလုံးနည်းစနစ်ပိုင်းအတော်လေးကောင်းတဲ့ ကစားသမားဖြစ်တယ်လို့လည်း ရော်ဂျာက ထပ်လောင်းပြောဆိုပါတယ်။ သူဟာ နည်းပြစတီမက္ကလာရင်လက်အောက်မှာ ထူးချွန်လာတဲ့ကစားသမားတစ်ဦးဖြစ်ပြီး ကောင်းမွန်တဲ့အသင်းအတွက် တောက်ပလာမယ့် ကြယ်တစ်ပွင့်လို့ ဆိုနိုင်ပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်

ရီးရဲမက်ဒရစ်ရဲ့ အဆိုးဆုံးရလဒ်

ရီးရဲမက်ဒရစ်နဲ့ လက်ရှိချန်ပီယံအက်သလက်တီကိုတို့ရဲ့ ပြိုင်ပွဲမှာ ရီးရဲမက်ဒရစ်က လေးဂိုးပြတ်နဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်။ ဒီရလဒ်ဟာ ရီးရဲမက်ဒရစ်ရဲ့ သမိုင်းမှာတော့ အဆိုးဆုံးရလဒ်ပါပဲလို့ နည်းပြအန်ဆယ်လော့တီက ပြောဆိုလိုက်ပါတယ်။ လေးနှစ်အတွင်းမှာ ရီးရဲမက်ဒရစ်ရဲ့ အဆိုးရွားဆုံး ရှုံးနိမ့်မှုလို့ ဆိုပါတယ်။ အက်သလက်တီကိုက ပိုကောင်းနေတာကြောင့် ဒီပွဲကို ဘယ်လိုသုံးသပ်ရမှန်းတောင်မသိတော့ဘူးလို့ နည်းပြအန်ဆယ်လော့တီက ဆိုပါတယ်။ လက်ရှိချန်ပီယံအက်သလက်တီကိုအသင်းဟာ ဒီပွဲမှာ အနိုင်ရလိုက်တဲ့အတွက် ခြောက်ပွဲဆက်တိုက်အနိုင်ရမှုကို ရရှိခဲ့ပါတယ်။

အင်္ဂလန်အသင်းကို စပါးကစားသမားတွေနဲ့ဖွဲ့သင့်

အင်္ဂလန်နည်းပြရှိုင်းဟော့ဆင်အနေနဲ့ စပါးတိုက်စစ်မှူး ဟာရီကိန်းပတ်ဝန်းကျင်က ကစားသမားတွေနဲ့ ဖွဲ့သင့်တယ်လို့ စပါးကွင်းလယ်ကစားသမားဟောင်း ဒန်နီမာဖီက ပြောဆိုလိုက်ပါတယ်။ ဟာရီကိန်းဟာ အာဆင်နယ်ကို စပါးက နှစ်ဂိုး-တစ်ဂိုးနဲ့အနိုင်ရတဲ့ပွဲမှာ နှစ်ဂိုးစလုံးကို သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အင်္ဂလန်အသင်းအနေနဲ့ အသက် ၂၁ နှစ်အရွယ်ရှိတဲ့ ကိန်းကိုရွေးသင့်ကြောင်း အာဆင်နယ်နည်းပြဝင်းဂါးက ပြောဆိုလိုက်ပါတယ်။ သူဟာ ယခုနှစ်ရာသီမှာ ၃၄ ပွဲကစားပြီး ၂၂ ဂိုးအထိ သွင်းယူထားသူဖြစ်ပါတယ်။

မွေးနေ့မင်္ဂလာ တောင်းဆုပန်လွှာ

